# လှပသောစကားလုံးများနှင့် အကျည်းတန်ရုပ်ဆိုးသောလုပ်ရပ်များ

## အာရှအဝေးပြေးလမ်းမကြီး



ကရင်ပြည်နယ်၊ မြန်မာနိုင်ငံ

# ကျေးဇူးတွင်လျှာ

ပထမဦးဆုံးအနေဖြင့် ကြောက်ရွံ့စိုးရိမ်မှုများကြားကခါးသီးသော မိမိအတွေ့အကြုံများကို ဝေမျှဖလှယ်ပေးခဲ့သည့် ဒေသခံလူထုအားလုံးကိုကျွန်ုပ်တို့အထူးတင်ရှိသလို ၎င်းတို့နှင့်ထပ်တူစိတ်ထိခိုက်ဝမ်းနည်းရပါကြောင်းပြောကြားလိုပါသည်။ ဤအစီရင်ခံစာဖြစ်မြောက်ရေးအတွက် မိမိ၏အသက်အန္တရာယ်ကို ပဓာနမထားဘဲ အာရှလမ်းမတစ်လျှောက်ရှိ ရွာသူရွာသားများနှင့် တွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့သော THWEE လူထုဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်မှ အဖွဲ့ဝင်များ အား KHRG နှင့် KESAN အနေဖြင့် လိုက်လိုက်လှဲလှဲ ကျေးဇူးတင်ကြောင်းပြောကြားလိုပါသည်။ THWEE ၊ KHRG နှင့် KESAN တို့သည် ဤအစီရင်ခံစာနှင့်ပတ်သက်ပြီး ဥပဒေပိုင်းဆိုင်ရာ သုံးသပ်မှုများဖြင့်အားဖြည့်ကူညီပေးခဲ့သည့် International Senior Lawyers Program၊ အချက်အလက်များ ကောက်ယူရာတွင်သော်လည်းကောင်း၊ အစီရင်ခံစာပြုစုရာတွင်သော်လည်းကောင်း၊ ပုံနှိပ်ထုတ်ဝေရာတွင်သော်လည်းကောင်း၊ ပါဝင်ကူညီအားဖြည့်ပေးခဲ့သော Anya Chang Depuy ၊ Jared Naimark နှင့် Nick Lo၊ တို့ပြင် အစီရင်ခံစာဖြစ်မြောက်ရေးအတွက် ငွေကြေးထောက်ပံ့ပေးခဲ့သော The Border Consortium (TBC) နှင့် ပေါင်းကူးအဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်လိုပါသည်။

*မျက်နှာဖုံးဓါတ်ပုံ - ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (ဒီကေဘီအေ) နှင့် ကရင်ပြည်နယ် နယ်ခြားစောင့်တပ်တို့အကြား တိုက်ပွဲဖြစ်ပွား နေစဉ်အတော အတွင်းအာရှအဝေးပြေးလမ်းမပေါ်တွင် ကင်းလှည့်နေသော နယ်ခြားစောင့်တပ်ကိုတွေ့ရစဉ်။ (ဓါတ်ပုံ - KHRG)*

*နောက်ကျောဓါတ်ပုံ - သင်္ကန်းညီနောင်နှင့် ကော့ကရိတ်အကြားရှိ အာရှလမ်းမ (AH1) အပိုင်းကိုတွေ့ရစဉ်။ (ဓါတ်ပုံ - KHRG)*

# မာတိကာ


| | | |
|---|---|---|
| I | နိဒါန်း | ၃ |
| II | အဓိကကျသည့်တွေ့ရှိချက်များ | ၅ |
| III | မြေပုံများ | ၈ |
| IV | သုတေသနပြုသည့်နည်းနာ | ၉ |
| V | သက်နင်းညီနောင်မှကော့ကရိတ်သို့ဖောက်လုပ်ထားသည့် အာရှအဝေးပြေးလမ်းမသစ်ပေါ်က လူ့အခွင့်အရေး ချိုးဖောက်မှုများ | ၁၀ |
| VI | အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ ကော့ကရိတ် - အိန္ဒိုလမ်း အပိုင်းကိုအဆင့်မြှင့်ဆောက်လုပ် မည့် စီမံကိန်းနှင့် စပ်လျဉ်း၍ အလွန်အမင်း စိုး ရိမ်ချက်များ | ၁၈ |
| VII | မြန်မာ့ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ပြန်လည်နေရာချထားရေး အစီအစဉ်သည် ငွေကြေးပုံစံ လျော်ကြေးပေးခြင်းကို လွဲမှားစွာ ဦးစားပေးဆောင်ရွက်သည်။ | ၃၂ |
| VIII | မြန်မာ့ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အဆိုပြုထားသော မကျေနပ်ချက်တိုင်ကြား ဖြေရှင်းပေးခြင်းလုပ်ငန်းယန္တရားသည် လုံလောက်မှုနှင့် ရှင်းလင်း ပြတ်သားမှုမရှိ။ | ၃၆ |
| IX | ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်အရပ်ပြည်သူလူထု၏လုံခြုံရေးကို ထိခိုက်ခြင်း | ၃၉ |
| X | နိဂုံး | ၄၆ |
| XI | အကြံပေးချက်များ | ၄၈ |
| မှတ်တမ်း | ကရင်ပြည်နယ်အတွင်းရှိ အာရှအဝေးပြေးလမ်းမအနီး ဖြစ်ပွားခဲ့သော ပဋိပက္ခ မှတ်တမ်းများ | ၅၂ |

# I
# နိဒါန်း

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့် ထိုင်းနိုင်ငံ၏ "အိမ်နီးခြင်းနိုင်ငံများစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ" (NEDA) တို့သည် မြန်မာပြည်တောင်ပိုင်း၊ ကရင်ပြည်နယ်အတွင်း အဝေးပြေးလမ်း မဖောက်လုပ်မှုအတွက် ငွေကြေးထောက်ပံ့ပေးနေသည်။ ထိုဒေသသည် ပြည်တွင်းစစ်ကြာရှည်စွာဖြစ်ပွားရာ နေရာဖြစ်သည်။ စီမံကိန်း၏ရည်ရွယ်ချက်သည် မဟာမဲခေါင်ဒေသခွဲ၏အထင်ကရစီမံကိန်းတစ်ခုဖြစ်သည့်အရှေ့-အနောက်စီးပွားရေးစင်္ကြံ (EWEC) နှင့် အမှတ် (၁) အာရှအဝေးပြေးလမ်းမ (AH1) အကြားလစ်ဟာနေသော ချိတ်ဆက်မှုကို ဆက်သွယ်ရန်ပင်ဖြစ်သည်။ စီမံကိန်းများသည် ကရင်ပြည်နယ်အတွင်း ကရင်ပြည်နယ်နှင့် ရန်ကုန်မြို့အကြား၊ ထိုင်းနှင့် မြန် မာအကြား၊ ထိုမှတစ်ဆင့်တောင်အာရှနှင့်အရှေ့ တောင်အာရှ ဒေသတစ်ခွင် ဆက်သွယ်သွားလာမှုပိုမိုတိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်သည်။

"အိမ်နီးခြင်းနိုင်ငံများစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ" (NEDA) သည် ထိုင်းနိုင်ငံနယ်စပ်၊ သင်္ကန်းညိုနောင်မှ ကော့ကရိတ်မြို့သို့ ဖြောင့်တန်းစွာဖောက်လုပ်ထားသည့် အဝေးပြေးလမ်းမသစ်အတွက် ငွေကြေးထောက်ပံ့ပေးခဲ့သည်။ လမ်းတည်ဆောက် မှုပြီးစီးသွားသည့်နောက် အများပြည်သူအသုံးပြုနိုင်ရန် အဝေးပြေးလမ်းမသစ်ကို ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် တရားဝင်ဖွင့်လှစ်ပေးခဲ့သည်။ ဤစီမံကိန်းကြောင့် ထိုင်းနှင့်မြန်မာနိုင်ငံအကြား လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာသလို တစ်ဖက်၌ စီမံကိန်းတွင် သင့်လျော်သောတိုင်ပင်ညှိနှိုင်းမှု သို့မဟုတ် လုံလောက်သော/ကျေနပ်လောက်သော လျော်ကြေးငွေမပေးပဲရွာသူရွာသားများထံမှ မြေယာများနှင့်ပိုင်ဆိုင်မှုများကို အတင်းအကျပ်သိမ်းယူခဲ့သည်များရှိခဲ့ကာ ယခုအစီရင်ခံစာကထိုအချက် အလက်များကို မှတ်တမ်းတင်ထားသည်။ လက်ရှိတွင် အာရှဖွံ့ဖြိုးရေး ဘဏ် (ADB)သည် ကော့ကရိတ်မှအိန္ဒြူအကြား လက်ရှိရှိပြီးသားအဝေး ပြေးလမ်းမကို အဆင့်

မြှင့်ရန်အတွက် ငွေကြေးထောက်ပံ့နေပြီး၊ ၂၀၁၆ ခုနှစ်အတွင်း ဆောက်လုပ်မှုများ စတင်မည်ဖြစ်သည်။ စီမံကိန်းကြောင့် သက်ရောက်မှုခံရနိုင်သည့် ဒေသခံလူထု၏အခွင့်အရေးများကို အကာအကွယ်ပေးရန် ကတိပြုထားသော်လည်း အာရှဖွံ့ဖြိုးရေးဘဏ် (ADB) သည် NEDA ကဲ့သို့ လူ့အခွင့်အရေးချိုးဖောက်မှုများကို ဦးတည်နေသည့် အလားတူအမှားမျိုးကို ထပ်မံကျူးလွန်နိုင်သည့် အလားအလာများရှိနေသည်။

ထို့ပြင်လွန်ခဲ့သည့်နှစ်အတွင်း အဆိုပါစီမံကိန်းဧရိယာအတွင်း ဒီကေဘီအေ[1] နှင့် မြန်မာအစိုးရတပ်/နယ်ခြားစောင့်တပ်အကြား တိုက်ပွဲများကြိမ်ဖန်များစွာဖြစ်ပွားခဲ့သည်။ စီးပွားရေးအရအကွက်ကျပြီး ငွေဝင်ရလွယ်သောအဝေးပြေးလမ်းမသစ်ကို အပြိုင်အဆိုင်ထိန်းချုပ်နိုင်ရန် အားပြိုင်မှုများကြောင့် တိုက်ပွဲများဖြစ်ပွားရပြီး၊ အကျိုးဆက်အဖြစ် နဂိုကတည်းကပင်ထိလွယ်ရှလွယ်ဖြစ်သည့် ကရင်ပြည်နယ်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မတည်မငြိမ်ဖြစ်စေပြီး ပြည်သူလူအတွက် လုံခြုံမှုကင်းမဲ့စေသည်။

ထို့ကြောင့် ဤအစီရင်ခံစာ၏ ရည်ရွယ်ချက်မှာမဖြေရှင်းရသေးသည့်လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ကရင်ပြည်နယ်အတွင်း အဝေးပြေးလမ်းမဖောက်လုပ်မှုကြောင့် ဖြစ်ပွားရသည့် ပဋိပက္ခများ၏စိုးရိမ်ဖွယ်ရာအခြေအနေများကိုဖော်ပြရန်နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့် ၎င်း၏ လုပ်ဖော်ကိုင်ဖက်များ နောက်ထပ်အဆင့်မြှင့်တင်မည့် အဝေးပြေးလမ်းမတိုးချဲ့ရေးပြင်ဆင်ရာတွင် အလားတူအမှားများကို ကျူးလွန်ခြင်းမှရှောင်ကြဉ်နိုင်စေရေးအတွက်ဖြစ်သည်။

# II
# အဓိကကျသည့်တွေ့ရှိချက်များ

၁။ ထိုင်းနိုင်ငံကငွေကြေးထောက်ပံ့၍ သက်န်းညီနောင်နှင့်ကော့ကရိတ်အကြားဖောက်လုပ်ထားသည့် အာရှအဝေးပြေးလမ်းမသစ်သည် ယခုအခါနောက်ဆက်တွဲအကျိုးဆက်များကိုခံစားနေရသည့် ဒေသခံလူမှုအသိုင်းအဝိုင်း၏ FPIC ခေါ် အချိန်မီကြိုတင်သတင်းအချက်အလက်ရရှိကာ လွတ်လပ်စွာသဘောထားပေးပိုင်ခွင့်ကို သိသိသာသာချိုးဖောက်ခဲ့သည်။

- အကျိုးအဆက်ခံစားရသည့်ရွာသူရွာသားများသည် စီမံကိန်းနှင့်ပတ်သက်၍ အသိပေးခြင်း သို့မ ဟုတ် ဆွေးနွေးတိုင်ပင်ခြင်းကို မည်သည့်အခါမှမရရှိခဲ့ပဲ လမ်းဖောက်လုပ်ရေးလုပ်ငန်းစတင်သည့် အခါမှပင် စီမံကိန်းအကြောင်းကို သိခဲ့ရသည်။
- အနည်းဆုံးအိမ်ထောင်စု (၁၇) စုသည် ကရင်ပြည်နယ်အစိုးရက ထုတ်ပြန်သောအမိန့်ကြောင့် ထိုက်တန်သည့်လျော်ကြေးများမရရှိပဲ ၎င်းတို့၏မြေယာများနှင့်ပိုင်ဆိုင်မှုများကို မိမိဆန္ဒမပါဘဲ အတင်းအဓမ္မစွန့်လွှတ်ခဲ့ရသည်။
- စီမံကိန်းအတွက် ကနဦးသဘာဝပတ်ဝန်းကျင်ဆိုင်ရာစူးစမ်းလေ့လာမှု (IEE) နှင့် ပတ်သက်၍သော်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုဆန်းစစ်အကဲဖြတ်ချက် (EIA) နှင့်ပတ်သက်၍သော်လည်းကောင်း၊ လုပ်ဆောင်ထားသည်ဟူသော သက်သေအချက်အလက်များကို လူသိရှင်ကြား ထုတ်ဖော်ချပြထားခြင်းမရှိခဲ့ချေ။
- စီမံကိန်း၏အကျိုးဆက်အဖြစ် ဖြစ်ပွားသောသဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုမှတစ်ဆင့် ရွာသူရွာသားများ၏ စိုက်ပျိုးမြေများပျက်စီးရသော်လည်း လျော်ကြေးပေးဆောင်ခြင်းများ မရှိခဲ့ချေ။
- ရေဆင်းပိုက်လိုင်းတပ်ဆင်မှုစနစ်အားနည်းခြင်းကြောင့် တစ်ဖက်တွင်ရေအလွန်များနေပြီး ကျန်တစ်ဖက်တွင် ရေအလုံအလောက်မရခြင်းကြောင့် လမ်းဖောက်လုပ်ရာလမ်းနံဘေးတစ်ဖက်တစ်ချက်ရှိလယ်မြေများတွင် စပါးထွက်နှုန်းကျဆင်းလာခဲ့ သည်။
- စီမံကိန်းအကျိုးဆက်ခံစားရသူများသည် ၎င်းတို့၏နစ်နာဆုံးရှုံးမှုများအတွက် မျှတမှုမရှိသော လျော်ကြေးငွေကို လက်ခံရန် အတင်းအဓမ္မဖိအားပေးခြင်း ခံရသည်။
- လျော်ကြေးငွေမည်သည့်ပမာဏလက်ခံရရှိမည်ဆိုသည်နှင့်ပတ်သက်၍ရွာသူရွာသားများနှင့်ဆွေးနွေးတိုင်ပင်ခြင်းသော်လည်းကောင်း၊ အကြံဉာဏ်ရယူခြင်းသော်လည်းကောင်း၊ မရှိခဲ့ပါ။ လျော်ကြေးငွေပမာဏကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ကြိုတင်သတ်မှတ်ထားပြီးဖြစ်သည်။

- ထိခိုက်မှုကိုလျော့ပါးစေရန်နှင့် စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုကို ရင်ဆိုင်ခံစားရသူများ၏အခွင့်အရေးများကို ကာကွယ်ပေးနိုင်ရန်အတွက် လူထုမကျေနပ်ချက်နှင့်တင်ပြချက်များကို လက်ခံဖြေရှင်းသည့်လုပ်ထုံးလုပ်နည်းစနစ်များ ဖွဲ့စည်းထားပေးခြင်းမရှိ။
- မြေယာဆုံးရှုံးသူများအတွက် ပြန်လည်နေရာချထားသည့် အစီအစဉ်လည်းမရှိပါ။
- စီမံကိန်းကြောင့် မြေယာဆုံးရှုံးကာ အသက်မွေးဝမ်းကြောင်းလုပ်ငန်းထိခိုက်ပျက်စီးရသော မြေယာကိုသာအဓိကမှီခိုအားထားနေရသည့် လယ်သမားများအတွက်၊ မြေယာအစားထိုးပြန်ပေးသည့် စီစဉ်မှုများမရှိပါ။
- လမ်းစီမံကိန်းကြောင့် နေအိမ်ပျက်ဆီးဆုံးရှုံးလိုက်ရသည့်လူထုနှင့် တွေ့ဆုံညှိနှိုင်းတိုင်ပင်ခြင်း သို့မဟုတ် ၎င်းတို့အတွက် ပြန်လည်အခြေချသည့်အစီအစဉ်များပြုလုပ်ပေးခြင်းမရှိပါ။

၂။ ကော့ကရိတ် - အိန္ဒြီအကြားအဝေးပြေးလမ်းမကို တိုးချဲ့အဆင့်မြှင့်သွားမည့်စီမံကိန်းတွင် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့်မြန်မာ့ဆောက်လုပ်ရေးဝန်ကြီးဌာနသည် အလားတူအမှားများကိုထပ်မံကျူးလွန်မည့် အခြေအနေတွင်ရှိသည်။

- စီမံကိန်းနှင့်ပတ်သက်၍ ရွာသူရွာသားများကို ကျိုးကြောင်းဆီလျော်စွာ အသိပေးခြင်းသို့မဟုတ် ညှိနှိုင်းတိုင်ပင်ဆွေးနွေးခြင်းမရှိခဲ့ပါ။ ဒီဇင်ဘာလ (၂) ရက်မှ (၅) ရက်နေ့အတွင်း ဆောင်ရွက်ခဲ့သောညှိနှိုင်းအစည်းအဝေးသည် စီမံကိန်း၏အကျိုးသက်ရောက်မှုခံစားရသည့်ရွာ စုစုပေါင်း (၁၆) ရွာများအနက် ကျေးရွာ (၆) ရွာနှင့်သာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါအစည်းအဝေးတွင် အာရှဖွံ့ ဖြိုးရေးဘဏ် (ADB) က စီမံကိန်းကြောင့် ထိခိုက်နစ်နာမည့်ရွာသူရွာသားများအနေဖြင့် (စာအိတ်တွင် ထည့်ထားသော) လျော်ကြေးကိုရရှိမည်ဖြစ်ဟုပြောခဲ့သော်လည်း အဆိုပါလျော်ကြေးကို မည်သူကတာဝန်ယူပေးသွားမည်ကိုမူ တိတိကျကျရှင်းလင်းပြောကြားခြင်းမရှိခဲ့ပါ။
- လျော်ကြေးနှင့် ပြန်လည်နေရာချထားရေးနှင့်ပတ်သက်ပြီး အာရှဖွံ့ဖြိုးရေးဘဏ်က တိုက်ရိုက်ကိုင်တွယ်ဆောင်ရွက်သွားမည်မဟုတ်ဟု ၎င်း၏ကိုယ်စားလှယ်တစ်ဦးကဆိုသည်။
- ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၇၊ ၁၈၊ နှင့် ၁၉ ရက်များတွင် လိုနန်းရော်၊ ငတိန်၊ ဝဲကရင်ကျေးရွာသုံးရွာ၌သာ လူထုနှင့်ဆွေးနွေးတိုင်ပင်ညှိနှိုင်းမှုများကို ပြုလုပ်ခဲ့သည်။ ဤသည်မှာ လုံလောက်သော လူထုတွေ့ဆုံညှိနှိုင်းမှုပြုလုပ်ခြင်းမဟုတ်ပါ။
- အစိုးရ၏ လမ်းနယ်နိမိတ်အသစ်သတ်မှတ်ချက်အောက်တွင် မြေယာဆုံးရှုံးမည့်ပြည်သူအရေအတွက်မည်မျှရှိမည်ကို ရှင်းရှင်းလင်းလင်း မသိရပါ။ ADB ၏ ပြန်လည်နေရာချထားရေးအစီအစဉ်သည် လမ်းတိုးမြင့်ဆောက်လုပ်မှုအတွက် သာဖြစ်ပြီး လမ်းနယ်တိုးချဲ့မှုအတွက် မပါရှိပါ။

- အာရှဖွံ့ဖြိုးရေးဘဏ် (ADB) သည်  ပြန်လည်နေရာချထားရေးနှင့် လျော်ကြေးငွေပေးအပ်ခြင်း လုပ်ငန်းစဉ်ကဲ့သို့သော အလွန်အရေးကြီးပြီး အမှားခံ၍မရသည့်လုပ်ငန်းများကို မြန်မာ့ဆောက်လုပ်ရေးဝန်ကြီးဌာနလက်ထဲသို့ ယုံယုံကြည်ကြည်အပ်နှံထားသည်။

- ၂၀၁၅ မုစတင်ကာ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) သည် စီမံကိန်းနှင့်ပတ်သက်ပြီး အစီစဉ်နှင့် နည်းဗျူဟာများရေးဆွဲချမှတ်ခဲ့သော်လည်း လျော်ကြေးပေးဆောင်မှုလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး စီမံကိန်းကြောင့်ထိခိုက်မည့်လူထုအား  ရှင်းလင်းတိကျစွာ ချပြပေးခြင်း မရှိ။


၃။ ငြိမ်းချမ်းရေးသဘောတူညီချက်များကို ပြည့်ပြည့်ဝဝမရရှိခင်အချိန်တွင် စီမံကိန်းကိုအကောင်အထည် ဖော်ခြင်းကြောင့် အကျိုးအဆက်အဖြစ် အာရှအဝေးပြေးလမ်းမအပေါ် ထိန်းချုပ်ပိုင်ခွင့်ရရှိရေးနှင့်စပ်လျဉ်း၍ လက်နက်ကိုင်အစုအဖွဲ့များအကြား တင်းမာမှုများမြင့်တက်စေခဲ့သည်။ အကယ်၍ ကရင်ပြည်နယ်အတွင်းရှိ အာရှအဝေးပြေးလမ်းမှရရှိမည့်အကျိုးအမြတ်များကို တရားမျှတစွာခွဲဝေခံစားခွင့်ရှိစေမည့် ဗဟိုချုပ်ကိုင်မှု ကိုလျှော့ချသောဖယ်ဒရယ်ပြည်ထောင်စုစနစ်ကို မွေးဖွားပေးနိုင်သည့် နိုင်ငံရေးဆိုင်ရာသဘောတူညီချက်များမရရှိသေးခင် စီမံကိန်းကို ဆက်လုပ်လုပ်ဆောင်မည်ဆိုပါက ပဋိပက္ခများဆက်လက်ဖြစ်ပေါ်ဖွယ်ရာ ရှိသည်။

- အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့် မြန်မာဆောက်လုပ်ရေးဝန်ကြီးဌာနတို့သည် အာရှအဝေးပြေး လမ်းမစီမံကိန်းကို လျှင်မြန်စွာအကောင်အထည်ဖော်နိုင်အောင် တွန်းပို့လုပ်ဆောင်ရာတွင် ငြိမ်းချမ်းရေးတည်ဆောက်မှုအပေါ်ကျရောက်နိုင်သည့် စိုးရိမ်ဖွယ်ရာများနှင့်ပတ်သက်ပြီး လုံလောက်သောစဉ်းစားသုံးသပ်ချင့်ချိန်ပေးခြင်းမရှိပါ၊ သို့မဟုတ် အဆိုပါစိုးရိမ်ဖွယ်ရာများကို ကိုင်တွယ်ဖြေရှင်းခြင်းမရှိပါ။

- အာရှအဝေးပြေးလမ်းမကြီးအပေါ် ထိန်းချုပ်ပိုင်ခွင့်နှင့်စပ်လျှင်းပြီး တစ်ဖက်၌ ဒီကေဘီအေ (DKBA) နှင့် အခြားတစ်ဖက်တွင် နယ်ခြားစောင့်တပ် (BGF) နှင့် တပ်မတော်တို့ပေါင်းစည်းထားသောအဖွဲ့တို့အကြား ဖြစ်ပွားသောယခင်တိုက်ပွဲများကြောင့် ရွာသူရွာသားများသည် ဘေးအန္တရာယ်နှင့်ကြုံခဲ့ရပြီး၊ ၎င်းတို့၏ ကျေးရွာများကိုမိမိဆန္ဒမပါဘဲ အတင်းအဓမ္မစွန့်ခွာထွက်ပြေးနေရသည်။ အချို့သောရွာသူရွာသားများမှာ ယနေ့အချိန်အထိ မူလကျေးရွာသို့မပြန်နိုင်သေးဘဲဖြစ်ကာ ၎င်းတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလည်း ထိခိုက်ပျက်ပြားရသည်။

- ယခင်တိုက်ပွဲများနှင့် တိုက်ပွဲထပ်မံဖြစ်ပွားနိုင်သည့်စိုးရိမ်စရာအခြေအနေများကြောင့် ရွာသူရွာ သားများသည် နေရပ်နှင့်ဝေးရာသို့စွန့်ခွာသွားနေရပြီး နေရပ်သို့ပြန်လည်သွားရေးအတွက်လည်း အဟန့်အတားဖြစ်နေသည်။

# III
# မြေပုံများ




အာရှအဝေးပြေးလမ်းမမြေပုံ

> လမ်းမစီမံကိန်းများသည် ကရင်ပြည်နယ်အတွင်းရှိ ကျေးလက်နေရပ်ရွာလူထုအတွက် အကျိုးကျေးဇူးများ ယူဆောင်လာပေးနိုင်သည့် အလားအလာများစွာရှိပါသော်လည်း စီမံ ကိန်းအား ဒီမိုကရေစီစနစ်ကျကျနှင့်ပွင့် လင်းမြင်သာမှုရှိစွာဖြင့် အကောင်အထည်ဖော်မှသာထိုကဲ့သို့ အကျိုးအမြတ်များကိုရမည်ဖြစ်သည်။ လက်တွေ့တွင်မူ နေရာရွှေ့ပြောင်းခြင်းခံရမှုများစွာ ဖြစ်ပွားလျက်ရှိနေသောပဋိပက္ခဇုန်များနှင့် ရွာသူရွာသားများ၏ အခွင့်အရေး လွယ်ကူစွာ ချိုးဖောက်ခြင်းခံရနိုင် သောနေရာများတွင်ဒေသခံရပ်ရွာလူထုများနှင့်အရပ် ဘက်လူမှု အဖွဲ့အစည်းများအား သတင်းအချက်အလက်များ ပွင့်လင်းမြင်သာစွာချပြခြင်း မရှိဘဲ သတင်းများကို ဖုံးကွယ်ထိမ်ချန်ကာ အဆိုပါစီမံကိန်းများကို အကောင်အထည်ဖေါ်နေကြသည်။ ကရင်ပြည်နယ်အတွင်းပြုလုပ်မည့် အကြီးစားစီမံကိန်းများသည် ပြည့်ဝသောငြိမ်းချမ်းရေးသဘောတူညီချက်များရရှိပြီး ဒီမိုကရေစီအခွင့်အရေးကို အာမခံသောဗဟိုချုပ်ကိုင်မှုလျှော့ချသည့် ဖယ်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ပြီးသည့်အ ချိန်အထိစောင့်သင့်သည်။ ၎င်းအစား အာရှအဝေးပြေးလမ်းမစီမံကိန်းပြုလုပ်လိုသူများသည် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုမှရရှိမည့် ကြီးမားသည့်အမြတ်အစွန်းအလားအလာများ၏တွန်း အား ဖြင့် အန္တရာယ်ရှိသည့်စီမံကိန်းအား မြန်မြန် ဆန်ဆန်ပြီးစီးစေရန် လျှင်မြန် စွာအ ကောင် အ ထည်ဖေါ်ခဲ့ကြသည်။

Karen Peace and Support Network (KPSN).
Asian Highway project undermines peace in Karen State.,

# IV
# သုတေသနပြုသည့်နည်းနာ

ဤအစီရင်ခံစာဖြစ်မြောက်ရေးအတွက် THWEE လူထုဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်က သုတေသနပြုကာ သတင်းအချက်အလက်များကို အများဆုံးကောက်ခံခဲ့ခြင်းဖြစ်သည်။ THWEE သည် လမ်းဖောက်နေသောဒေသအတွင်းရှိဒေသခံလူထုအား ကူညီပံ့ပိုးကာလူထုစည်းရုံးမှုများပြုလုပ်နေသည့်ခိုင်မာသော လူထုအ ခြေပြုလူမှုအဖွဲ့အစည်းတစ်ခု ဖြစ်သည်။ THWEE သည် ဒေသခံအသိုင်းအဝိုင်းများကို ၎င်းတို့၏အခွင့်အရေးများအကြောင်း၊ မူဝါဒများနှင့်ဥပဒေအကြောင်းကိုသင်ယူလေ့လာရန်အတွက် အားပေးကူညီနေသည်။

ယခုသုတေသနပြုလုပ်မှုသည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်မှ ၃၁ ရက်အထိ ရက်သတ္တပတ်နှစ်ပါတ်ကျော်ကြာမြင့်ခဲ့သည်။ သုတေသနအဖွဲ့ကို THWEE အဖွဲ့မှအဖွဲ့ဝင်(၆) ဦးဖြင့် ဖွဲ့စည်းထားသည်။ သုတေသနအဖွဲ့သည် ကော့ကရိတ်နှင့်သင်္ကန်းညီနောင်အကြားမွေးမြူရေးဇုန်ရှိ နေရာ (၆) ခုမှ ရွာသူရွာသား၂၈ ဦးအား တွေ့ဆုံမေးမြန်းမှုများပြုလုပ်ထားသည်။ သုတေသနပြုလုပ်ခဲ့သောရွာများမှာ ချောင်းတောင်၊ ကော့နွဲ၊ တတန်ကူး၊ မိုင်ကုန်းနှင့်ရွာသစ်ကုန်း စသည့်နေရာများဖြစ်သည်။ တွေ့ဆုံမေးမြန်းခြင်းခံရသော အဆိုပါရွာသူရွာသား ၂၈ ဦးသည် လမ်းဖောက်လုပ်မှုကြောင့် ဖြစ်ပေါ်သောထိခိုက်မှုများကို တစ်နည်းတစ်ဖုံတိုက်ရိုက်ခံစားခဲ့ရသူများဖြစ်သည်။ ထိုသို့ တွေ့ဆုံမေးမြန်းရာတွင်၎င်းတို့အားတစ်ဦးခြင်း မျက်နှာခြင်းဆိုင်တွေ့ဆုံမေးမြန်းခဲ့ပြီး၊ အသံဖမ်းခြင်း၊ ဓါတ်ပုံဖြင့်မှတ်တမ်းတင်ခြင်းများပြုလုပ်ခဲ့သည်။ အဆိုပါတွေ့ဆုံမေးမြန်းမှုများအပြင် ကျေးရွာ (၆) ရွာအတွင်း မေးခွန်းပုံစံများဖြန့်ဝေကာ အာရှအဝေးပြေးလမ်းမဖောက်လုပ်ရေးကြောင့် မြေသိမ်းခံရသည့်ရွာသားများ၏ကိုယ်ပိုင်အတွေ့အကြုံများကို မေးမြန်းခဲ့သည်။ ထိုမေးခွန်းများထဲတွင်မြေဧက မည်မျှသိမ်းဆည်းခံရသည်၊ အဘယ်ကြောင့်သိမ်းဆည်းခံရသည်၊ မြေသိမ်းမှုနှင့်ပတ်သက်၍ ကျေနပ်မှုရှိမရှိ၊ သက်ဆိုင်ရာမှလျော်ကြေးငွေမည်သို့ ပေးအပ်ခဲ့သည်၊ လက်ရှိမြေအနေအထားကမည်သို့ရှိသည်၊ စသည်တို့အပါအဝင် မေးခွန်းများစွာကိုမေးမြန်းခဲ့သည်။

သုတေသနပြုလုပ်ခဲ့သော THWEE ၏အဖွဲ့ဝင်များသည် အာရှအဝေးပြေးလမ်းမဖောက်လုပ်ခြင်းနှင့်ပတ်သက်၍ ဒေသတွင်းရှိရွာသူရွာသားများ၏အမြင်ကို သိရှိနားလည်ရန်အတွက် ၎င်းတို့နှင့်တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ အချက်အလက်ကောက်ယူခဲ့သူအဖွဲ့ဝင်များသည် လမ်းဖောက်လုပ်မှုအခြေအနေနှင့်ပတ်သက်၍ အလွန်အဖိုးတန်သည့်သတင်းအချက်အလက်အချို့ကိုရရှိခဲ့ပြီး ဒေသတွင်းအခြေအနေများကို မြင်တွေ့နားလည်ခဲ့သော်လည်းအချိန်အကန့်အသတ်ကြောင့်စီမံကိန်း အကျိုးသက်ရောက်မှုခံစားရ သည့် နေရာဒေသအားလုံးသို့ သွားရောက်နိုင်ခြင်းမရှိခဲ့ဘဲဖြစ်ကာ စီမံကိန်းအကျိုးသက်ရောက်မှုဒဏ်ခံရသည့် ရွာသူရွာသားအားလုံးနှင့်လည်း တွေ့ဆုံမေးမြန်းမှုပြုလုပ်နိုင်ရန် အခွင့်အရေးမရခဲ့ပါ။ ထို့ကြောင့် ယခုအစီရင်ခံစာသည် ဒေသခံလူမှုအသိုင်းအဝိုင်းများကြုံတွေ့ခဲ့ရသည့်ခါးသီးသောအတွေ့အကြုံများအနက်မှ နမူနာများကို အကျဉ်းချုပ်ဖော်ပြပေးခြင်းမျှသာ ဖြစ်သည်။

# V

# သက်န်းညီနောင်မှကော့ကရိတ်သို့ဖောက်လုပ်ထားသည့်အာရှ အဝေးပြေးလမ်းမသစ်ပေါ်က လူ့အခွင့်အရေးချိုးဖောက်မှုများ

အကြမ်းအားဖြင့်ဆိုသော် အာရှအဝေးပြေးလမ်းမသစ်ဖောက်လုပ်ခြင်းနှင့်ဆက်စပ်၍ကြို တင် ညှိနှိုင်းတိုင်ပင်မှုမရှိခြင်း၊ အတင်းအဓမ္မဖယ်ရှားခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက် စီးခြင်းနှင့် သင့်တင့်မျှတသည့် လျော်ကြေးငွေမပေးအပ်ခြင်းတို့သည် ဒေသခံလူမှုအ သိုင်းအဝိုင်း၏ FPIC[2] ခေါ် အချိန်မီကြိုတင်သတင်းအချက်အလက်ရရှိကာ လွတ်လပ်စွာ သဘောထားပေးပိုင်ခွင့်ကို ကိုသိသာထင်ရှားစွာချိုးဖောက်ခြင်းပင်ဖြစ်သည်။ ကံအကြောင်း မလှစွာပင် ဤသည်မှာ မြန်မာပြည်တွင်းရှိ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကြီးစားများ အတွက် ထုံးစံဖြစ်နေသောကြောင့် နိုင်ငံတကာမှပူးပေါင်းပါဝင်သူများအနေဖြင့် ဒေသခံလူမှုအသိုင်း အဝိုင်း၏အခွင့်အရေးများ အကာအကွယ်ပေးမှုကို တိုးတက်ကောင်းမွန်စေရန် ပိုမိုလုပ် ဆောင်သင့်သည်။

တော်ဝင်ထိုင်းအစိုးရ၏ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ခွဲဖြစ်သည့် NEDA သည် သက်န်းညီနောင်မှ ကော့ကရိတ်အထိ ၂၈ ကီလိုမီတာရှည်လျားသည့် အာရှအဝေးပြေးလမ်း သစ်ဖောက်လုပ်ခြင်းအတွက် ငွေကြေးထောက်ပံ့ခဲ့သည်။ ထိုင်းကုမ္ပဏီတစ်ခုဖြစ်သည့် Seesaeng Kanyotha Company Ltd. (1979) ကိုငှားရမ်း၍ ထိုင်းနိုင်ငံအဝေးပြေးလမ်း ဖောက်လုပ်ရေးဌာန[3] နှင့်တွဲဖက်ပြီး ဘတ်ငွေ ၁,၁၄၀,၃၄၃,၃၅၀ (ဒေါ်လာ ၃၂,၅၈၁, ၂၃၉ ဒေါ်လာ) တန်ဖိုးရှိ လမ်းဖောက်လုပ်ခွင့်ကန်ထရိုက်ကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့ တွင် ပေးအပ်ခဲ့သည်။[4] လမ်းသစ်တည်ဆောက်မှုပြီးစီးသွားပြီး ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် အများပြည်သူသွားလာနိုင်ရန် လမ်းကိုဖွင့်လှစ်ပေးခဲ့သည်။ လမ်းသစ်ကို ဒေါနတောင်တန်း တစ်လျှောက် ဖြတ်သန်းဖောက်လုပ်ထားပြီး တောင်တန်းများပေါ်မှ ဖြတ်ဖောက်ထားသည့် တစ်လမ်းသွားလမ်းဟောင်းကို ရှောင်ကွင်းသွား၍ မြဝတီမှကော့ကရိတ် သို့ခရီးသွားချိန်ကို လည်း မူလသုံးနာရီမှ ၄၅ မိနစ်အထိ အချိန်သက်သာသွားစေသည်။

## က. သင့်တင့်လျောက်ပတ်သည့် လူထုနှင့်တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုမရှိခြင်း

အဝေးပြေးလမ်းမသစ်ဖောက်လုပ်ခြင်းကြောင့် အကျိုးသက်ရောက်မှုကိုခံစားရသည့်ဒေသ ခံလူထုက ၎င်းတို့သည် လမ်းသစ်စတင်ဖောက်လုပ်သည့်အချိန်ကျမှသာလျှင် လမ်းသစ် အကြောင်းစတင်သိရှိရသည်ဟု ဆိုကြသည်။ ရွာသူရွာသားများအား မည်သည့်အချိန်တွင် လမ်းဆောက်လုပ်ခြင်းစတင်မည်၊ ၎င်းတို့ပိုင်မြေယာအပေါ် မည်ကဲ့သို့အကျိုးသက်ရောက် မှုရှိမည်၊ မြေနှင့်ပစ္စည်းဥစ္စာဆုံးရှုံးမှုအတွက် လျော်ကြေးငွေရမည် မရမည်၊ စသည်တို့နှင့်ပတ် သက်ပြီး ဤစီမံကိန်းတွင်ပါဝင်ပတ်သက်နေသူတစ်ဦးတစ်ယောက်မှ စီမံကိန်းကြောင့်ထိခိုက်

ခံရသည့်ရွာသူရွာသားများနှင့် ဆက်သွယ်တွေ့ဆုံဆွေးနွေးရန် အားထုတ်ခဲ့မှု တစ်စုံတစ်ရာ မရှိခဲ့ချေ။ ဒေသအတွင်းသို့ လူများရောက်လာပြီး မြေစစ်တမ်းကောက်ယူနေသည်ကို ရွာသားများသတိထားမိသည်။ သို့သော် အဆိုပါစစ်တမ်းကောက်ယူသူများမှာ မည်သူတို့ဖြစ်ကြသည် သို့မဟုတ် အဘယ်ကြောင့်မြေနှင့်ပတ်သက်၍ စစ်တမ်းကောက်ယူသည်ကိုမူ ၎င်းတို့အား မည်သည့်အခါမှအသိမပေးခဲ့ပါ။ ရွာသားများသည် လုံးဝသတင်းအမှောင်ချခံထားခဲ့ရပြီး လမ်းဆောက်လုပ်ရေးလုပ်ငန်းများ စတင်အံ့ဆဲဆဲ မြေနေရာသတ်မှတ်ထားသောဆိုင်းဘုတ်များထောင်သည့်အချိန်ကျမှသာ ရွာသားများက စီမံကိန်းအကြောင်းကို သိရှိနားလည်ခဲ့ရသည်။ အချို့ရွာသားများသည် လမ်းဖောက်လုပ်သည့်အတောအတွင်း နိုင်ငံ၏အခြားနေရာဒေသများတွင်ရွှေ့ပြောင်းအလုပ်သမားအဖြစ်အလုပ်လုပ်နေကြ၍မိမိတို့နေအိမ်များမှအဝေးသို့ရောက်နေကြပြီး အိမ်ပြန်လာချိန်တွင်မူ ၎င်းတို့မရှိသည့်အချိန်၌ ၎င်းတို့၏မြေများတရားမဝင်သိမ်းဆည်းခံရသည်ကို တွေ့ကြရသည်။

## ခ. အတင်းအကျပ်ဖယ်ရှားခံရခြင်း

လမ်းမဖောက်လုပ်မှုကြောင့် အိုးအိမ်ဖျက်ဆီးဖယ်ရှားခံရသည့်ရွာသူရွာသားများသည် အတင်းအကျပ်ရွှေ့ပြောင်းကြရကာ ပတ်ဝန်းကျင်အနီးတဝိုက်ကျေးရွာများရှိသူငယ်ချင်းမိတ်ဆွေများနှင့်ဆွေမျိုးများ၏အိမ်တွင် ခိုလှုံနေထိုင်ကြရသည်။ အချို့ရွာသားများသည် အိုးအိမ်များဆုံးရှုံးခဲ့ကြရသည့်အပြင် ၎င်းတို့၏အဓိကဝင်ငွေရရှိရာအရင်းအမြစ်ဖြစ်သည့် မြေယာကိုလည်း ဆုံးရှုံးခဲ့ကြရသည်။ ထိုသို့ဆုံးရှုံးခြင်းရကြောင့် မြေယာကိုအဓိကမှီခိုနေရသည့်ရွာ သူရွာသားများ၏အသက်မွေးဝမ်းကျောင်းအပေါ် နောက်ဆက်တွဲစိုးရိမ်ဖွယ် အကျိုးသက်ရောက်မှုများကိုဖြစ်ပေါ်စေသည်။

## ဂ. သဘာဝပတ်ဝန်းကျင် ပျက်ဆီးမှု

အချို့နေရာများတွင် လမ်းဖောက်လုပ်မှုကြောင့် လမ်းဆောက်လုပ်ရာအနီးအနားတစ်ဝိုက်တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများဖြစ်ပေါ်ခဲ့သည်။ ဥပမာအားဖြင့် - ကော့ကရိတ်မြို့ အမှတ် (၆) ရပ်ကွက် တွင် လမ်းဖောက်လုပ်မှုကြောင့် ကျေးရွာစပါးခင်းများဆီသို့ ရေပေးသွင်းသည့် ရေစီးကြောင်းပြောင်းလဲသွားပြီး တစ်ဖက်တွင်ရေလျှံ၍ အခြားတစ်ဖက်တွင်ရေအလွန်လျော့နည်းသွားသည်။ ထိုကဲ့သို့သော ထိခိုက်မှုအားလျော့နည်းစေရန် ရေပိုက်များသွယ်တန်းထားခဲ့သော်လည်း ထိရောက်လုံလောက်မှုမရှိခြင်းကြောင့် ၎င်းတို့၏ ကောက်ပဲသီးနှံများပျက်စီးခဲ့ရသည်ဟု ရွာသားများက ပြောပြကြသည်။

> *မြေတွေက ချောင်းတွေထဲမှာ ပြည့်ပြီးပိတ်နေတယ်။ အဲဒါကြောင့် မိုးရာသီမှာ ရေကလျှံပြီး စပါးခင်းတွေဆီကို ကျော်ဝင်တော့ စပါးခင်းတွေပျက်ကုန်တယ်။ စပါးတွေလဲ အရင်ကလောက်မကောင်းတော့ဘူး။ ရေကမစီးဆင်းတော့ပဲလယ်တွေထဲ (ရွာထဲမှာ) မှာရပ်သွားတယ်။ အဲဒါကြောင့် စပါးအရင်က လောက် မကောင်းတော့လို့ ကျနော်တို့ရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကိုထိခိုက်တယ်။*
>
> *ဦးချစ်၊ အမှတ် (၆) ရက်ကွက်၊ ကော့ကရိတ်*

## ဃ. တရားမျှတမှုမရှိသည့်လျော်ကြေးငွေကို အတင်းအကျပ်လက်ခံစေခြင်း

ရွာသူရွာသားများကို မြေယာဆုံးရှုံးခြင်း သို့မဟုတ် မြေယာပျက်ဆီးခြင်းအတွက်လျော်ကြေးငွေရရှိရန် မည်သည့်အခါကမှ တိုင်ပင်ဆွေးနွေးခဲ့ခြင်းမရှိပါ။ ထိုအစား လမ်းဖောက်လုပ်ခြင်းပြီးစီးသွားသည့်အခါ ထိခိုက်နစ်နာသူရွာသူရွာသားများသည် ၂၀၁၄ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ကော့ကရိတ်မြို့နယ်ထွေအုပ်ရုံး၌ အစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်းခံခဲ့ရသည်။ အဆိုပါအစည်းအဝေး၌ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်းက လမ်းဖောက်လုပ်ခြင်းကြောင့် ထိခိုက်နစ်နာခဲ့သူ ရွာသူရွာသားများအနေဖြင့် ၎င်းတို့ဆုံးရှုံးလိုက်ရသော မြေယာ ၁ ဧကချင်းစီအတွက် အစိုးရထံမှ တစ်ဦးလျှင် ၁.၅ သန်းကျပ်စီ လျော်ကြေးငွေရရှိမည်ဟုပြောကြားခဲ့သည်။ အဆိုပါလျော်ကြေးငွေပမာဏသည် ရိုးရိုးသာမန်ဝါးအိမ်လေးတစ်လုံးဆောက်လုပ်ရန်အတွက်သာ လုံလောက်မည်ဖြစ်သည်။ အိမ်ဆောက်ရန်အတွက် မြေကွက်အသစ်ဝယ်ယူရမည့်စရိတ်မှာ ထိုလျော်ကြေးငွေထဲတွင်မပါရှိပါ။ ထို့အပြင် လျော်ကြေးငွေနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခွင့်ကိုလည်း ရွာသူရွာသားများမရရှိခဲ့ပါ။ ရွာသူရွာသားများက ၎င်းတို့အားပေးအပ်သည့် လျော်ကြေးငွေပမာဏသည် ပြန်လည်ပြောင်းရွှေ့အခြေချနေထိုင်ရန်အတွက် လုံလောက်မှုရှိမည်မဟုတ်ဟု ၎င်းတို့၏စိုးရိမ်ချက်ကို တင်ပြသည့်အခါတွင် အကယ်၍ ၎င်းတို့အားပေးသည့်လျော်ကြေးငွေကိုလက်မခံလျှင် အဆိုပါလျော်ကြေးငွေကို အများပြည်သူအတွက် အသုံးပြုလိုက်မည်ဖြစ်ပြီး မည်သည့်လျော်ကြေးငွေကိုမှရရှိတော့မည်မဟုတ်ဟု ပြောကြားခြင်းခံရခဲ့သည်။

စီမံကိန်းနှင့်ပတ်သက်၍ နစ်နာချက်နှင့်မကျေနပ်မှုများကို ရွာသူရွာသားများမှ တင်ပြနိုင်ကာ တာဝန်ရှိသူများမှ ဖြေရှင်းပေးနိုင်သည့် လုပ်ထုံးလုပ်နည်းများမရှိသည့်အတွက်ရွာသူရွာသား များသည် မိမိတို့၏မကျေနပ်ချက်များကို ကရင်အမျိုးသားအစည်းအရုံး (KNU) ထံသို့ တင်ပြ တိုင်ကြားခဲ့ကြသည်။ ထိုမှတစ်ဆင့် ကရင်အမျိုး သားအစည်းအရုံး (KNU) သည် ရွာသူ ရွာသားများကိုယ်စား လမ်းဖောက်လုပ်သည့် ထိုင်းကုမ္ပဏီ Seesaeng Kanyotha Company Ltd, နှင့်တွေ့ဆုံညှိနှိုင်းခဲ့ကာ ကုမ္ပဏီမှ စီမံကိန်းကြောင့်နစ်နာခဲ့သူများအတွက် တစ်ဦးလျှင် ကျပ်ငွေငါးသိန်းစီထပ်ဆောင်းပေးရန် ညှိနှိုင်းပေးခဲ့သည်။ ထိုထပ်မံပေးအပ်သည့် လျော်ကြေးငွေသည်ပင်လျှင် အာရှအဝေးပြေးလမ်းမစီမံကိန်းကြောင့် ပြောင်းရွှေ့ခံခဲ့ရသော ၎င်းတို့ အနေဖြင့် ဘဝအသစ်တဖန်စတင်ရန်အတွက် လုံလောက်မှုမရှိကြောင်း ရွာသူရွာသားအများစုက ပြောကြားခဲ့သည်။

ရွာသူရွာသားများနှင့်အစိုးရအာဏာပိုင်များအကြား ကြိုတင်စေ့စပ်ဆွေးနွေးခြင်းတစုံတရာမရှိပဲရွာသူရွာသားများသည် လျော်ကြေးငွေအပြည့်အဝလက်ခံရရှိကြောင်းကို ဖေါ်ပြထားသည့် စာရွက်ပေါ်တွင် လက်မှတ်ထိုးရန် အတင်းအဓမ္မဖိအားပေးခြင်းခံရပြီး အာဏာပိုင်များက လုံလောက်သည်ဟု တစ်ဖက်သတ်ယူဆ သတ်မှတ်ထားသော လျော်ကြေးငွေပမာဏကိုကျေနပ်မှုမရှိဘဲ လက်ခံခဲ့ကြရသည်။ ရွာသူရွာသားများသည် ၎င်းတို့ဆုံးရှုံးခဲ့သည့်မြေပမာဏအတွက် ၎င်းတို့၏ရပိုင်ခွင့် သို့မဟုတ် ၎င်းတို့ရသင့်ရထိုက်သည့် လျော်ကြေးငွေပမာဏနှင့်ပတ်သက်၍ တစ်ကြိမ်တစ်ခါမှ မေးမြန်းညှိနှိုင်းခြင်းမခံကြရပါ။

*အစည်းအဝေးမှာ မြေတစ်ဧကအတွက် လျော်ကြေး သိန်း ၃၀ မရရင် ပိုက်ဆံမယူကြဘူးလို့ သဘောတူခဲ့ကြတယ်။ ဒါပေမယ့်လည်း တာဝန်ရှိသူတွေကကျနော်တို့ လျော်ကြေးမယူရင် အစိုးရကပိုက်ဆံကို ဘဏ်ထဲထည့်ထားမယ်လို့ပြောတယ်။ ပြီးတော့ကျနော်တို့မြေတွေကိုသိမ်းယူမယ်လို့ခြိမ်းခြောက်တယ်။ ဒါကြောင့်မို့နောက်ဆုံးမှာတော့ ကျနော်တို့လည်း ပေးသလောက်ပဲ ယူလိုက်ကြရတယ်။*

*ဦးကြီး၊ (အမည်ရင်းမဟုတ်) ကော့နွဲကျေးရွာ*

## င. ရွာသူရွာသားများ၏ အသက်မွေးဝမ်းကျောင်းကိုဖျက်စီးခြင်း

ကျွန်ုပ်တို့သုတေသနအဖွဲ့သည် အာရှအဝေးပြေးလမ်းမဖောက်လုပ်မှုကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းထိခိုက်နစ်နာခံစားခဲ့ရသူရွာသူရွာသားအချို့ကို လက်တွေ့မြေပြင်အခြေအနေနှင့်ပတ်သက်၍ ၎င်းတို့၏ ရှုထောင့်အမြင်ကိုတွေ့ဆုံမေးမြန်းနိုင်ခဲ့သည်။ ကော့ကရိတ်မြို့နယ်၊ မွေးမြူ ရေးဇုန်၊ အမှတ် (၆) ရပ်ကွက်နေ ဒေါ်စု (အမည်ရင်း မဟုတ်) က ရွာသူရွာသားများအတွက် မြေသည်မည်မျှအရေးကြီးပြီး ငွေသားလျော်ကြေးသည် မိမိတို့၏အသက်မွေးဝမ်းကျောင်းအတွက် လုံလောက်မမရှိသည့်အကြောင်းကို ကျွန်ုပ်တို့အားပြောပြခဲ့သည်။

*လယ်ယာတွေက ကျမတို့မိသားစုအတွက်ထမင်းအိုး ပဲ။ ကျမတို့ခလေးတွေကို ကျောင်းထားနိုင်တာ ဒီလယ်ယာကြောင့်ပဲ။ လမ်းဖောက်ဖို့အတွက် ဒီမြေတွေကို အဆုံးရှုံးမခံချင်ခဲ့ဘူး။ ကျမသားသမီးတွေ သူတို့ဘဝတစ်လျှောက်လုံးအတွက် ဒီလယ်ယာတွေပေါ်မှာမှီခိုလုပ်စားလို့ရတယ်။ ဒါပေမယ့်လည်း ကျမဘာမှမပြောခဲ့ဘူး။ ဘာလို့လဲဆိုတော့ တခြားသူတွေရဲ့မြေတွေလဲလမ်းဖောက်လုပ်ရေးမှာပါသွားလို့ပဲ။ သူတိုကမြေတစ်ဧကအတွက် ကျမတို့ကို ၁၅ သိန်းလျော်ကြေးပေး မယ်လို့ဆုံးဖြတ်ကြတယ်။ ဒါပေမယ့် ကျမတို့သဘောမတူခဲ့ကြဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါက ကျမတို့ဘဝမှာ တစ်ကြိမ်ပဲရမှာဖြစ်လို့ပဲ။ လယ်ယာ မြေကတော့ ကျမတို့အတွက် တစ်သက်လုံးအသုံးပြုနိုင်တယ်။ Seesaeng Kanyotha ကုမ္ပဏီက ၅ သိန်း ထပ်ထိုး ပေးတဲ့အတွက် တစ်ဧကကို လျော်ကြေး သိန်း ၂၀ ဖြစ်သွားတယ်။ ကျမလျော်ကြေးယူဖို့လက်မှတ် ထိုးလိုက်ပေမယ့်လဲ စိတ်ထဲမှာ ဆိုးဆိုးရွားရွားခံစား ရတယ်။*

*ဒေါ်စု (အမည်ရင်းမဟုတ်) မွေးမြူရေးဇုန်၊ အမှတ် (၆)ရပ်ကွက် ကော့ကရိတ်*

အခြားရွာသူရွာသားများကငင်းတို့မြေအသိမ်းခံခဲ့ရပုံနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနကသင့်တော်သည်ဟု ယူဆကာ တစ်ဖက်သတ်သတ်မှတ်ပေးသော လျော်ကြေးငွေနှင့်ပတ်သက်၍ မကျေနပ်မှုများထုတ်ဖော်ပြောဆိုခဲ့ကြသည်။ဆောက်လုပ်ရေးဝန်ကြီးဌာနကမြေယာတစ်ကွက်အတွက် ငွေကြေးတန်ဖိုးအလွယ်တကူ သတ်မှတ်ပေးနိုင်သော်လည်း ရွာသူရွာသားများအတွက်မှာမူ ငင်းတို့၏မြေယာသည် ငွေကြေးပမာဏ တစ်စုံတစ်ရာထက် အဆပေါင်းများစွာတန်ဖိုးရှိသည်။ကော့ကရိတ် မြို့၊ အမှတ် (၆) ရပ်ကွက်တွင်ပင် နေထိုင်သည့်ဦးစော (အမည်ရင်းမဟုတ်) ကလည်း စီမံကိန်းလုပ်ငန်းကိုင်တွယ်လုပ်ဆောင်ပုံနှင့် လမ်းဖောက်လုပ်ရေးကြောင့် ယခုငင်း၏အသက်မွေးကျောင်းလုပ်ငန်းများ ပျက်ဆီးခဲ့ရခြင်းနှင့်ပတ်သက်၍ မကျေနပ်မှုကို ထုတ်ဖော်ပြောဆိုခဲ့သည်။

*"လမ်းဖောက်လုပ်ရေးအတွက်သူတို့က မြေစေးတွေ အများကြီးသုံးခဲ့ပြီး မြေစေးတွေကတိုက်စားခြင်းခံရပြီးစီး မျောတဲ့အခါလယ်ယာမြေတွေထဲ ရောက်သွားတယ်။ နောင်ဆိုရင် မြေစေးတွေကကျနော့်လယ်ယာမြေကိုဖျက်ဆီးတော့ မယ်။ သူတို့က ကျနော်တို့ကိုလျော်ကြေး နဲနဲ လေးပဲပေးပြီး ကျနော် တို့ဆီကမြေတွေ အများ ကြီး သိမ်းယူသွားတယ်။"*

*ဦးစော (အမည်ရင်းမဟုတ်) အမှတ် (၆) ရပ်ကွက်၊ ကော့ကရိတ်မြို့။*

ထိုမျှသာမက လမ်းဆောက်လုပ်မှုကြောင့် စမ်းချောင်းများထဲ မြေဝင်ကာရေစီးကြောင်းများလည်းပြောင်းသွားခြင်းကို ပြန်လည်ပြင်ဆင်ပေးခြင်းမရှိပေ။ ထို့ကြောင့် စမ်းချောင်းထဲကရေများသည် ငင်း၏စပါးစိုက်ခင်းများပေါ်လျှံဝင်ပြီး စိုက်ခင်းများကို ဖျက်ဆီးခဲ့သည်။ စပါးစိုက်ခင်းများက ဦးစော (အမည်ရင်းမဟုတ်) နှင့်အခြားရွာသူရွာသားများ၏အသက်မွေးဝမ်းကျောင်းအတွက် မရှိမဖြစ်သောအစိတ်အပိုင်းတစ်ခုဖြစ်ပြီး ငွေကြေးဖြင့်အစားမထိုးနိုင်ပေ။ ထို့အပြင် ဦးချစ်ကိုပေးအပ်သည့်လျော်ကြေးငွေသည် ငင်းဆုံးရှုံးလိုက်ရသော ငင်း၏ပိုင်ဆိုင်ပစ္စည်းအားလုံး၏တန်ဘိုးနှင့်နှိုင်းယှဉ်ပါက ထိုက်တန်လုံလောက်သောလျော်ကြေးပမာဏမဟုတ်ပါ။

*ကျနော်တို့ကိုမြေကွက်တွေအတွက်လျော်ကြေးမပေးဘူး။ကျနော်တို့မြေပေါ်မှာစိုက်ထားတဲ့ သစ်ပင်တွေအတွက်ပဲ လျော်ကြေးပေးတယ်။ ဒါတောင် အပင်တိုင်းအတွက်လျော်ကြေးပေးတာမဟုတ်ဘူး။ သူတို့ကအိမ်ဖျက်ဖို့နဲ့ အိမ်ပြန်ဆောက်ဖို့အတွက်ပဲကျနော်တို့ကိုပိုက်ဆံပေးတယ်။ အိမ်တစ်လုံးစာအတွက် နှစ်သန်း - သုံးသန်းပေးတယ်။ ဒါပေမယ့်လည်း အဲဒီပိုက်ဆံက လက်သမားခလောက်ပဲရှိတာ။ အိမ်ပြန်ဆောက်ဖို့ ကိုယ့်ပိုက်ဆံကိုယ်သုံးရတယ်၊ ကျနော်တို့အချိန်တွေသုံးရ တယ်၊သစ်လည်း ကျနော်တို့ပဲခွဲရတယ်။"*

*ဦးစော (အမည်ရင်းမဟုတ်)၊ အမှတ် (၆) ရပ်ကွက်၊ ကော့ကရိတ်မြို့။*

ကမ်းနားတန်းကျေးရွာ၊ အမှတ် (၃) ရပ်ကွက်နေ ဒေါ်လေး (အမည်ရင်းမဟုတ်) ကလည်း လျော်ကြေးငွေနှင့်ပတ်သက်၍ အလားတူပြဿနာမျိုးကြုံတွေ့ခဲ့ရသည်။

*"ကျမမြေနှစ်ကွက်ဝယ်ခါစပဲ ရှိသေးတယ်။ ဘာမှမစိုက်ရသေးဘူး။ ဒါပေမယ့်မြေက လမ်းဖောက်မဲ့ စီမံကိန်းထဲမှာ ရှိနေတယ်။ အဲဒါကြောင့် ကျမမြေမှာဘာအပင်မှမရှိဘူး လို့ပြောပြီး အစိုးရကကျမကို ဘာလျော်ကြေးမှမပေးခဲ့ဘူး။ သူတို့က အပင်တွေစိုက် ထားတဲ့မြေအတွက်ပဲလျော်ကြေးပေးတယ်။"*

*ဒေါ်လေး (အမည်ရင်းမဟုတ်)၊ အမှတ် (၃) ရပ်ကွက်၊ ကမ်းနားတန်းကျေးရွာ*

## စ. လမ်းနယ်တိုးချဲ့ခြင်းနှင့်ပတ်သက်ပြီး စိုးရိမ်မှုများ

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလက ရွာသူရွာသားများထံမှရရှိသောသတင်းအရ အစိုးရက လမ်း တစ်ဖက်တစ်ချက်စီတွင် ပေ ၁၀၀ စီ ထပ်မံတိုးချဲ့ရန်အစီအစဉ်ချမှတ်ထားခဲ့ပြီဖြစ်ပြီး စီမံကိန်းကြောင့် ထိခိုက်နစ်နာခဲ့ရသူ ရွာသူရွာသားများထံမှ မြေထပ်မံသိမ်းယူလျက်ရှိနေသည်။ အာဏာပိုင်များကလမ်းတိုးချဲ့ခြင်းနှင့်ပတ်သက်၍ ဆွေးနွေးတိုင်ပင်ခြင်းအလျဉ်းမရှိပဲ လမ်းနယ်နိမိတ်တိုင်များကို စိုက်ထူထားပြီးဖြစ်သည်။

*"လမ်းဧရိယာတိုးချဲ့တာနဲ့ပတ်သက်ပြီး ဘာတိုင်ပင်ဆွေးနွေးမှုမှမရှိဘူး။ သူတို့လာပြီး လမ်းနယ်နိမိတ်တိုင်တွေကို စိုက်မှတ်သွားတယ်။ ကျမရဲ့ကြက်မောက်စိုက်ခင်းကိုဖျက် လိုက်ရတယ်။ အဲဒီအတွက် ဘာလျော်ကြေးမှမရခဲ့ဘူး။ သူတို့ကတကယ်လို့ကျမ အဲဒါကိုမဖျက်ဆီးရင် ထောင်နှစ်နှစ်ကျမယ်လို့ ရေးထားတဲ့စာတစ်စောင်ကျမဆီပို့ လာတယ်။ သူတို့လမ်းတိုးချဲ့တဲ့အတွက် ကျမအရမ်းဝမ်းနည်းတယ်။ ဘာလို့လဲဆို တော့ လမ်းကကျမစိုက်ခင်းအလယ်တည့်တည့်ကိုဖြတ်သွားတယ်။ လမ်းနယ်မြေထဲကို ကျမမြေနှစ်ဧကကျော်လောက်ပါသွားတယ်။ ကျမခြံစည်းရိုးတိုင်တွေ အကုန်ဖျက်လိုက် ရတယ်။ ကျမအရမ်းစိတ်မကောင်းဘူး။ ဒါပေမယ့် ကျမတို့သူတို့တွေကို ကြောက် တယ်။"*

*ဒေါ်အေး (အမည်ရင်းမဟုတ်)၊ ချောင်းတောင်ကျေးရွာ။*

ကော့ကရိတ်မွေးမြူရေးဇုန်၊ အမှတ် (၆) ရပ်ကွက်မှဒေါ်ဘလု (အမည်ရင်း မဟုတ်) ကမြေ (၄) ဧက ပိုင်ဆိုင်ပြီးသူမ၏မြေအလယ်တည့်တည့်ထဲသို့ လမ်းဖြတ်ဖေါက်သွားသည်ကို ရှင်းပြခဲ့သည်။ သူမလျော်ကြေးအဖြစ် ကျပ်ငွေ (၈) သိန်းရရှိခဲ့သည်။ သို့သော် လမ်းဖေါက်လုပ်မှုနှင့်ပတ်သက်၍ သူမကိုကြိုတင်အသိပေးအကြောင်းခြင်းမရှိခဲ့ပဲ လူတွေလာ၍ ၎င်းတို့ဖာသာလမ်းအား တိုင်းထွာသွားခဲ့ကြောင်း ပြောပြခဲ့သည်။

*"သူတို့လမ်းဇရိယာကိုလာသတ်မှတ်သွားတုန်းက ကျမမသိလိုက်ဘူး။ လမ်းတိုးချဲ့တာကို ကျမသဘောမ တူဘူး။ လမ်းဖောက်ဖို့အတွက် ကျမမြေကိုမပေးနိုင်ဘူး။ ဘယ်လို အ စားထိုး ပြန်ပေးတာမျိုးကိုမှလဲ မလိုချင်ဘူး။ ကျမမှာ ကလေးဆယ်ယောက်ရှိတယ်။ ဒီမြေကို ကလေးတွေအတွက် ထားထားတာဖြစ်တယ်။ ကျမ ဒီမြေကိုပဲလိုချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျမမှာက ဒီမြေကွက်ပဲရှိတယ်လေ။ ဟိုတုန်းကနဲ့ ယှဉ်ရင် လုပ်စားကိုင်စားရတာမကောင်းဘူး။ လမ်းဖောက်လို့ဖြစ်လာတဲ့ထိခိုက်မှု တွေကြောင့် ဒီမြေကလဲ မြေဆီမြေနှစ်ညံ့သွားပြီ။ အရင်ကဆို မြေက မြေဩဇာ အရမ်းကောင်းတယ်။ အခုက သီးပင် စားပင် စိုက်စားလို့ မကောင်းတော့ဘူး။*

*ဒေါ်ဘလု (အမည်ရင်းမဟုတ်)၊ အမှတ် (၆) ရပ်ကွက်၊ ကော့ကရိတ်။*

## ဆ. ထိခိုက်နစ်နာသူလူထုများအကြား တင်းမာမှုများ ဖြစ်စေခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာနကအိမ်ထောင်စုတစ်စုအတွက်ပေးအပ်သည့်လျော်ကြေးငွေပမာဏကို ဆုံးဖြတ်သည့်လုပ်ငန်းစဉ်သည်မျှတမှုမရှိခဲ့ပဲ ရွာသူရွာသားများနှင့်လူမှုအသိုင်းအဝိုင်းများအကြား တင်းမာမှုများ ဖြစ်စေခဲ့သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ဒေသအတွင်းသို့လာရောက်၍ မည်သူသည် မြေကွက်မည်မျှ အမှန်တကယ်ပိုင်ဆိုင်သည်နှင့်ပတ်သက်၍ ကွင်းဆင်း တိုင်းထွာအတည်ပြုခြင်း မပြုခဲ့ပေ။ ထို့သို့ပြုလုပ်ရမည့်အစား မြေစာရင်းမှတ်တမ်းစာအုပ်ယူလာခဲ့ပြီး ရွာသားတစ်ဦးခြင်းစီ၏ မြေကွက်ပိုင်ဆိုင်မှုပမာဏကို သတ်မှတ်ပေးခဲ့ကာ ထိုမြေစာရင်းမှတ်တမ်းစာအုပ်တွင်ရှိသောစာရင်းအရသာ လျော်ကြေးငွေပေးအပ်ခဲ့သည်။

သို့သော် မြေပြင်တွင် ရွာသူရွာသားများ အမှန်တကယ်ပိုင်ဆိုင်သည့်မြေကွက်နှင့် မြေစာရင်းမှတ်တမ်းစာအုပ်ပါ မြေကွက်ပမာဏ သတ်မှတ်ချက်သည် အမြဲတမ်းတစ်ထပ်တည်းမကျပါ။ ထို့ကြောင့် ရွာသူရွာသားများလျော်ကြေးငွေလက်ခံရရှိသည့်အချိန်တွင် မြေစာရင်းမှတ်တမ်းထဲတွင်ရှိသည်ထက် မြေယာပိုင်ဆိုင်သည့် ရွာသူရွာသားအချို့မှာ လျော်ကြေးငွေလျော့နည်းစွာလက်ခံရရှိခဲ့ပြီး သူတို့ထက်မြေပမာဏ ပိုမိုနည်းပါးစွာပိုင်ဆိုင်သည့်သူများမှာလျော်ကြေးငွေပိုမိုရရှိမှုများရှိခဲ့သည်။ ဥပမာအားဖြင့် မြေ (၅) ကေသာပိုင်ဆိုင်သည့် လယ်သမားတစ်ဦးသည် လျော်ကြေးရရှိသည့်အခါတွင် မြေစာရင်းမှတ်တမ်းတွင်ဖော်ပြထားခဲ့သည့်အတိုင်း မြေ (၇) ကေစာအတွက် လျော်ကြေးလက်ခံရရှိခဲ့သည်။ ထို့ကြောင့် ထိုရွာသားနှင့်မြေကွက်ပိုမိုပိုင်ဆိုင်ပြီး လျော်ကြေးငွေအနည်းငယ်သာရသော ရွာသားများအကြား တင်းမားမှုများဖြစ်စေခဲ့သည်။


*"သူတို့လုပ်သင့်တာက ဒီကိုလာပြီး မြေယာစစ်တမ်းကောက်သင့်တယ်။ လျော်ကြေးမပေးခင် ဘယ်သူက မြေကွက်ဘယ်လောက်အမှန်တကယ်ပိုင်ဆိုင်သလဲဆိုတာသေချာအောင် အိမ်ထောင်စုတစ်စုခြင်းရဲ့ မြေယာပိုင်ဆိုင်မှုကို စစ်ဆေးတိုင်း ထွာသတ်မှတ်သင့်တယ်။"*

*ချောင်းတောင်ကျေးရွာမှ ရွာသားတစ်ဦး*





ဤဓါတ်ပုံနှစ်ပုံကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကော့ကရိတ် မြို့နယ်၊ အာရှအဝေးပြေးလမ်းမဘေးတွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ဘယ်ဖက်ခြမ်းရှိဓါတ်ပုံမှာ စပါးစိုက်ခင်းများသို့ ရေသွယ်ထားသည့်ရေပိုက်ကို ရိုက်ပြထားခြင်းဖြစ်ပြီး၊ ညာဖက်ခြမ်းရှိဓာတ်ပုံမှာ အများပြည်သူဖြတ်သန်းသွားလာရာလမ်းဟုရေးသားထားသည့် လမ်းညွှန်ဆိုင်းဘုတ်ကို ရိုက်ပြထားခြင်းဖြစ်သည်။ မြေနယ်နိမိတ်ကို အစိုးရကပိုင်းခြားသတ်မှတ်ထားခြင်းဖြစ်သည်။ အကယ်၍ လမ်းနယ်နိမိတ် အတွင်းကျရောက်နေပါက ရွာသူရွာသားများသည် ၎င်းတို့အိုးအိမ်များ၊ ဈေးဆိုင်များ၊ စသည်များကို ဖြိုဖျက်ပေးရသည်။ [ဓာတ်ပုံ: KHRG]





ဤဓါတ်ပုံနှစ်ပုံအား ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ၊ ၂၄ ရက်နေ့တွင် ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်ရှိ အာရှအဝေးပြေးလမ်းမဘေးတွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ဘယ်ဖက်ခြမ်းရှိဓါတ်ပုံမှာ အစိုးရ၏အမိန့် ညွှန်ကြားချက်စာကို ရိုက်ပြထားခြင်းဖြစ်သည်။ အစိုးရက ရွာသူရွာသားများအား ၎င်းတို့၏ဈေးဆိုင်များကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့နောက်ဆုံးထားဖြိုဖျက်ပေးရန် ညွှန်ကြားထားသည်။ အကယ်၍ ၎င်းတို့၏ဈေးဆိုင်များကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့နောက်ဆုံးထားပြီး ဖြိုဖျက်မပေးပါက တရားစွဲဆိုခြင်းခံရမည် ဖြစ်သည်။ ညာဖက်ခြမ်းရှိဓါတ်ပုံမှာ အာရှအဝေးပြေးလမ်းမဘေးရှိအိမ်များနှင့်ဈေးဆိုင်များ၏ ဓါတ်ပုံဖြစ်သည်။ အစိုးရက ၎င်းတို့သည် လမ်းနယ်နိမိတ်အတွင်းရှိနေကြောင်းနှင့်၎င်းတို့၏ဈေးဆိုင်များကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့ နောက်ဆုံးထားဖယ်ရှားပေးရန် ညွှန်ကြားခဲ့သည်။ အကယ်၍ ၎င်းတို့၏ဈေးဆိုင်များကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့နောက်ဆုံးထားပြီး ဖြိုဖျက်မပေးပါက တရားစွဲဆိုခြင်းခံရမည် ဖြစ်သည်။ [ဓာတ်ပုံ: KHRG]

# VI
# အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ ကော့ကရိတ် - အိန္ဒြိုလမ်းအပိုင်းကိုအဆင့်မြှင့်ဆောက်လုပ်မည့် စီမံကိန်းနှင့် စပ်လျဉ်း၍ အလွန်အမင်းစိုးရိမ်ချက်များ

## က. မြန်မာ့ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လမ်းအဆင့်မြှင့်ရေးစီမံကိန်းသည်ထိခိုက်ရွှေ့ပြောင်းရသူများနှင့်ပတ်သက်ပြီး အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ချမှတ်ထားသောကာကွယ်စောင့်ရှောက်မှုဆိုင်ရာ လမ်းညွှန်မှုနှင့်မူဝါဒများကိုဖေါက်ဖျက်ခြင်း။

၂၀၁၅ ခုနှစ်အောက်တိုဘာလတွင် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) သည် ပြည်ထောင်စုမြန် မာနိုင်ငံဆောက်လုပ်ရေးဝန်ကြီးဌာန (MOC) ကို ဒေါ်လာ သန်း ၁၀၀ ချေးငွေပေးရန်သဘောတူခဲ့သည်။ ချေးငွေကို (၁) မြန်မာနိုင်ငံ အရှေ့ တောင်ဖက်ခြမ်း အိန္ဒြိုမှ ကော့ကရိတ်အကြားအဝေးပြေးလမ်းမကို ပြန်လည်တည်ဆောက်ခြင်း နှင့် (၂) လမ်းတိုးချဲ့ခြင်း (ထိုလုပ် ငန်းနှစ်ခုပေါင်း၍ စီမံကိန်းဟု ဤအစီရင်ခံစာက သုံးနှုန်းထားသည်။) တို့အတွက်ဖြစ်သည်။ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လအတွင်း တရုတ်နိုင်ငံ သတင်းဌာနတစ်ခုဖြစ်သော China Daily က တရုတ်အစိုးရပိုင် China Road and Bridge Coporation Ltd သည် အိန္ဒြိုနှင့်ကော့ကရိတ်အကြားရှိကားလမ်းကို လေးလမ်းသွားအဝေးပြေးလမ်းမကြီးအဖြစ်ချဲ့ထွင် တည်ဆောက်သွားရန် ဒေါ်လာသန်းပေါင်းများတန်စီမံကိန်းလုပ်ငန်းတင်ဒါကို အောင်မြင်ရရှိခဲ့ကြောင်း ဖေါ်ပြခဲ့သည်။ ဤသည်မှာ ၂၀၁၆ ခုနှစ်၊ မတ်လအတွင်း အစိုးရအပြောင်းအလဲဖြစ်ပြီးနောက်ပိုင်း တရုတ်ကုမ္ပဏီကို လူသိရှင်ကြားလုပ်ပိုင်ခွင့်ပေးသော ပထမဆုံးတင်ဒါဖြစ်သည်။[5]

လမ်းစီမံချက်သည် ကျေးရွာ ၁၇ ရွာနှင့် မြို့တစ်မြို့ကို ဖြတ်သန်းသွားသဖြင့် လမ်းတစ်လျှောက်နေထိုင်သူ ပြည်သူများ၏ ဘဝနေထိုင် မှုများနှင့် အသက်မွေးဝမ်းကျောင်းအပေါ် သက်ရောက်ခဲ့သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ADB ထံမှ ချေးငွေရရှိရန်အတွက် ၂၀၁၅ ခုနှစ် ဖွန်လတွင် Resettlement and Ethnic Group Development Plan ခေါ် ပြန်လည်နေရာချထားရေးနှင့် တိုင်းရင်းသားလူထုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တစ်ခုကို (ဤအစီရင်ခံစာတွင် ပြန်လည်အခြေချထားရေးအစီအစဉ်ဟု သုံးနှုန်းထားသည်) ADB ဆီသို့ တင်ပြခဲ့သည်။ ထိုပြန်လည် နေရာချထားရေးအစီအစဉ် တွင် တိကျသော လျော်ကြေးပေးနှုန်းသတ်မှတ်ချက်များနှင့် ထိခိုက်မှုကိုလျှော့ချရန်အတွက် လူထု၏စိုးရိမ်မှုနှင့်မကျေနပ်ချက်များတင်ပြတိုင်ကြားနိုင်စေမည့် လုပ်ထုံးလုပ်နည်းများအပါအဝင် အဓိကအရေးပါသောအစီအစဉ်များကို တိတိကျကျဖေါ်ပြခြင်းမရှိလင့်ကစား ADB သည် ဆောက်လုပ်ရေးဝန်ကြီးဌာနအားချေးငွေပေးရန် အတည်ပြုခဲ့သည်။ အထက်ဖေါ်ပြပါအားနည်းချက်များရှိနေသည့်တိုင် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ထိုအားနည်းချက်များကို ပြုပြင်ရန်မလုပ်ဆောင်ဘဲ စီမံ

ကိန်းအကောင်အထည်ဖော်ရန် စတင်လုပ်ဆောင်နေပြီဖြစ်ပြီး ADB ကလည်း ထိုလုပ်ရပ်နှင့်ပတ်သက်ပြီး ဝင်ရောက်စွက်ဖက်ခြင်းမရှိပါ။ စီမံကိန်း၏အကျိုးသက်ရောက်မှုကို ရင်ဆိုင်ရမည့်ပြည်သူများသည် ၎င်းတို့အသက်မွေးဝမ်းကြောင်းအပေါ် အကြီးအကျယ်သက်ရောက်မှုရှိမည့် ဤစီမံကိန်းနှင့်ပတ်သက်ပြီး ပြောရေးဆိုခွင့်တစ်စုံ တစ်ရာမရှိတော့ပေ။ စီမံကိန်းနှင့်ပတ်သက်ပြီး ၎င်းတို့ရေးဆွဲထားသောပြန်လည်နေရာချထားရေးအစီအစဉ်သည် ADB မှ ချမှတ်ထားသော ပြန်လည်နေရာချထားရေးဆိုင်ရာမူဝါဒများ[6]ထဲက အချက်များစွာနှင့်အစိုးရမဟုတ်သောအခြားနိုင်ငံတကာအဖွဲ့အစည်းများ၏ ကောင်းမွန်သောစံချိန်စံနှုန်းများကို လိုက်နာခြင်းမရှိပါ ။ ထို့အပြင် ပြောင်းရွှေ့ရမည့် ပြည်သူလူထုများ၏အခွင့်အရေးကို အကာအကွယ်ပေးရန်အတွက် လုပ်ဆောင်ရန်လိုအပ်သည့် အသေးစိတ်အချက်အလက်များမပါဝင်သလို စီမံကိန်းကြောင့် ငြိမ်းချမ်းရေးတည်ဆောက်မှုအပေါ် ဖြစ်လာနိုင်သည့်ဆိုး ကျိုးသက်ရောက်မှုများမည်သို့ရှိပြီး မည်ကဲ့သို့ကိုင်တွယ်ဖြေရှင်းရမည်နှင့်ပတ်သက်ပြီး ထည့်သွင်းထားခြင်းမရှိပေ။

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် နိုင်ငံအတွင်းရှိ မြေယာပိုင်ဆိုင်မှုနှင့် အသုံးချမှုကို စနစ်တကျ အကောင်အထည်ဖော်ရန်၊ စီမံခန့်ခွဲရန်အတွက်အမျိုးသားမြေယာအသုံးချမှုမူဝါဒကို ချမှတ်ခဲ့သည်။ မူဝါဒ၏ အခြေခံစည်းမျဉ်းလမ်းညွှန်တစ်ခုတွင် “မြေယာနှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုတွင် ကောင်းမွန်သော နိုင်ငံတကာလုပ်နည်းလုပ်ဟန်ကောင်းများကိုမြှင့်တင်အားထုတ်သွားရန်” ဟူ၍ပါရှိပြီး[7] ထိုအချက်သည်အထူးသဖြင့် ပြန်လည်နေရာချထားခြင်းနှင့် လျော်ကြေးပေးခြင်းများအတွက်ဖြစ်ကြောင်း ဖော်ပြထားသည်။

မြေယာသိမ်းခြင်း၊ ခွဲဝေခြင်း၊ ပြည်တွင်းစစ်ကြောင့် မြေယာမတရားသိမ်းယူခြင်း သို့မဟုတ် အတင်းအကြပ်ရွှေ့ပြောင်းခံရမှုနှင့်ဆက်စပ်သောပြန်လည်နေရာချထားခြင်း၊ လျော်ကြေးပေးခြင်း၊ ပြန်လည်ပြုစုပျိုးထောင်ခြင်းနှင့် ပြန်လည်အစားထိုးပေးခြင်းလုပ်ငန်းများဆောင်ရွက်သည့်အခါတွင်ရှင်းလင်းသော နိုင်ငံတကာလုပ်နည်းလုပ်ဟန်ကောင်းများနှင့် လူ့အခွင့်အရေးစံသတ်မှတ်ချက်များနှင့်အညီ ဖြစ်ရမည်။ ထို့အပြင် မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာအလိုက် ပါဝင်သင့်ပါဝင်ထိုက်သူများ၊ လူထုအဖွဲ့အစည်း၊ တိုင်းရင်းသား ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာနယ်ပယ်ကျွမ်းကျင်သူများ၏ ပါဝင်မှု ရှိရမည်။

ကိုယ်ပိုင်ဆန္ဒမပါဘဲ ပြောင်းရွှေ့နေထိုင်ရမှုများကိုလျှော့ချရန် အနည်းဆုံး အခြားရွေးချယ်နိုင်သည့်အစီအစဉ်များကိုဦးစားပေးရေးဆွဲပေးရန်လိုအပ်သောကောင်းမွန်သည့်နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ရေးဆွဲထားသော အမျိုးသားမြေယာအသုံးချမှု မူဝါဒကို တိတိကျကျလိုက်နာအကောင်အထည်ဖော်ရန်အတွက် လက်ရှိ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများတွင် တိကျရှင်းလင်းလုံလောက်သောပြဌာန်းချက်များမရှိပါ။ ထို့ကြောင့် ရလဒ်အဖြစ် ယခင်ကနှင့်မကြာသေးခင်အချိန်အထိ ကိုယ်ပိုင်ဆန္ဒမပါဘဲ အတင်းအဓမ္မပြောင်းရွှေ့နေထိုင်ရမှုများသည် တိုင်းပြည်တစ်ဝှမ်း များပြားစွာပျံ့နှံ့ဖြစ်ပွားခဲ့သည်။[8] ယခုအမျိုးသားမြေယာအသုံးချမှု မူဝါဒကို ရေးဆွဲအတည်ပြုလိုက်ခြင်းသည် ယခင်အပြု အမူများကိုပြောင်းလဲရန်နှင့် စီမံကိန်းများတွင် လူ့အခွင့်းချိုးဖောက်မှုများကို ထပ်မံမကျူးလွန်ရန် အဓိပ္ပါယ်သက်ရောက်ပါသည်။

## ခ. ပြန်လည်နေရာချထားရေးအစီအစဉ်သည် ကိုယ်ပိုင်ဆန္ဒမပါသောပြန်လည်နေရာချထားမှုကို နည်းသည်ထက်နည်းစေရန် အခြားရွေးချယ်စရာအစားထိုးလုပ်ငန်းအစီအစဉ်များ မည်သို့ရှိသည်နှင့်ပတ်သက်၍ ပြည့်ပြည့်စုံစုံ ထည့်သွင်းစဉ်းစားပေးရန် ပျက်ကွက်သည်။

ဖွံ့ဖြိုးရေးစီမံချက်များအတွက် ကိုယ်ပိုင်ဆန္ဒမပါသော ပြန်လည်နေရာချထားခြင်းသည် များသောအားဖြင့် နဂိုဘေးဖယ်ခံနေရသောပြည်သူလူထုအား ပိုမိုဆိုးရွားသော ဒုက္ခပြဿနာတွင်းထဲသို့တွန်းပို့စေသည်။ ADB က ငွေကြေးပံ့ပိုးပေးသောစီမံကိန်းများတွင် ကိုယ်ပိုင်ဆန္ဒမပါဘဲဖြစ်ပွားသောပြန်လည်ရေချထားမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့်သက်ရောက်မှုများကို လျှော့ချနိုင်ရန်အတွက် ၎င်းကချမှတ်ထားသောကာကွယ်စောင့်ရှောက်မှုဆိုင်ရာစည်းမျဉ်းများကဆိုထားသည်မှာ (၁) ကိုယ်ပိုင်ဆန္ဒမပါသော ပြန်လည်နေရာချထားမှုများကို ဖြစ်နိုင်သည့်အခြေအနေတွင်အတတ် နိုင်ဆုံး ရှောင်ကျဉ်ရမည်၊ (၂) စီမံကိန်းအကောင်အထည်အထည်ဖော်ရာတွင် အခြားအစားထိုးရွေးချယ်နိုင်မည့်လုပ်ငန်းပုံစံများကို ရှာဖွေဖော်ထုတ်ခြင်းအားဖြင့် ကိုယ်ပိုင်ဆန္ဒမပါသော ပြန်လည်နေရာချထားမှုများကိုလျှော့ချရမည်၊[9] ဟူ၍ဖြစ်သည်။ ကိုယ်ပိုင်ဆန္ဒမပါသောပြောင်းရွှေ့မှုနှင့်ပြန်လည်နေရာချထားမှုများကို လျှော့ချရန်အတွက် အားထုတ်ကြိုးပမ်းရာ၌ ADB သည် တစ်ခုတည်းသောအဖွဲ့မဟုတ်ပေ။ နိုင်ငံတကာငွေကြေး ကော်ပိုရေးရှင်း (IFC) က "ကိုယ်ပိုင်ဆန္ဒမပါသော ပြန်လည်နေရာချထားမှုများကို ရှောင်ကျဉ်သင့်သည်"[10] ဟုဆိုထားသလို ကမ္ဘာ့ကုလသမဂ္ဂအစားအစာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) ကလည်း "လူ့အခွင့်အရေးဥပဒေများအရ လူထုအာ၎င်းတို့နေရပ်မှဖယ်ရှားခြင်းသည် အထူးလိုအပ်သည့် (မဖြစ်မနေ) အခြေအနေများတွင်သာ ဖြစ်ပေါ်သင့်သည်" ဟုဆိုထားပြီး မည်သည့်စီမံကိန်းကိုမဆို အကောင်အထည်မဖော်ခင်အချိန်တွင် "အဟန့်အတားအနည်းဆုံးနှင့်အကောင်းဆုံးရလဒ်ရရှိအောင်ပြန်လည်နေရာချထားမည့်နေရာ၏ ဒေသခံမြေပိုင်ရှင်နှင့်ပြန်လည်ရွှေ့ပြောင်းနေထိုင်မည့်သူအများအတွက် ဖြစ်လာနိုင်သည့်ပြဿနာနှင့် ထိခိုက်မှုများအပါအဝင်ပြန်လည်နေရာချထားရေးအတွက် နေရာဒေသပိုင်းဆိုင်ရာဆန်းစစ်လေ့လာမှုများကို ပြုလုပ်ကာရွေးချယ်သင့်ရွေးချယ်ထိုက်သည့်နေရာများကို တင်ပြရမည်။"[11]

ADB ၏ ကိုယ်ပိုင်မူဝါဒ ရည်မှန်းချက်တွင် "ပြန်လည်နေရာချထားခြင်းသက်ရောက်မှုများ အနည်းဆုံးဖြစ်စေရန်အကောင်းဆုံးနည်းလမ်းမှာ ရုပ်ပိုင်းဆိုင်ရာပြောင်းရွှေ့မှု၊ မြေယာဆုံးရှုံးမှုသို့မဟုတ် ဝင်ငွေရလုပ်ငန်းများ ဆုံးရှုံးပျက်ဆီးမှုကြောင့် နစ်နာရသည့်ပြည်သူဦးရေနည်းနိုင်သမျှနည်းစေမည့် စီမံချက်များကို ရေးဆွဲရမည်။" မြန်မာဆောက်လုပ်ရေးဝန်ကြီးဌာနပင်လျှင် ပြန်လည်နေရာချထားမှုများမဖြစ်ရအောင် ရှောင်ရှားခြင်းသည် အရေးကြီးသော အရာဖြစ်သည်ကို လက်ခံသည်။ ၎င်း၏ပြန်လည်နေရာချထားရေးအစီအစဉ်တွင် ဆိုထားသည်မှာ "ADB ၏ ပြန်လည်နေရာချထားခြင်း မူဝါဒပါ အဓိကအချက်မှာ ကိုယ်ပိုင်ဆန္ဒမပါသော ပြန်လည်နေရာချထားမှုလိုအပ်ချက်ကို ဖြစ်နိုင်သမျှအတတ်နိုင်ဆုံး ရှောင်ကျဉ်ရမည်" ဖြစ်သည်။[12]

လူထုပြောင်းရွှေ့ရမှုနှင့်ပြန်လည်နေရာချထားရမည့်အခြေအနေများ လျော့နည်းနိုင်သမျှနည်းအောင် လုပ်ဆောင်ခြင်းသည် လွန်စွာအရေးကြီးသောအရာဖြစ်သည်ကို တစ်ကမ္ဘာလုံးက အသိအမှတ်ပြုနေသော်လည်း မြန်မာဆောက်လုပ်ရေးဝန်ကြီးဌာန၏ ပြန်လည်နေရာချထားခြင်းအစီအစဉ်တွင် လူထုပြောင်းရွှေ့ရမှုနှင့်ပြန်လည်နေရာချထားမှုများကို လျော့နည်းစေနိုင်မည့် အခြားထည့်သွင်းစဉ်းစားထားသည့် ရွေးချယ်စရာအစားထိုးနည်းလမ်းပုံစံများနှင့်ပတ်သက်၍ ဘေးဒုက္ခခံစားရမည့် ကျေးရွာလူထုအသိုင်းအဝန်းများနှင့် ဆွေးနွေးခဲ့သည်ဟူသောညွှန်ပြချက်တစ်စုံတစ်ရာမရှိပေ သို့မဟုတ် လုပ်ဆောင်ရန်ပင်စဉ်းစားခဲ့ခြင်းမရှိပေ။ ADB ၏ မူဝါဒကို လိုက်နာပါသည်ဟုပြသရန် ရည်ရွယ်အားထုတ်ပြီး ထည့်သွင်းထားသည့် တစ်ခုတည်းသောအရာမှာ "စီမံကိန်းနှင့်ပတ်သက်ပြီး အကြံပေးကူညီသူများသည် စီမံကိန်းကြောင့် မြေယာအသစ်ထပ်မံသိမ်းဆည်းမှုများနည်းပါးစေရန် ကြိုးပမ်းအား ထုတ်ခဲ့ကြသည်" ဆိုသောအချက်နှင့် "စီမံကိန်းအတွက် မြေယာသိမ်းဆည်းရယူမှုနှင့် အခြားထိခိုက်မှုမှုများနည်းအောင် စီမံကိန်းပိုင်းဆိုင်ရာအကြံပေးသူ၊ ဒေသခံပြည်သူများနှင့်စီးပွားရေးလုပ်ငန်းများရှင်များက ဆွေးနွေးကာ ကိုင်တွယ်ဖြေရှင်းနည်းများစွာထုတ်ခဲ့သည်"[13] ဟူ၍ တွေ့ရသည်။ အဆိုပါ မသဲကွဲသောဖေါ်ပြချက်များရှိသော်လည်း ၎င်းတို့၏ပြန်လည် နေရာချထားရေးအစီအစဉ်တွင် စီမံကိန်းပိုင်းဆိုင်ရာ အကြံပေးသူများက မည်သူမည် ဝါဖြစ်ပြီး ထိုအကြံပေးများက မည်သူမည်ဝါများနှင့် ဆွေးနွေးခဲ့သည် သို့ မဟုတ် ထိခိုက်သက်ရောက်မှုများလျော့ပါးစေရေးအတွက် ကိုင်တွယ်ဖြေရှင်းနည်းများဆိုသည်မှာ မည်သည် များဖြစ်သည်၊ စသည်များကို ရှင်းရှင်းလင်းလင်းကို ထုတ်ဖေါ်ခြင်းမရှိပေ။ နေရာပြောင်း ရွှေ့ရမည့်ပြည်သူများကိုယ်စားဆောင်ရွက်ပေးသည့်လူထုအခြေပြုလူမှုအဖွဲ့အစည်းများနှင့်ပညာရှင်ကျွမ်းကျင်သူများသည် စီမံကိန်းအတွက် အစားထိုးရွေးချယ်စရာနည်းလမ်း ဆန်းစစ်လေ့လာခြင်းများတွင် ပါဝင်ခြင်းရှိနှင့်ပတ်သက်၍ပြန်လည်နေရာချထားခြင်းအစီအစဉ်က ဖေါ်ပြထားခြင်းမရှိပေ။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် စီမံကိန်းကြောင့်ဖြစ်ပေါ်မည့် ရွှေ့ပြောင်းမှု၊ ပြန်လည်နေရာချထားမှုနှင့်သက်ရောက်မှုများနည်းသည်ထက်နည်းစေရန်ဆောင်ရွက်နိုင်မည်မနိုင်မည်၊ ရွှေ့ပြောင်းမှုပိုင်းဆိုင်ရာထိခိုက်မှုများကို နည်းပါးစေနိုင်မည့် အစားထိုးနည်းလမ်းပုံစံများ ၎င်းတွင်ရှိသည် မရှိသည်၊ စသည်များနှင့်ပတ်သက်၍ ADB အနေဖြင့် မှန်မှန်ကန်ကန်စီစစ်ဆုံးဖြတ်နိုင်ရန်အတွက် မြန်မာဆောက်လုပ်ရေးဝန်ကြီးဌာနမှတင်ပြပေးသော ပြန်လည်နေရာချထားရေးအစီအစဉ်ထဲတွင် လုံလောက်ပြည့်စုံသော သတင်းအချက်အလက်မရှိပါ။

## ဂ. ဆောက်လုပ်ရေးဝန်ကြီးဌာနသည် စီမံကိန်းမစတင်မီ လိုအပ်ချက်အရ ဆွေးနွေးတိုင်ပင်သင့်သူများနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်ခဲ့ခြင်း၊ သဘောထားရယူခြင်းများ မရှိခဲ့ပါ။

ပြန်လည်နေရာချထားခြင်းအစီအစဉ်အကောင်အထည်မဖေါ်ခင် စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်ပြည်သူများနှင့် လေးနက်စွာတွေ့ဆုံဆွေးနွေးအကြံဉာဏ်ရယူခြင်းသည် ပြန်လည်နေရာချထားခြင်းလုပ်ငန်းတိုင်း၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ADB မှငွေချေးယူသူများသည် စီမံချက်ကြောင့် ပြန်လည်နေရာချထားခြင်းနှင့် လျော်ကြေးပေးခြင်းများကို အကောင်းဆုံးကိုင်တွယ်ဆောင်ရွက်ရန်အတွက် စီမံကိန်း ကြောင့်ထိခိုက်မည့်ပြည်သူလူထုနှင့်တွေ့ဆုံကာ သတင်းအချက်အလက်ပေးခြင်းနှင့် ညှိနှိုင်းတိုင်ပင်အကြံဉာဏ်ရယူခြင်းများ လုပ်ရန်လိုအပ်သည်ကို ADB ၏ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ လမ်းညွှန်မှုက ဆိုထားသည်။ ထို့အပြင် ပြန်လည်နေရာချထားခြင်းအတွက် အစီအစဉ်ရေးဆွဲခြင်းနှင့်အကောင်အထည်ဖေါ်မှု အဆင့်များအတွင်း စီမံချက်နှင့်ဆက်နွှယ်သော သတင်းအချက်အလက်များအား သက်ဆိုင်ရာပြည်သူလူထု များကို အသိပေးရန် လိုအပ်သည်။ ADB က ချမှတ်ထားသော စံသတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရန် အလို့ငှာ လေးနက်အဓိပ္ပါယ်ရှိသော လူထုတွေ့ဆုံအကြံဉာဏ်ရယူမှုကို အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆို ထားသည်။[14]

> "လေးနက်ပြီးအဓိပ္ပါယ်ပြည့်ဝသည့် ဆွေးနွေးတိုင်ပင်ညှိနှိုင်းမှုလုပ်ငန်းစဉ်တစ်ခု ဆို သည်မှာ (၁) စီမံကိန်း စတင်ပြင်ဆင်သည့်အဆင့်တွင် ပြုလုပ်ပြီး စီမံကိန်းအကောင်အထည်ဖေါ်နေစဉ် တစ်လျှောက် လိုအပ်သလို ပုံမှန်ဆက်လက်လုပ်ဆောင်သွားသောလုပ်ငန်းစဉ်၊ (၂)စီမံကိန်းကြောင့်ထိခိုက်နစ်နာရသူများအတွက် သက်ဆိုင်ရာသတင်းအချက်အလက်များကို ၎င်းတို့သဘောပေါက်နားလည်လွယ်သောဘာသာစကားဖြင့် လွယ်ကူစွာရယူနိုင်သောနေရာတွင် အချိန်မီ လုံလုံလောက်လောက် ထုတ်ပြန်ပေးခြင်းသောလုပ်ငန်းစဉ်နှင့် (၃) ဆွေးနွေးတိုင်ပင်ခြင်းကို ခြိမ်းခြောက်ခြင်းနှင့် အကျပ်ကိုင်ခြင်းကင်းဝေးသည့်ဝန်းကျင်အခြေအနေအောက်တွင် ပြုလုပ်သောလုပ်ငန်းစဉ်၊ ဟူ၍ ဖြစ်သည်။"






အာရှလမ်းမကြီးကို တစ်ဖက်လျှင် ၃၅ မီတာစီ ချဲ့ကာ ရွာသားများ၏ လယ်ယာမြေထဲတွင် တို့ချဲ့ဆောက်လုပ်မည်ဖြစ်ပြီး လယ်မြေများသည် လမ်းနယ်ထဲတွင်ရှိနေသောကြောင့် ဆုံးရှုံးသွားမည့်လယ်ယာမြေများအတွက် လျော်ကြေးရရှိမည်မဟုတ်ပါ။ အထက် ဓါတ်ပုံ KESAN၊ အောက်ဓါတ်ပုံ -THWEE

အကယ်၍ အဆိုပါထုတ်ပြန်ချက်များကိုသာ လိုက်နာစောင့်ထိန်းခဲ့ပါက စီမံကိန်းမှပေါ်ထွက်လာမည့် ဆိုးကျိုးများကို နည်းပါးစေခဲ့လိမ့်မည်ဖြစ်ပြီး FPIC ခေါ် အချိန်မှီကြိုတင်သတင်းအချက်အလက်ရရှိကာ လွတ်လပ်စွာ သဘောထားပေးပိုင်ခွင့်ဟူသော ဒေသခံလူထု၏အခွင့်အရေးကိုလည်းလေးစားလိုက်နာရာကျမည်ဖြစ်သည်။ သို့သော်ငြားလည်းလက်တွေ့မြေပြင်မှပေါ်ထွက်လာသော သတင်းအချက်အလက်များ သည် ဆန့်ကျင်ဘက်အခြေအနေအမှန်ကို ဖေါ်ပြလျက်ရှိသည်။ စီမံကိန်းကြောင့် ထိခိုက်နစ်နာရသည့် လူမှုအသိုင်းအဝိုင်းများနှင့် အဓိပ္ပါယ်ပြည့်ဝသည့်ဆွေးနွေးတိုင်ပင် ညှိနှိုင်းမှုသည် စီမံကိန်းလုပ်ငန်းစဉ်တစ်ခုလုံးတွင် အမှန်တကယ်မရှိခဲ့ပါ။ ရွာသူရွာသားအများအပြားသည် ၎င်းတို့၏ပစ္စည်းဥစ္စာများမည်သည့် အချိန်တွင် သိမ်းဆည်းခြင်းခံရမည်၊ လမ်းဆောက်လုပ်ရေးလုပ်ငန်းများ မည်သည့် အချိန်တွင် စတင်မည်၊ ထိုက်သင့် သည့်လျော်ကြေးငွေရမည် မရမည်၊ စသည်များနှင့်ပတ်သက်ပြီး ရှင်းလင်းတိကျစွာမသိ ရှိကြသေးပါ။

ထို့အပြင်၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ၊ စီမံကိန်းအတည်မပြုခင် အာရှဖွံ့ဖြိုးရေးဘဏ်(ADB) သည် လမ်းတစ် လျှောက်ရှိ စီမံကိန်းကြောင့်ထိခိုက်နစ်နာရမည့် လူထုများကို စီမံကိန်းနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ အပြည့်အဝပေးရန် ပျက်ကွက်ခဲ့သလို ၎င်းတို့နှင့်တိုင်ပင်ဆွေးနွေးညှိနှိုင်းမှုပြုလုပ်ရမည့် ၎င်း၏တာ ဝန်ကိုလည်း ပျက်ကွက်ခဲ့ သည်။ မြန်မာ့ ဆောက် လုပ်ရေးဝန်ကြီးဌာန၏ ပြန်လည်နေရာချထား ရေးအစီအစဉ်ကို စီမံကိန်းကြောင့် ထိခိုက်မည့်ရွာသူရွာသားများနှင့် ကြိုတင်ညှိနှိုင်းမှုမှတစ်စုံတစ်ရာမရှိပဲ သို့မဟုတ် ရွာသူရွာသားများသိရှိခြင်းမရှိပဲ ၂၀၁၅ ခုနှစ်၊ ဇွန်လတွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ်၊ ဇွန်လ အလယ်တွင် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ ကိုယ်စားလှယ်များက ၎င်းတို့နှင့်လာ ရောက်စကားပြောဆိုသည် ကို ရွာသူရွာသားများကဝန်ခံကြသည်။ သို့သော်လည်း ရွာသား များက ၎င်းတို့မြေယာများဆုံးရှုံးမှုအတွက် လျော်ကြေးငွေရမရကို မေးမြန်းသည့်အခါအာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ကိုယ်စားလှယ်များက မည်သည့်သတင်းအချက်အလက် မျှမပေးခဲ့ပေ။ ထို့ကြောင့် အဆိုပါတွေ့ဆုံမှုသည် ပြည့်စုံလုံလောက်မှုမရှိသည့် တွေ့ဆုံမှုဖြစ်ခဲ့သည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) သည် စီမံကိန်းကြောင့် ထိခိုက်နစ်နာရသည့် ကျေးရွာ (၆) ရွာနှင့်ထပ်မံ၍ တိုင်ပင်ဆွေးနွေးမှုများပြုလုပ်ခဲ့သော်လည်း အဆိုပါ တွေ့ဆုံဆွေးနွေးမှုများသည်လည်း ပြည့်စုံလုံလောက်မှုမရှိသလို စီမံကိန်းကိုအတည်ပြုပြီးချိန်နောက်ပိုင်းမှာသာ အဆိုပါတွေ့ဆုံမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ တွေ့ ဆုံဆွေးနွေးမှုများမှ ရွာသူရွာသားအများစုသည် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ စီမံကိန်း နှင့်လုပ်ငန်းစဉ်ကို အသေးစိတ်သိရှိခဲ့ခြင်းမရှိသည်မှာ ရှင်းလင်းထင်ရှားသည်။ စီမံကိန်းစ တင်မည့်နေ့ရက်ကိုပင် ၎င်းတို့မသိရှိခဲ့ရပါ။ ရွာသူရွာသားများက မေးခွန်းများ မေးသည့်အခါ အာရှဖွံ့ဖြိုးရေး ဘဏ် (ADB) ၏ ကိုယ်စားလှယ်များက ကျေနပ်လောက်သည့် အဖြေပေးနိုင်ခြင်းမရှိခဲ့ကြပါ။ အာရှဖွံ့ဖြိုးရေး ဘဏ် (ADB) က FPIC ခေါ် အချိန်မှီကြိုတင်သတင်းအချက်အလက်ရရှိကာ လွတ်လပ်စွာသဘောထားပေး ပိုင်ခွင့်ဟူသော လူထုအခွင့်အ

ရေးကို လေးစားလိုက်နာမည်ဟု ကြွေးကြော်ခဲ့သော်လည်း အာရှဖွံ့ဖြိုးရေး ဘဏ် (ADB) သည် ၎င်း၏ကတိကဝတ်များကို လိုက်နာကျင့် သုံးနိုင်မည့်အလားအလာရှိပုံမပေါ်ပါ။ ထို့အပြင် လူထုနှင့်ပြုလုပ်ခဲ့သည့် ယခင် တွေ့ဆုံဆွေးနွေးတိုင်ပင်ညှိနှိုင်းမှုများတွင် တွေ့ဆုံမှုမတိုင်ခင် လူထုဖက်မှ စီမံကိန်းကိုကြိုတင်သုံးသပ်ပြီး တွေ့ဆုံဆွေးနွေးပွဲအတွက် အရေးပါသောမေးခွန်းများကို ပြင်ဆင်နိုင်ရန် သို့မဟုတ် ပေးသင့်ပေးထိုက်သည့်အကြံပြုချက်များပြင်ဆင်နိုင်ရန်အတွက် ပြည့်စုံလုံလောက်သော သတင်းအချက်အလက်များကို ရွာသူရွာသားများက ကြိုတင်မရရှိခဲ့ကြပါ။ ရွာသူရွာသားများရရှိခဲ့သည့် သတင်းအချက်အလက်များကိုလေ့လာကြည့်ပါက အသုံးပြုထားသောဘာသာစကားအသုံးအနှုန်းများသည် ပညာရပ်ဆန်လွန်းအားကြီးသော ကြောင့် ရွာသူရွာသားများ အလွယ်တကူနားလည်ရန် ခက်ခဲသည်။

ပြန်လည်နေရာချထားခြင်းအစီအစဉ်သည် အများပြည်သူအား သတင်းအချက်အလက်ပေးသည့်အစည်းအဝေးများကိုကနဦးမြေယာစစ်တမ်းကောက်ယူမှုမတိုင်ခင်နှင့်စစ်တမ်းကောက်ယူပြီးနောက်ပိုင်းတစ်လျှောက် စီမံကိန်းကြောင့် ထိခိုက်မည့်ရွာတစ်ရွာချင်းစီမှ နစ်နာသည့်ရွာ သူရွာသားများနှင့်တွေ့ဆုံကာ ပြုလုပ်ပေးခဲ့သည်ဟု အခိုင်အမာပြောဆိုသော်လည်း ထိုပြန်လည်နေရာချထားရေးအစီအစဉ်အစီရင်ခံစာထဲတွင် ဖော်ပြထားသော၏အကျဉ်းချုပ်သတင်းအချက်အလက်အရ ကျေးရွာလေးရွာတွင်သာ စစ်တမ်းမတိုင်မီ ဆွေးနွေးမှုများပြုလုပ်ခဲ့သည်ဟု ဖော်ပြထားသည်။ ထိုဆွေးနွေးမှုအားလုံးကို တစ်နေ့တည်းတွင်လုပ်ခဲ့သည့် ပုံသဏ္ဍာန်ရှိနေသည်။[15] ထို့အပြင် ပြန်လည်နေရာချထားရေးအစီစဉ်အစီရင်ခံစာက ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် ဆွေးနွေးညှိနှိုင်းမှုအားလုံးလုပ်ဆောင်ခဲ့ပြီးဖြစ်သည်ဟု ပြောဆိုသော်လည်း စီမံချက်ကြောင့်နစ်နာရသည့် လူမှုအသိုင်းအဝန်းများအနက် တစ်စုနှင့်သာလျှင်ထိုအချိန်က လုပ်ဖြစ်ခဲ့ကြောင်း ကရင်လူ့အခွင့်အရေး အဖွဲ့က ၂၀၁၅ ခုနှစ် မတ်လတွင် အစီရင်ခံထုတ်ပြန်ခဲ့သည်။[16]လူထုတွေ့ဆုံဆွေးနွေးမှုလုပ်ဖြစ်ခဲ့သောရွာတစ်ရွာဖြစ်သည့် သာယာကုန်းရွာတွင် ရွာသားများက ၎င်းတို့ဆုံးရှုံးရမှုများအတွက် လျော်ကြေးပေးခြင်းရှိမရှိမေးသည့်မေးခွန်းနှင့်ပတ်သက်၍ ADB ကိုယ်စားလှယ်များက တစ်စုံတစ်ရာ သတင်းအချက်အလက်မပေးခဲ့ပေ။[17] လူထုနှင့် လေးလေးနက်နက်အဓိပ္ပါယ်ပြည့်ဝစွာ တွေ့ဆုံပြီးသဘောထားရခဲ့မှုသည် မရှိသလောက်အား နည်းခဲ့သော်လည်း မြေစစ်တမ်းကောက်ယူသောအဖွဲ့များသည် ၂၀၁၄ ခုနှစ်နောင်ပိုင်းမှ စ၍ လမ်းနယ်ချဲ့ ထွင်ရန်နှင့် အဆင့်မြှင့် ရန်လျာထားသော အဝေးပြေးလမ်းမတစ်လျှောက် ဆိုင်းဘုတ်များနှင့် သင်္ကေတမှတ်တိုင်များ စိုက်ထူခဲ့သည်ကို မြင်တွေ့နေရသည်။ အဆိုပါလမ်းမ မှတ်တိုင်များကြောင့် လမ်းမတစ်လျှောက်နေ ထိုင်သူ ရွာသားများမှာ"၎င်းတို့၏ပစ္စည်းဥစ္စာနှင့်အိုးအိမ်များ မည်သည့်အချိန်တွင် သိမ်းယူခြင်းခံရမည်၊ လမ်း ဆောက်လုပ်ရေးလုပ်ငန်းများ မည်သည့်အချိန်တွင် စတင်မည်၊ ဆုံးရှုံးမှုများအတွက် လျော်ကြေးရမည် မရ မည်" စသည့် စိုးရိမ်ပူပန်မှုများအောက်၌ နေ့စဉ်နေထိုင်နေရသည်။"[18]

ထိုသို့စိုးရိမ်ထိန့်လန့်မှုများအောက်တွင် နေထိုင်ရစဉ်တွင် နောက်ပိုင်းထွက်ပေါ်လာသော ပြန်လည် နေရာချထားရေးအစီအစဉ်သည်လည်း ရွာသားများ၏စိုးရိမ်မှုကို မလျော့နည်းစေ

သည့်အပြင် မျှတသောလျော်ကြေးပေးခြင်းနှင့်ပတ်သက်၍လည်း အဓိပ္ပါယ်ပြည့်ဝသောသတင်းအချက်အလက်မပါရှိပေ။ ထိုအစား ပြန်လည်နေရာချထားရေးအစီအစဉ်တွင် သေချာစွာတွက်ချက်ရှင်းပြထားမှုမရှိဘဲ ကြိုတင်ခန့်မှန်းတွက်ချက်ထားသော လျော်ကြေးပမာဏကိုသာဖေါ်ပြလျက် ပြန်လည်နေရာချထားခြင်းအစီအစဉ်အစီရင်ခံစာကို နောက်ဆုံးအဆင့်အတည်မပြုခင်တွင် လျော်ကြေးပေးနှုန်းထားများ ကိုထပ်မံတင်ပြမည်ဟုသာ ကတိပေးထားသည်။[19] ပြန်လည်နေရာချထားရေးအစီအစဉ်သည် နားလည်ရန်ခက်ခဲမှုနှင့် မရှင်းလင်းမှုနှင့်ပြည့်နက်နေသည်။ စီမံချက်၏ထုတ်ပြန်ချက်များပါ အခန်းတစ်ခုတွင် လျော်ကြေးပေးမှုများကို "မိုးရာသီမတိုင်ခင် ၂၀၁၆ ခုနှစ် အစပိုင်းလေးလအတွင်း"[20] တွင် ထုတ်ပေးသွားမည်ဟု ပြောထားသော်လည်း အကောင်အထည်ဖေါ်ရေးအချိန်ဇယားတွင် လျော်ကြေးငွေများကို " ၂၀၁၆ ခုနှစ် စက်တင်ဘာလမှ"[21] ပေးနိုင်မည်ဟု ခန့်မှန်းထားသည်။

ADB နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် စီမံချက်အကောင်အထည်မဖေါ်ခင် နစ်နာရမည့်ဒေသခံရွာသားများအား အသိပေးခြင်းများပြုလုပ်ပြီး ၎င်းတို့ထံမှအကြံဉာဏ်ရယူခဲ့သည့်တိုင် မြန်မာနိုင်ငံတွင် တရားဝင်မြေယာအခွင့်အရေးအားနည်းမှုကြောင့် နစ်နာရသူများအနေဖြင့် လုပ်ငန်းအပေါ် ၎င်းတို့၏သဘောတူညီချက် မှန်မှန်ကန်ကန်ပေးနိုင်ရန် အခက်အခဲရှိနေသေးသည်။ မြေယာကိစ္စနှင့်ပတ်သက်၍ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (Human Rights Watch) ကလည်း အောက်ပါအတိုင်း သတိပေးထားသည်။[22]

> မြန်မာနိုင်ငံတွင် မြေယာသိမ်းဆည်းခြင်းနှင့် လျော်ကြေးအလုံအလောက်ပေးခြင်းရှိ သည့်ပြဿနာများသည် ပိုများပြားလာနေဆဲဖြစ်သည်။ အထူးသဖြင့် လယ်သမားများက ဤပြဿနာကို ရင်ဆိုရသူများဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြည်သူများ၏ မြေယာပိုင်ဆိုင်ခွင့်ကို အာမခံကာကွယ်ပေးသည့် မြေယာဥပဒေအသစ်၊ အထူးသဖြင့် အသေးစားလယ်သမားများအတွက်ပြဌာန်းကာ နိုင်ငံတကာလူ့အခွင့်အရေးစံသတ်မှတ်ချက်များနှင့်အညီ ဖြစ်အောင်ဆောင်ရွက်သင့်သည်။ လက်တလောအခြေအနေတွင် လယ်သမားများသည် တရားဝင်မြေယာပိုင်ဆိုင်ခွင့်မရှိသောကြောင့်မြေကို အပေါင်ခံပစ္စည်းအဖြစ်အသုံးမပြုနိုင်သဖြင့် စီးပွားရေးအခက်အခဲများနှင့်ရင်ဆိုင်ရသည့်အပြင်၊ ၎င်းတို့ပိုင်ဆိုင်သောမြေပေါ်မှ အတင်းအကြပ်ဖယ်ရှားခံရနိုင်သော အကာအကွယ်မဲ့ဘဝသို့ရောက်နိုင်သည့်အနေအထားထဲတွင် ရှိနေသည်။ နိုင်ငံအစိုးရမှ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အစည်းအား မည်သည့်မြေပေါ်တွင် မည်သည့်သီးနှံစိုက်ပျိုးရမည်နှင့်ပတ်သက်ပြီး အမိန့်ပေးနိုင်သည့်အထိ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အစည်းအပေါ် နိုင်ငံအစိုးရ၏ထိန်းချုပ်မှု အလွန်များလွန်းသည်။မြေယာပြုပြင်ပြောင်းလဲမှုကို အခြားဥပဒေပြုပြင်ပြောင်း လဲမှုများနှင့်အတူတကွ ဆောင်ရွက်သင့်သည်။ ထိုမှသာ အခွင့်အရေးများချိုးဖောက်ခံရသည့်အချိန်တွင် တရားမျှတမှုကို ဖေါ်ထုတ်နိုင်မည်ဖြစ်သည်။

ပြန်လည်နေရာချထားရေးအစီအစဉ်တွင် မှန်ကန်စွာဖေါ်ပြထားသကဲ့သို့ပင် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေတွင် မြေယာအခွင့်အရေးနှင့်ပတ် သက်ပြီးမှတ်တမ်းတင်ရန်အတွက် မြေယာအသုံးပြုမှုမှတ်ပုံတင်ခြင်းစနစ်ကို ဖွဲ့စည်းခဲ့သော်လည်း "၎င်းအစီအစဉ်အကောင်အထည်ဖေါ်ရန် ယန္တရားများအဆင်သင့်မဖြစ်သေးပေ။"[23] နေရပ်စွန့်ခွာရွှေ့ပြောင်းရသူပြည်သူများအဖို့ ၎င်းတို့ စွန့်လွှတ်ဆုံးရှုံးလိုက်ရသော အခွင့်အရေးများကိုသော်လည်းကောင်း၊ လျော်ကြေးအမျိုးအစားအတိအကျ သို့မဟုတ် ရသင့်သည့်လျော်ကြေးပမာဏအတွက်မည်သို့စည်းရုံးတိုက်တွန်း အတိုက်အခံပြုရနှင့်ပတ်သက်၍သော်လည်းကောင်း၊ နားလည်နိုင်သည့် အခြေအနေတွင်မရှိသေးပေ။ ရှင်းလင်းတိကျသော မြေယာအခွင့်အရေးများဖေါ်ပြထားခြင်းမရှိဘဲ "သတင်းအချက်အလက်ကြိုတင်ရရှိထားသည့် ခြိမ်းခြောက်ဖိအားပေးမှုကင်းသော သဘောတူညီမှု" ကို လူထုထံမှမှန်မှန်ကန်ကန်ရရှိရန် မဖြစ်နိုင်ပါသည်။ အစိုးရက နောက်ဆုံးမြေယာအသုံးပြုမှုစနစ်စီမံခန့်ခွဲရေးကို တရားဝင်ပြုရန်ကြိုးပမ်းသည့် အချိန်တွင်လည်း ယခုစီမံကိန်းသည် နဂိုရှုပ်ထွေးသော မြေယာအခြေအနေကို ပိုမိုဆိုးရွားစေမည်ဖြစ်သည်။ အထက်ပါဖေါ်ပြခဲ့သည့်အတိုင်းပင် "သတင်းအချက်အလက်ကြိုတင်ရရှိထားသည့် ခြိမ်းခြောက်ဖိအားပေးမှုကင်းသော သဘောတူညီမှု"ကို လူထုထံမှ မှန်မှန်ကန်ကန်ရယူရန် မဖြစ်နိုင်သည့် အခြေအနေတွင် အာရှအဝေးပြေးလမ်းမစီမံကိန်းကဲ့သို့သော ဆောက်လုပ်ရေးစီမံကိန်းများကို အကောင်အထည်ဖေါ်ခြင်းသည် အမျိုးသားမြေယာအသုံးချမှု မူဝါဒတွင် ပါရှိသောကောင်းမွန်သည့် နိုင်ငံတကာစံချိန်စံနှုန်းများကို ပြတ်ပြတ်သားသားငြင်းပယ်လိုက်ခြင်းပင် ဖြစ်သည်။ သက်ဆိုင်ရာမြေယာအခွင့် အရေးများကို အသေးစိတ်ရှင်း လင်းချပြခြင်း မရှိသောလုပ်ငန်း စဉ်တစ်ခုတွင် မြေယာအခွင့်အရေးထိခိုက်နစ်နာသူတစ်ဦး သို့မဟုတ် အစိုးရအရာရှိ သို့မဟုတ် အယူခံတရားရုံးတစ်ရုံးသည် မည်သို့ထိထိရောက်ရောက်ပါဝင်နိုင်မည်နည်း။

## ဃ. မအောင်မြင်သော ဆွေးနွေးတိုင်ပင်ညှိနှိုင်းမှု - အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ တိုင်ပင်ဆွေးနွေးပွဲများနှင့် ရွာသူရွာသားများ၏တုံ့ပြန်ချက်များ

### တွေ့ဆုံမေးမြန်းမှု (၁)

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) သည် စီမံကိန်းနှင့်ပတ်သက်၍ ရွာသူရွာသားများကောင်းစွာနားလည်သဘောပေါက်စေရန် လုံလောက်သည့်အချိန် သို့မဟုတ် လုံလောက်သည့်သတင်းအချက်အလက်များ မပံ့ပိုးပေးခဲ့ပါ။ စီမံကိန်းသည် ရွာသူရွာသားများအပေါ် မည်ကဲ့သို့အကျိုးသက်ရောက်မှုရှိနိုင်သည်၊ ထိနစ်နာမှုများအတွက် လျော်ကြေးမည်ကဲ့သို့ရရှိမည်၊ စီမံကိန်းနှင့်ပတ်သက်ပြီး ၎င်းတို့တွင် မည်သည့်အခွင့်အရေးများရှိသည်၊ နှင့် မကျေနပ်ချက်နှင့်စိုးရိမ်မှုများရှိလျှင် မည်သို့သွားရောက်တိုင်ကြားနိုင်သည်၊ စသည့် သတင်းအချက်အလက်များ မရှိပါ။

*ဝဲကရင်ကျေးရွာမှ နန်းမိုး (အမည်ရင်းမဟုတ်) ၏ အဆိုအရ ၂၀၁၅ ခုနှစ်အစောပိုင်းတွင် ဆောက်လုပ်ရေး ဝန် ကြီးဌာနသည် လမ်းနယ်မြေသတ်မှတ်ရန်လာရောက်ခဲ့ပြီး ၂၀၁၄ ခုနှစ် နောက်ပိုင်း ဆောက်လုပ်သည့် အိုး အိမ်၊ အဆောက်အဦးများသည် လျော်ကြေးငွေရမည့်အထဲတွင် အကျုံးဝင်လိမ့်မည်မဟုတ်ဟုပြော ကြားခဲ့သည်။[24] အာရှဖွံ့ဖြိုးရေးဘဏ် (ADB) သည် လူထုတွေ့ဆုံညှိနှိုင်းအစည်းအဝေးပြုလုပ်ရန်လာ ရောက်ခဲ့ပြီး လက်ကမ်းစာစောင်များ၊ စာရွက်စာတမ်းများကို ဝေငှသွားခဲ့သည်။ သို့သော် အကြောင်းအ ရာတစ်ခုကိုမျှ သူမနားမလည်ခဲ့ဟု ပြောဆိုသည်။*

*အစည်းအဝေးအတောအတွင်း မြေယာကိစ္စကိုသော်လည်းကောင်း၊ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍သော် လည်း ကောင်း မည်သူတစ်ဦးမျှ ပြောကြားခဲ့ခြင်းမရှိဟု ဆိုသည်။ အစည်းအဝေးအတွင်း ရွာသူရွာသားများက လျော်ကြေးငွေအကြောင်းကို မေးမြန်းခဲ့ကြသော်လည်း အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ကသော်လည်း ကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနကသော်လည်းကောင်း၊ ရှင်းလင်းသည့်အဖြေများမပေးနိုင် ခဲ့ကြပဲ မြေယာပိုဆုံးရှုံးသူများအတွက် လျော်ကြေးငွေပိုမိုပေးမည်ဟုသာ ပြောကြားခဲ့သည်။ လမ်းဖောက်လုပ် သည့်အချိန်တွင် လမ်းဘေးဈေးများသည် ၎င်းတို့၏ဈေးဆိုင်များကို ပိတ်ထားရ လိမ့်မည်ဖြစ်ပြီးနေ့ တွက်နှုန်းဖြင့် လျော်ကြေးပေးအပ်သွားမည့်အကြောင်းကို ရွာသားများအား ပြောကြားခဲ့သည်။*

*နန်းမိုး၏လမ်းဘေးဈေးဆိုင်မှ အစားအသောက်ရောင်းချ၍ ရသည့်နေ့စဉ်ဝင်ငွေသည် တစ်ရက်နှစ်သိန်း ဖြစ်သော်လည်း သူမအိမ်အတွက်လျော်ကြေးငွေရမည်၊ မရမည်ကိုမူ သိရှိရခြင်းမရှိသေးပါ။ အဘယ် ကြောင့်ဆိုသော် စီမံကိန်းအကောင်အထည်ဖော်သူများက အိုးအိမ်နှင့် အဆောက်အဦးများအတွက် လျော်ကြေးပေး ခြင်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာထုတ်ဖော်ပြောကြားခြင်း မရှိသေးခြင်းသောကြောင့် ဖြစ်သည်။ လမ်းဖောက်လုပ်မှုကြောင့် သူမ၏အိမ် ဘေးလွတ်မည်၊ မလွတ်မည်ကိုလည်း မသိရှိရပါ။ စီမံ ကိန်းနှင့် ပတ်သက်၍ သူမအားသတင်းအချက်အလက်လာရောက်ချပြသည့်ပုံစံအပေါ် သူမစိတ်တိုင်းကျ ခြင်း မရှိပါ။*

## တွေ့ဆုံမေးမြန်းခြင်း (၂)

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) သည် ဒေသတွင်းရှိအစိုးရဝန်ထမ်းများ၊ ဒေသ၊ မြို့နယ်နှင့် တိုင်းရဲတပ်ဖွဲ့များကို ဆွေးနွေးညှိနှိုင်းပွဲများသို့ခေါ်လာခြင်းကြောင့် ရွာသူရွာသားများမှာ အာရှအဝေးပြေးလမ်းဖောက်လုပ်ခြင်းနှင့် ပတ်သက်၍ ၎င်းတို့၏ စိုးရိမ်ဖွယ်ပူပန်မှုများကို လွတ်လပ်စွာပြောဆိုတင်ပြရန် စိုးရွံ့ခဲ့ရသည့်အခြေအနေ များ ဖြစ်စေခဲ့သည်။

*"အာရှဖွံ့ဖြိုးရေးဘဏ် (ADB) က လူတွေလာပြီးတော့ ရွာသူရွာသားတွေနဲ့ ဆွေးနွေးတိုင်ပင်ပွဲတွေလုပ် မယ် ဆိုတာကို ကျေးရွာမြေစာရင်းအရာရှိကနေတစ်ဆင့် သိရတယ်။ နောက်တစ်နေ့မှာ ကျုံဒိုးမြို့အနား က ရွာသူရွာသား ၇၀ က ဆွေးနွေးတိုင်ပင်ပွဲကိုလာကြတယ်။ ဆွေးနွေးတိုင်ပင်ပွဲကို အစိုးရ ဖက်ကဒေသခံ ရဲတွေ၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေးနဲ့ လျှပ်စစ်စွမ်းအင်ဌာနကဝန်ထမ်းတွေ၊ တိုင်းရဲတပ်ဖွဲ့ ဝင်တွေလည်း လာတက်ကြတယ်။ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)က ဝန်ထမ်းတွေက အစိုးရဝန် ထမ်းတွေ နဲ့ရှုံးမှာ မကြာမကြာလာတွေ့ကြတယ်။"*

*ဦးတီ (အမည်ရင်းမဟုတ်)၊ ကျုံဒိုးမြို့၊ ၁၆ ဒီဇင်ဘာ ၂၀၁၅။*

### တွေ့ဆုံမေးမြန်းမှု (၃)

လမ်းဆောက်လုပ်ရေးကြောင့် ထိခိုက်နစ်နာခဲ့ရသူများအတွက် လျော်ကြေးငွေမည်သို့ပေးအပ်မည်ကိုသိ ရှိရခြင်းမရှိသေးပါ။ ထိုင်းအစိုးရ၏ "အိမ်နီးခြင်းနိုင်ငံများစီးပွားရေးဖွံ့ဖြိုးတိုးတက် မှုပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ" (NEDA) က ငွေကြေးထောက်ပံ့ကာ ဆောက်လုပ်ပေးခဲ့သည့်မြဝတီမြို့မှ သင်္ကန်းညီနောင်အကြား လမ်းဆောက်လုပ်မှုစီမံကိန်းမှအတွေ့အကြုံအရ လျော်ကြေးငွေများကို ဒေသဆိုင်ရာအစိုးရက ပေးအပ်ခဲ့ခြင်းဖြစ်ပြီး လျော်ကြေးငွေပမာဏမည်မျှပေးသင့်သည်၊ လျော်ကြေးရခွင့်ရှိသည့် ပိုင်ဆိုင်မှုအမျိုးအစားက မည်သည်များဖြစ်သည်၊ စသည်ကို ၎င်းတို့ကသာ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ လျော်ကြေးငွေပေးဆောင်သင့်သည့်ပမာဏနှင့်ပတ်သက်ပြီး ရွာသူရွာသားများက ပါဝင်ဆုံးဖြတ်ခွင့်မရှိခဲ့ပါ။ ယခုအခေါက်တွင်မူ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လျော်ကြေးငွေနှုန်းထားများကို အသေးစိတ်ပြင်ဆင်သတ်မှတ်ရန်အတွက် လျော်ကြေးနှုန်းထားတွက်ချက်သုံးသတ်မှုနှင့်ပတ်သက်ပြီး အတွေ့အကြုံရှိသည့်ပညာရှင်ကို ငှားရမ်းခဲ့သည်။ သို့သော် ယခင်ကဲ့သို့ပင် ရွာသားများ၏ အကြံပြုချက်တစ်စုံတစ်ရာမပါပဲ ဆုံးဖြတ်ချက်များချမည်သာ ဖြစ်သည်။[25]

> *"အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ရဲ့ဆွေးနွေးတိုင်ပင်ပွဲကို ဒေသခံကျေးရွာမြေစာရင်းအရာရှိကနေတစ်ဆင့်သိခဲ့ရတယ်။ ကျနော်တို့ရွာက လမ်းဖောက်လုပ်ရေးနှင့် လွတ်တယ်လို့ ပြောတယ်။ သူတို့ကရွာကို မထိခိုက်ရအောင် လမ်းကို အကောက်အကွေးတွေ သိပ်မလုပ်ပဲ အဖြောင့်ဖေါက်မယ်လို့ သူတို့ပြောတယ်။ သူတို့က လမ်းနယ်နိမိတ်သတ်မှတ်ထားတဲ့မြေပေါ်မှာ ဆောက်ထားတဲ့အိုးအိမ်အဆောက်ဦးတွေအတွက် လျော်ကြေးမပေးဘူးလို့လည်းပြောတယ်။ သူတို့လျော်ကြေးပေးမယ်ဆိုရင်လဲ ကျနော်တို့လိုချင်သလောက်သူတို့ပေးမှာမဟုတ်ဘူး။ အောက်ခြေအစိုးရဝန်ထမ်းတွေက လာဘ်စားပြီးတော့ ကျနော်တို့ကို လျော်ကြေးအပြည့်အဝပေးမှာမဟုတ်ဘူးဆိုတာကျနော်သိတယ်။"*
>
> *ဦးချစ် (အမည်ရင်းမဟုတ်)၊ လုံးညကျေးရွာ၊ ၁၇ ဒီဇင်ဘာ ၂၀၁၅။*

## င. မြေယာဆုံးရှုံးမည့် ရွာသူရွာသားဦးရေ တိတိကျကျ ရှင်းလင်းစွာ မသိရသေးခြင်း

ပြန်လည်နေရာချထားရေးအစီအစဉ်တွင် စီမံကိန်းကြောင့် ဒေသခံလူထုအပေါ် ဖြစ်ပေါ်နိုင်သည့် ထိခိုက်မှုများ ကိုရှင်းပြထားပြီး မြန်မာဆောက်လုပ်ရေးဝန်ကြီးဌာနက ထိုထိခိုက်မှုများကိုမည်ကဲ့သို့ နည်းနိုင်သမျှနည်းပါးစေရန် မည်ကဲ့သို့ဆောင်ရွက်မည်၊ ထိခိုက်နစ်နာရသူအိမ်ထောင်စုများ၏ အသက်မွေးဝမ်းကြောင်းနှင့် နေထိုင်မှုအဆင့်အတန်းကို မည်ကဲ့သို့မြှင့်တင်ပေးသွားမည် သို့မဟုတ် အနည်းဆုံးအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို မည်ကဲ့သို့ပြန်လည်ဖန်တီးပေးမည်၊ တစ်ချိန်တည်းတွင် ဒေသခံပြည်သူများ၏ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့လက္ခဏာများ မပျောက်ပျက်အောင် မည်သို့ဆောင်ရွက်မည်၊ စသည့်အစီအစဉ်များကို ရှင်းလင်းထားသည်။ "လမ်းဆောက်လုပ်ခြင်းနှင့်/ သို့မဟုတ် လမ်းအဆင့်မြှင့်တင် ခြင်းကြောင့်

ငင်းတို့နှင့် သက် ဆိုင်သည့် အိုးအိမ်များ၊ မြေယာများ သို့မဟုတ် အခြားအသက်မွေးဝမ်းကျောင်းပိုင်ဆိုင်မှုများဆုံးရှုံး မည့်သူများအားလုံးအတွက် လျော်ကြေးငွေအပြည့်အဝထောက်ပံ့ပေးရန် စီစဉ်ထားသည်ဟု ၎င်းအစီရင်ခံစာက ဆိုသည်။ အဆိုပါစာစောင်တွင် စီမံကိန်းကြောင့် အိမ်ထောင်စု စုစုပေါင်း ၁၁၄ အိမ်ထောင်စု (လူဦးရေ ၅၂၈ ယောက်) ထိခိုက်မည် မည်ဟုဖော်ပြထားသည်။[26]

သို့သော် အထက်ပါကိန်းဂဏန်းသည် လမ်းမ၏တစ်ဖက်တစ်ချက်စီတွင် ၃၅ မီတာစီ တိုးချဲ့မည့်စီမံကိန်းကြောင့် မြေယာနှင့်ပိုင်ဆိုင်မှုများ ထိခိုက်ဆုံးရှုံးမည့်အရေးကို ပူပန်နေကြသည့် အိမ်ထောင်စုဦးရေများစွာကို ထည့်တွက်ထားပုံမပေါ်ပေ။ မြန်မာဆောက်လုပ်ရေးဝန်ကြီးဌာနသည် လမ်းမ၏တစ်ဖက်တစ်ချက်စီတွင် တိုးချဲ့နေသည့် ၂.၅ မီတာအတွင်း ဖြစ်ပေါ်သည့်ထိခိုက်မှု သို့မဟုတ် လမ်းကြောင်းအသစ်ဆောက် အပိုင်းအ နည်းငယ် အတွင်း ကျရောက်သောထိခိုက်မှုကို သာထည့်သွင်းစဉ်းစားထားသည်။ ဤသည်မှာ ပြန်လည်နေရာချထားသည့်အစီအစဉ်က ထည့်သွင်းစဉ်းစားပေးထားသည့် ထိခိုက်မည့်လူထုစာရင်းထဲတွင် မပါဝင်သော၊ မိမိမြေပေါ်တွင် အစိုးရလမ်းဖေါက်သူများက လမ်းတိုးချဲ့နယ်မြေအဖြစ်အမှတ်အသားများစိုက်ထူထားသည် ကိုတွေ့နေရပြီး မိမိမြေယာများကို အစိုးရကလျော်ကြေးမပေးပဲသိမ်းယူမည့်အရေးကို ကြောက်ရွံ့စိုးရိမ်နေကြ ရသော၊ ရွာသူရွာသားများအတွက် စိတ်သက်သာရာ များစွာမပေးပါ။ အမေရိကန်အသံလွှင့်ဌာနတစ်ခု ဖြစ်သည့် (Voice of America) ၏ ဗွီဒီယိုမှတ်တမ်းတစ်ခုအရ[27] သာယာကုန်းကျေးရွာရွာသူရွာသားများ မျိုးဆက်ပေါင်းများစွာနေထိုင်လာသည့်နေရာဒေသအတွင်း ဒေသခံပြည်သူလူထုများနှင့် လာရောက်တိုင်ပင်ဆွေးနွေးမှုမရှိပဲ မြေနေရာတစ်ချို့တွင် အစိုးရက ပိုင်ဆိုင်သည်ဟူသော ဆိုင်းဘုတ်များစိုက်ထူထားသည်။

## စ. ဆောက်လုပ်ရေးဝန်ကြီးဌာန

ယခုစီမံကိန်းအား မြန်မာ့ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ၎င်းမှအတည်ပြုလုပ်ပိုင်ခွင့်ပေးထားသော တရုတ်လမ်းတံတားဆောက်လုပ်ရေးကုမ္ပဏီလီမိတက် (China Road and Bridge Construction Co. Ltd) တို့က အကောင်အထည်ဖေါ်ဆောင်ရွက်မည့်အရေးသည် လွန်စွာစိုးရိမ်ရသောအရာဖြစ်သည်။ ယခင်အတွေ့အကြုံနှင့် သမိုင်းကြောင်းများ အရမြန်မာအစိုးရအေဂျင်စီများသည် အကျင့်ပျက်ငွေကြေးချ စားလျက်လုပ်ငန်းလုပ် ဆောင်ရာတွင်ထိရောက်မှုမရှိပေ။[28] ယခင်ကကရင်ပြည်နယ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ခဲ့သည့်စီမံကိန်းများသည် စီမံကိန်းကြောင့်ထိခိုက်နစ်နာရသည့်လူမှုအသိုင်းအဝိုင်းကို အကာအကွယ်ပေးရန် လုံးဝပျက်ကွက်ခဲ့သည်။ လက်ငင်းကြည့်နိုင်သောဖြစ်ရပ်မှာ ထိုင်းအစိုးရ၏ "အိမ်နီးချင်းနိုင်ငံများစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ" (NEDA) က ငွေကြေးထောက်ပံ့ပေးခဲ့ပြီး ဖောက်လုပ်ခဲ့သည့် အာရှအဝေးပြေးလမ်းမအသစ်ပင်ဖြစ်သည်။ အာ ရှဖွံ့ဖြိုးရေးဘဏ် (ADB) က ၎င်း၏ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာမူဝါဒ

လမ်းညွှန်ချက်များကိုလုံးဝအသေအချာလိုက်နာစေရမည်ဟု အခိုင်အမာပြောဆိုသော်လည်း လက်တွေ့တွင် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) သည် ကရင်ပြည်နယ်ရှိ လုပ်ငန်းခွင်ဧရိယာအတွင်းဖြစ်ပျက်မှုများနှင့် အလှမ်းဝေးလွန်းလှပြီး အကာယ်၍ငွေး၏လမ်းညွှန်ချက်များကို မြန်မာ့ဆောက်လုပ်ရေးဝန်ကြီးဌာနက လိုက်နာရန်ပျက်ကွက်ပါက အာရှဖွံ့ဖြိုးရေးဘဏ် (ADB သည်လည်း မြန်မာ့ဆောက်လုပ်ရေးဝန်ကြီးဌာနကို တာဝန်ယူမှုတာဝန်ခံမှုရှိအောင်ချုပ်ကိုင်နိုင်သည့်အခြေအနေလည်း မရှိပါ။



*အာရှလမ်းမကြီးကို တစ်ဖက်လျှင် ၃၅ မီတာစီ ချဲ့ကာ ရွာသားများ၏ လယ်ယာမြေထဲတွင် တိုးချဲ့ဆောက်လုပ်မည်ဖြစ်ပြီး လယ်မြေများသည် လမ်းနယ်ထဲတွင်ရှိနေသောကြောင့် ဆုံးရှုံးသွားမည့်လယ်ယာမြေများအတွက်လျော်ကြေးရရှိမည်မဟုတ်ပါ။ ဓါတ်ပုံ - THWEE*

# VII
# မြန်မာ့ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ပြန်လည်နေရာချထားရေးအစီအစဉ်သည် ငွေကြေးအစားထိုး လျော်ကြေးပေးခြင်းကို လွဲမှားစွာ ဦးစားပေးဆောင်ရွက်နေခြင်း

ADB ကချမှတ်ထားသော ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလမ်းညွှန်ချက်နှင့်နိုင်ငံတကာ၏ကောင်းမွန်သော စံချိန်စံနှုန်းလမ်းညွှန်မှုများတွင် ပိုင်ရှင်ကိုယ်ပိုင်ဆန္ဒမပါဘဲ မြေယာသိမ်းယူအသုံးပြုရသည့်အခြေအနေမျိုးတွင် မြေယာအခြေခံ ပြန်လည်အခြေချပေးခြင်းသည် အဖြစ်သင့်ဆုံးနည်းလမ်းတစ်ခုဖြစ်သည်ဟု ရှင်းလင်းစွာဖော်ပြထားသည်။ ငွေချေးသူသည် မြေယာအစားထိုးပေးရန် မြေယာမရှိခြင်း သို့မဟုတ် မြေဝယ်ယူနိုင်ခြင်းမရှိသည့် အကြောင်းကို ADB ထံသို့ သက်သေအထောက်အထားနှင့်တင်ပြနိုင်မှသာ ငွေချေးသူအနေဖြင့် မြေကို အခြေမခံသောလျော်ကြေးကိုပေးရန် စဉ်းစားခွင့်ပေးမည် ဟု ADB ၏ မူဝါဒက ပြဌာန်းထားသည်။ ကျေးလက်ဒေသများတွင် မြေယာအခြေခံဝင်ငွေပြန်လည်ဖန်တီးပေးခြင်းသည် ပိုသင့်တော်သော နည်းလမ်းတစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စီမံကိန်းကြောင့်မြေယာစွန့်ခွာပြောင်းရွှေ့ရသည့်ပြည်သူများ၏အသက်မွေးဝမ်းကြောင်းသည် အများအားဖြင့် မြေယာအပေါ်တွင်သာ လုံးဝအမှီသဟဲပြုရသောကြောင့်ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ အစားအစာနှင့်စိုက်ပျိုးရေးအဖွဲ့အစည်းနှင့်ကမ္ဘာ့ဘဏ်တို့ကလည်း ဤအချက်ကို လက်ခံထောက်ခံသည်။

ကမ္ဘာ့ကုလသမဂ္ဂ၏ အစားအစာနှင့်စိုက်ပျိုးရေးအဖွဲ့အစည်းက "၎င်းတို့ပိုင်မြေယာဆုံးရှုံးခြင်းသည် ၎င်းတို့၏ အသက်မွေးဝမ်းကြောင်း ဆုံးရှုံးခြင်းပင်ဖြစ်သည်။ လျော်ကြေးငွေဖြင့် အလားတူမြေယာမျိုး မဝယ်နိုင် သို့မဟုတ် ဝင်ငွေရရန် နည်းလမ်းသစ်ရှာမရနိုင်သည့် အခြေအနေတွင်"[29] အစားထိုးပေးသောမြေပေါ်တွင် ပြန်လည်နေရာချပေးရန်လိုအပ်သည်ဟု ပြဌာန်းထားသည်။

အလားတူစွာပင် အပြည်ပြည်ဆိုင်ရာငွေကြေးထောက်ပံ့ရေးအဖွဲ့ (IFC) ကလည်း " အသက်မွေးဝမ်းကြောင်းလုပ်ငန်း များ သို့မဟုတ် ဝင်ငွေရရှိမှုအတိုင်းအတာဆိုးဝါးစွာထိခိုက်နစ်နာခဲ့ရမှုကြောင့် စီးပွားရေးအကြပ်အတည်းများဖြစ်ရသည့် ရွှေ့ပြောင်းရသူပြည်သူလူထုများအတွက်ဝင်ငွေရနည်းလမ်းများကိုအနည်းဆုံးအဆင့်ပြန်လည်တည်ဆောက်ပေးခြင်းသို့မဟုတ် တိုးတက်ကောင်းမွန်စေမည့် အခွင့်အလမ်းများပေးရမည်။ ဝင်ငွေဖန်တီးနိုင်မှု အရည်အသွေး၊ ထုတ်လုပ်နိုင်မှုအဆင့် နှင့် နေထိုင်မှုအဆင့်အတန်းများလည်း အပါအဝင်ဖြစ်သည်။"[30] ဟု ပြဌာန်း ထားသည်။ ထိုသို့ဆောင်ရွက် ပေးရခြင်း၏ အကြောင်းရင်းမှာ ရိုးစင်းသည်။ အကြောင်းမှာ "ဝင်ငွေဖန်တီးပေးခြင်းမရှိသော ပြန်လည်နေရာချထား ပေးခြင်းသည် စီမံကိန်း၏ ဖွံ့ဖြိုးရေးရည်မှန်းချက်ကို အားနည်းစေပြီး ADB ၏ ဆင်းရဲမွဲတေမှု လျော့ချရေးရည်မှန်းချက်ထက် ဆင်းရဲသားဦးရေပိုများလာမည့် အန္တရာယ်သာရှိသည်။"[31] မြန်မာနိုင်ငံဆိုင်ရာ ADB ညွှန်ကြားရေးမှူး၏ အဆိုအရ တိုးတက်မှုသည် အရေးကြီးသည့်အလျောက် " တစ်ချိန်တည်း

တွင်လည်း ကျေးလက်ဒေသနေမိသားစုများ၏ဝင်ငွေများကို မြှင့်တင်ပေးရန် လိုအပ်သည်။ မည်သူတဦးတစ်ယောက်မျှ နောက်မှာ မကျန်ခဲ့စေရအောင် ကျွန်ုပ်တို့လုပ်ရမယ်"[32] ဟုဆိုသည်။

သိမ်းယူခံရသောမြေအတွက် လျော်ကြေးငွေအစား မြေယာအစားထိုးသည့် အခြေခံမူအပေါ် ကျယ်ကျယ် ပြန့်ပြန့်အသိအမှတ်ပြုမှုရှိသော်လည်း မြန်မာ့ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ပြန်လည်နေရာချထားရေးအစီအစဉ်သည် ငွေသားလျော်ကြေးပေးခြင်းကိုသာ အဓိကအားထား နေသည်။ လက်တွေ့တွင် စီမံကိန်းကြောင့် ထိခိုက်နစ်နာမည့်သူ ခန့်မှန်းချေ အိမ်ထောင်စု ၁၁၄ စုအနက် အိမ်ထောင်စု ၄ စုကိုသာ အခြားတစ်နေရာတွင် ပြန်လည်နေရာချပေးမည်ဟုမြန်မာ့ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ပြန်လည်နေရာချထားရေးအစီအစဉ်က ခန့်မှန်းထားသည်။[33] အထက်မှာ ဖေါ်ပြခဲ့သည့်အတိုင်း လမ်းနယ်ချဲ့ထွင်ခြင်းကြောင့် လမ်းမတစ်လျှောက် ထိခိုက်မည့်အိုးအိမ်အများအပြားရှိသော်လည်း ထိုသူများကို ငွေသားလျော်ကြေးရရန်အခွင့်ရှိသည့်သူများစာရင်းထဲတွင်ပင်ထည့်သွင်းမထားပါ။ ထို့ကြောင့် နစ်နာထိခိုက်မည့်အိမ်ထောင်စုအများစုများသည် ၎င်းတို့၏မြေယာဆုံးရှုံးမှုနှင့်စပ်လျဉ်းပြီး လိုက်ပါလာမည့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ထိခိုက်မှုကိုပင် အပြည့်အဝပြန်လည်ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသည့်ငွေသားလျော်ကြေးကိုပင်ရရှိရန် အခွင့်အလမ်းနည်းသွားသလို လုပ်ကိုင်စားသောက်စရာမြေမရှိတော့သည့် သူများဘဝသို့ ရောက်မည့်အခြေအနေတွင် ရှိနေကြသည်။

**ADB သည် မြန်မာ့ဆောက်လုပ်ရေးဝန်ကြီးဌာနက တောင်းဆိုသောချေးငွေအား အတည်ပြုပေးခြင်းသည် အောက်ပါ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာလမ်းညွှန်မှုနှင့်မူဝါဒများကိုလိုက်နာရန် ပျက်ကွက်ခဲ့သည်။**

စီးပွားရေးအကြပ်အတည်းနှင့်ရုပ်ပိုင်းဆိုင်ပိုင်ဆိုင်မှုများ ထိခိုက်ပျက်စီးမှုကြောင့် ရွှေ့ပြောင်းရသူများအတွက် ပံ့ပိုး ထောက်ပံ့ပေးသော အကူအညီသည် အောက်ဖေါ်ပြပါ အချက်များအား အထမြောက်စေရန် ရည်ရွယ်သည်။

(က) ပြန်လည်နေရာချထားပေးမည့်နေရာရှိ မြေအတွက်ပိုင်ဆိုင်ခွင့်ရှိအောင် အာမခံဆောင်ရွက်ပေးခြင်း၊ ပိုမိုကောင်းမွန်သောအိမ်ယာများဆောက်ရွက်ပေးခြင်း၊ ပြောင်းရွှေ့ခံရသူနှင့်၎င်းအားပြန်လည်နေရာချပေးသောဒေသမှလူထုတို့အကြားစီးပွားရေးအရဖြစ်စေလူမှုရေးအရဖြစ်စေ ပေါင်းစပ်အဆင်ပြေစေခြင်း၊ စီမံကိန်းမှအကျိုးအမြတ်များကို ပြန်လည်နေရာချထားသည့်နေရာတွင် ရှိနှင့်နေသည့် ဒေသခံများလည်း ခံစားခွင့်ရအောင်လုပ်ပေးခြင်း

(ခ) အသွင်ကူးပြောင်းရေးနှင့်ဖွံ့ဖြိုးရေးအတွက် ကူညီပံ့ပိုးပေးခြင်း၊ ဥပမာ - မြေယာအခြေခံဖွံ့ဖြိုးမှု (မြေယာလုပ်ငန်း)၊ ချေးငွေပေးခြင်း၊ သင်တန်းပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း၊ နှင့်

(ဂ) လူထုအခြေခံအဆောက်အအုံများ ဆောက်လုပ်ပေးခြင်းနှင့် လူထုဝန်ဆောင်မှုများထားပေးခြင်း။

မြန်မာ့ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ပြန်လည်နေရာချထားခြင်းအစီအစဉ်သည် ရွှေ့ပြောင်းရမည့် ပြည်သူအများစုအတွက် မြေယာအခြေခံပြန်လည်နေရာ ချထားမှုအစားလျော်ကြေးငွေသာပေးခဲ့ခြင်း တစ်ခုကြောင့်သာမဟုတ်ဘဲ ထိခိုက်မှုကြောင့် ရွှေ့ပြောင်းနေထိုင်ရမည့် ပြည်သူလူထုများ၏ အသက်မွေးဝမ်းကြောင်းကို ကာကွယ်ထိန်း သိမ်းပေးရန်လုံလောက်သော လျော်ကြေးပေးမှု မပြုလုပ်သဖြင့် ၎င်းအစီအစဉ်သည် ADB သို့မဟုတ် နိုင်ငံတကာ၏ကောင်း မွန်သောစံချိန်စံနှုန်းများကိုလိုက်နာထားခြင်းမရှိပေ။ လုပ်ငန်းစီမံချက်ကြောင့် မိမိ၏စီးပွားရေးလုပ်ငန်းထိခိုက်မည့် လုပ်ငန်းရှင်များ ဝန်ထမ်းများကို တစ်လစာဝင်ငွေပေးသွားမည်၊ ထိရှလွယ်သူများ(ဆင်းရဲမွဲတေမှုစည်းမျဉ်းအောက် ရောက်နေသူများ သို့မဟုတ် အမျိုးသမီး သို့မဟုတ် မသန်စွမ်းသူတစ်ဦးက ဦးဆောင်နေရသောမိသားစုများ) ကို အခြေခံလိုအပ်မှုအပေါ်မူတည်ပြီး သုံးလစာထောက်ပံ့ငွေပေးမည်၊ ထို့ပြင် နောင်ထိုနေရာတွင် ထပ်မံစိုက်ပျိုးခွင့်မရတော့သည့် သီးနှံဆုံးရှုံးမှုအတွက် ထိုဒေသအတွင်းရှိ သီးနှံတန်ဘိုး၏ ခြောက်နှစ်စာနှင့်ညီမျှသော ငွေကြေးအကူအညီကို ရရှိမည်ဖြစ်သည်။[34] သို့သော် ပြန်လည်နေရာချထားခြင်းအစီအစဉ်တွင် ထိုပမာဏကို မည်သို့တွက်ချက်သည် သို့မဟုတ် ဆုံးရှုံးသွားသော အသက် မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အဆိုပါလျော် ကြေးငွေက မည်ကဲ့သို့လုံလောက်မှုပေးနိုင်မည်၊ စသည်တို့ကို ရှင်းပြခြင်းမရှိပေ။

ပြန်လည်နေရာချထားရေးအစီစဉ်တွင်ပါရှိသော "ဝင်ငွေလမ်းကြောင်းများဖန်တီးပေးခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ပေး ခြင်း" အခန်းတစ်ခန်းလုံးသည် စာမျက်နှာတစ်မျက်နှာသာပါပြီး ဝင်ငွေလမ်းကြောင်းများ ဖန်တီးပေးရန်အတွက် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်အရာများနှင့် ပတ်သက်သည့် အသေးစိတ်လေ့လာထားမှုများ မပါဝင်ပေ။[35] သို့သော် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆက်လက်ထိန်းသိမ်းလုပ်ကိုင်နိုင်ရန်အတွက် ထိခိုက်ရွှေ့ပြောင်းရမည့်ပြည်သူများလိုအပ်သည့်အရာ၊ လိုချင်သည့်အရာများကို တစ်စုံတစ်ရာ သိရှိခြင်းအလျဉ်းမရှိပဲ စီမံကိန်းသည် ရှေ့ဆက်သွားနေလျက်ရှိသည်။

မကြာမီပြုလုပ်မည့်လမ်းချဲ့ကားဆောက်လုပ်သွားမည့်ဧရိယာထဲရှိနေသည့်နေအိမ်များသည် စီမံကိန်းကြောင့်ရွှေ့ပြောင်းရမည်၊ မပြောင်းရမည်နှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်းဖြစ်မှုအားနည်းသည်။ "လမ်းကြောင်းအတွင်း ၎င်းတို့ပိုင်သော မြေကျန်နေသေးသည့် အိုးအိမ်များသည်၎င်းတို့အိမ်ကိုသက်ဆိုင်ရာအာဏာပိုင်၏ခွင့်ပြုချက်နှင့်အညီပြောင်းရွှေ့/ပြန်လည်တည်ဆောက်လိုပါက မြေယာအခွင့်အရေးဆိုင်ရာ အာမခံထောက်ခံစာကို ရရှိမည်ဖြစ်သည်"[36] ဟု ပြန်လည်နေရာချထားရေးအစီအစဉ်တွင် ဖေါ်ပြထားသည်။ သို့သော်သက်ဆိုင်ရာအာဏာပိုင်က မည်သူမည်ဝါဖြစ်သည်မှာလည်း ရှင်းရှင်းလင်းလင်းမရှိပေ၊ လမ်းနယ်အတွင်းရောက်သော အိမ်တစ်အိမ်က ပြောင်းရွှေ့ရန်လိုအပ် ပါကမည်သူများက အကြောင်းလာကြားမည်၊ သို့မဟုတ် မြေယာအခွင့်အရေးဆိုင်ရာ အာမခံထောက်ခံစာဆိုသည်မှာ မည်သည်ကိုဆိုလိုသည်၊ စသည့်အချက်များမှာ ရှင်းလင်းခြင်း မရှိပေ။ ထို့ကြောင့်ထိခိုက်ရွှေ့ပြောင်းရမည့်ပြည်သူများ သည် လမ်းနယ်တိုးချဲ့မှုဧရိယာထဲရှိနေသော ၎င်းတို့၏မြေယာ

နှင့်စပ်လျဉ်း၍ ၎င်းတို့ရသင့်ရထိုက်သော အခွင့်အရေးအားလုံးကို ရယူနိုင်ရန်အတွက် ပြန်လည်နေရာချထားရေးအစီအစဉ်တွင် အဆိုပါမြေယာ အခွင့်အရေးဆိုင်ရာအာမခံထောက်ခံစာဆိုသည်မှာ မည်သည့်ပုံစံဖြစ်သည်၊ မည်သည့်အခွင့်အရေးများကို ပေးထားသည်၊ စသည်များကို အသေး စိတ်ဖော်ပြရမည်ဖြစ်သည်။

ပြန်လည်နေရာချထားခြင်းနှင့် လျော်ကြေးပေးခြင်းသည် မျှတစွာဖြစ်ပေါ်ခြင်း ရှိမရှိ စောင့်ကြည့်သည့်စနစ်ကို ပြန်လည်နေရချထားခြင်းအစီအစဉ်က တည်ဆောက်ထားခြင်း မရှိသည်ကိုတွေ့ရသည်။ ADB ၏ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ လမ်းညွှန်ချက်နှင့်မူဝါဒအရပြန်လည်နေရာချထားမှုဖြစ်နိုင်ချေအလားအလာများသော စီမံကိန်းအတွက်ပြန်လည်နေရာချထားရေးအဖွဲ့နှင့် ပြန်လည်နေရချထားခြင်းကို စောင့်ကြည့်မည့် ပြင်ပစောင့်ကြည့်လေ့လာရေးစနစ်နှစ်ခုလုံး ဖွဲ့စည်းထားရှိရန်လိုအပ်သည်။[37] သို့သော် ပြန်လည်နေရာချထားရေးအစီအစဉ်တွင် ပြန်လည်နေရာချထားရေးအဖွဲ့နှင့်ပတ်သက်၍ တစ်စုံတစ်ရာဖော်ပြခြင်းမရှိပဲ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လာမည့်လများအတွင်း ပြင်ပမှ ပြန်လည်နေရာချထားရေးစောင့်ကြည့်လေ့လာသူငှားရမ်းသွားမည်ဟုသာ ဖော်ပြထားသည်။ ထို့အပြင် ရှုပ်ထွေးပြီး ထိလွယ်ရှလွယ်များသော လုပ်ငန်းစီမံချက်များအတွက် လုပ်ငန်းပြင်ဆင်ချိန်နှင့် အကောင်အထည်ဖော်ချိန်အတွင်း သီးခြားလွတ်လပ်သောအကြံပေးအဖွဲ့ ထားရှိရမည်ဟု ADB က ပြဌာန်းထားသည်။[38] ပြင်ဆင်မှုအဆင့်အလွန်ကျော်သွားပြီဖြစ်ပြီး အကောင်အထည်ဖော်သည့်အဆင့်သို့နီးကပ်နေပြီဖြစ်သော်လည်း ပြန်လည်နေရာချထားရေးအစီအစဉ်တွင် သီးခြားလွတ်လပ်သောအကြံပေးအဖွဲ့တစ်ခု ကိုဖော်ပြသတ်မှတ်ထားခြင်း မရှိသေးပေ။ အကယ်၍သာ ထိုကဲ့သို့အဖွဲ့မျိုးကို မှန်ကန်သင့်လျော်သော တွေ့ဆုံဆွေးနွေးမှုများဖြင့် သေချာစွာဖွဲ့စည်းပေးနိုင်ခဲ့ပါက လုပ်ငန်းစီမံချက်ပြင်ဆင် ရေးလုပ်ငန်းစဉ်အတွင်း လိုအပ်ချက်များနှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ADB အား အကြံဉာဏ်များပေးနိုင်မည့်အပြင် ပြန်လည်နေရာချထားရေးအစီအစဉ်ထဲတွင်ရှိနေသောပြဿနာပေါင်းများစွာကို ကနဦးအစောပိုင်းအဆင့်တွင်ပင် အာရုံစိုက်နိုင်ခဲ့မည် ဖြစ်သည်။ ၎င်းအစား ကရင်လူ့အခွင့်အရေးအဖွဲ့နှင့် ကရင်ငြိမ်းချမ်းရေးအထောက်အကူ ပြုကွန်ရက်ကဲ့သို့သော အဖွဲ့အစည်းများသည် တရားဝင်ဖွဲ့စည်းထားပြီး အသိအမှတ်ပြုခြင်းခံထားရသော စောင့်ကြည့်လေ့လာရေးအဖွဲ့များရရှိလေ့ရှိသည့် အထောက်အပံ့များတစ်စုံတစ်ရာမရရှိဘဲ ပြင်ပင်စောင့်ကြည့်သူ အခန်းကဏ္ဍကို ဝင်ရောက်ဆောင်ရွက်ပေးနေကြရသည်။

# VIII

# မြန်မာ့ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အဆိုပြုထားသော မကျေနပ်ချက်တိုင်ကြား ဖြေရှင်းပေးခြင်းလုပ်ငန်းယန္တရားသည် လုံလောက်မှုနှင့် ရှင်းလင်းပြတ်သားမှုမရှိခြင်း

နိုင်မာအားကောင်း၍ အလွယ်တကူအသုံးပြုနိုင်သော မကျေနပ်ချက်တိုင်ကြားဖြေရှင်း ခြင်းလုပ်ငန်းယန္တရားသည် ထိခိုက်ရွှေ့ပြောင်းရမည့်ပြည်သူများ၏ အခွင့်အရေးကို အကာအကွယ်ပေးရန်အတွက် မရှိမဖြစ်လိုအပ်သည်။ ပြန်လည်နေရာချထားခြင်းလုပ်ငန်းများအပေါ် ဥပဒေကြောင်းအရ စိန်ခေါ်နိုင်သည့်အခြေအနေမရှိသောကြောင့် အစိုးရသည် နောက်ဆက်တွဲအကျိုးဆက်အပေါ် တစ်စုံတစ်ရာစိုးရိမ်ကြောက်ရွံ့မရှိပဲ ထိခိုက်ရွှေ့ပြောင်းရမည့် ပြည်သူများ၏အကျိုးစီးပွားကို မျက်ကွယ်ပြုနေကြသည်။ ဤအရေးကြီးသောအချက်ကို အသိအမှတ်ပြုသောအားဖြင့် ADB ၏ ပြန်လည်နေရာချထားရေးမူဝါဒတွင် အောက်ပါအချက်အလက်များကို ထည့်သွင်းပေါင်းစပ်ထားကာ နိုင်မာအားကောင်းသည့် မကျေနပ်ချက်တိုင်ကြားဖြေရှင်းခြင်းလုပ်ငန်းယန္တရား ကို သတ်မှတ်ထားသည်။[39]

(၁) မကျေနပ်ချက်များနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးခြင်းနှင့် ထိုမကျေနပ်ချက်အပေါ် မည်သို့ကိုင်တွယ် လုပ်ဆောင်ရမည်နှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်ချမှုများကို နေ့စဉ်စီမံကိန်းစီမံခန့်ခွဲမှုတွင် ပါဝင်သူများနှင့် ခွဲခြားထားသင့်သည်၊
(၂) မကျေနပ်ချက်တိုင်ကြားဖြေရှင်းခြင်းလုပ်ငန်းယန္တရားပုံစံကို ရေးဆွဲပြင်ဆင်ရာတွင်ဒေသခံရပ်ရွာလူထုအသိုင်း အဝန်းများ ပါဝင်ရမည်၊
(၃) လုပ်ထုံးလုပ်နည်းများသည် နားလည်ရန်လွယ်ကူရမည်၊ ၎င်းကိုလည်း အားလုံးက သိရှိရမည်၊
(၄) သတင်းအချက်အလက်ဖလှယ်မှုနည်းလမ်းပေါင်းစုံနှင့် ဆက်သွယ်ရေးနည်းလမ်းပေါင်းစုံကို အသုံးပြုရမည်။
(၅) သတင်းအချက်အလက်များအား အစီရင်ခံရာတွင် ဒေသ၏ဓလေ့ရိုးရာယဉ်ကျေးမှုဆိုင်ရာသဘောတရားများကို ထည့်သွင်းစဉ်းစားရမည်။
(၆) လူထုဆက်ဆံရေးအရာရှိများမှ နှုတ်ဖြင့်တင်ပြလာသောတိုင်ကြားမှုများကို စာဖြင့်ပြန်လည်မှတ်တမ်းတင်နိုင် သည့် သတင်းအချက်အလက်ပေးပို့ရေးဌာနများ ထားရှိရမည်။
(၇) မိုဘိုင်းလ်ဖုန်းဖြင့် စာပို့တိုင်ကြားခြင်း၊ အစရှိသော အလွတ်သဘောတိုင်ကြားနည်းလမ်းများ နှင့်
(၈) တိုင်ကြားလာသူများကို တန်ပြန်အကျိုးသက်ရောက်ကာအန္တရာယ်ဖြစ်စေနိုင်သည့်အနေအထားမှ အကာအကွယ် ပေးခြင်း တို့ ဖြစ်သည်။

"လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ခြင်းမှ ထွက်ပေါ်လာသောသဘောမတူနိုင်သော ဆုံးဖြတ်ချက်၊ အလေ့အထ သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ (ထိခိုက်ပြောင်းရွှေ့ရသည့်ပြည်သူ) များ အယူခံတင်ပြနိုင်အောင် ယန္တရားများဖွဲ့စည်းပေးသည်" ဟုဆိုကာ မကျေနပ်ချက်တိုင်ကြားဖြေရှင်းခြင်းစနစ် နှင့်ပတ်သက်ပြီးပြန်လည်နေရာချထားရေး အစီအစဉ်တွင် ဖော်ပြထားခြင်းရှိပါသည်။[40] သို့သော် ထိုမကျေနပ်ချက်တိုင်ကြားခြင်းယန္တရား၏လုပ်ငန်းဘောင်အတိုင်းအတာသည် ဝေဝါးသော၊ အဓိပ္ပါယ်နှစ်ခွထွက်သောဘာသာစကားကြောင့် ရှင်းရှင်းလင်းလင်းမရှိပေ။ အများအတွက် ဖွဲ့စည်းထားပေးသော မကျေနပ်ချက်တိုင်ကြားခြင်းလုပ်ငန်းစဉ်သည် စီမံကိန်းနှင့်ပတ်သက်ပြီး ထွက်ပေါ်လာမည့် မည်သို့သောမကျေနပ်ချက်အမျိုးမျိုးနှင့်စိတ်ခေါ်မှုကိုမဆို လက်ခံပေးရမည်။ ထိခိုက်ပြောင်းရွှေ့ရမည့်ပြည်သူများမှ ၎င်းတို့၏မကျေနပ်ချက်များကို အပြည့်အဝတင်ပြ၍မရအောင်စီမံကိန်းနှင့်ပတ်သက်ပြီး "သဘောမတူနိုင်သောဆုံးဖြတ်ချက်၊ လုပ်ငန်းအကောင်အထည်ဖော်မှုပုံစံ သို့မဟုတ် အပြုအမူ" ဟူသောအချက်ကို ဝေဝေဝါးဝါးဖြစ်အောင် လုံးဝအဓိပ္ပါယ်လွဲပြောင်းမဖွင့်ဆိုသင့်ပါ။

ပို၍ပြဿနာရှိသောအချက်မှာ ပြန်လည်နေရာချထားရေးအစီအစဉ်တွင် ဖော်ပြထားသော မကျေနပ်ချက်တိုင်ကြားဖြေရှင်းခြင်းလုပ်ငန်းယန္တရားသည် ADB နှင့်နိုင်ငံတကာ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ လမ်းညွှန်ချက် များနှင့်အညီ ထိခိုက်ရွှေ့ပြောင်းရမည့်သူများကို လုံလုံလောက်လောက်အကာအကွယ်ပေးထားခြင်းမရှိပဲ လက်တွေ့ဖွဲ့စည်းပုံနှင့် လုပ်ငန်းစဉ်ဆိုင်ရာဆွေးနွေးမှုများတွင် သက်ဆိုင်ရာလူပုဂ္ဂိုလ်များ ပါဝင်ခွင့်ပေးမည် ဟူသောကတိမျှသာပါရှိထားသည်။ တင်ပြလာသောမကျေနပ်ချက်ကို ပထမဦးဆုံး ဒေသခံဆက်သွယ်ရေးတာဝန်ရှိသူက လက်ခံရရှိမည်ဖြစ်ပြီး ထိုဒေသခံဆက်သွယ်ရေးတာဝန်ရှိသူနှင့် လုပ်ငန်းစီမံကိန်းဆက်နွယ်မှုမည်သို့ရှိမည်ကို သေသေချာချာဖော်ပြထားခြင်းလည်း မရှိပေ။ ဒေသခံ ဆက်သွယ်ရေးတာဝန်ရှိသူ၏ ဆုံးဖြတ်ချက်ကိုမကျေနပ်လျှင် ထိခိုက်ပြောင်းရွှေ့ရသည့်ပြည်သူတစ်ဦးသည် ဆုံးဖြတ်ချက်ချပြီး ၃ ရက်အတွင်း မကျေနပ်ချက်တိုင်ကြားဖြေရှင်းပေးခြင်းအဖွဲ့(Grievance Redress Group - GRG) ထံသို့ စာဖြင့်အယူခံစာ တင်သွင်းရမည်။ GRG အဖွဲ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ထမ်း၊ ပြန်လည်နေရာချထားရေး ဆောက်လုပ်ရေးကြီးကြပ် အကြံပေးတစ်ဦး၊ မြေယာအရာရှိတစ်ဦး၊ ဒေသခံဆက်သွယ်ရေးအရာရှိ နှင့် ရပ်ရွာထုထုဖက်မှ အဖွဲ့ဝင်နှစ်ဦး စသည်တို့ပါဝင်သည်။ GRG သည် ၎င်းထံတင်ပြလာသော အယူစာနှင့်ပတ်သက်ပြီး ကြားနာသည့် အစည်းအဝေးထိုင်မည်။ ထိုကြားနာပွဲတွင် တိုင်ကြားသူသည် သူ (သို့မဟုတ် သူမ၏တိုင်ကြားချက်ကို ပိုမိုခိုင်မြဲစေရန်သက်သေပြအထောက်အထားများ ပေးရမည်။ ထိခိုက်ပြောင်းရွှေ့ရသူသည် GRG ၏ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် ခရိုင် GRG ထံသို့ ထပ်ဆင့် အယူခံတင်နိုင်သည်။[41]

ဤဖွဲ့စည်းမှုပုံစံသည် အထူးသဖြင့် ဒေသခံဆက်သွယ်ရေးအရာရှိ၏ဆုံးဖြတ်ချက်ကို မကျေနပ်သောအခါ စာဖြင့်သုံးရက်အတွင်းတင်ရခြင်းကဲ့သို့သောအရာသည် ထိခိုက်ပြောင်းရွှေ့ရသူများအတွက် ဝန်ထုပ်ဝန်ပိုးကြီးစွာ ဖြစ်စေသည်။ ၊ GRG ကိုဖွဲ့စည်းထားသည့်ပုံစံ၊ သက်သေအထောက်အထားပြရမှု တာဝန်သည် ထိခိုက်ပြောင်းရွှေ့ရသူ၏အပေါ်တွင်ရှိနေခြင်း၊ နှင့် လေ့ကျင့်သင်ကြားပေးထားသောရှေ့နေပေးခြင်း (trained advocate) မရှိခြင်းများသည်လည်း ပြဿနာများဖြစ်သည်။ လက်တွေ့တွင် အဆိုပါလို အပ်ချက်များသည် (၁) စာတတ်သူများ သို့မဟုတ် အခြားအကူအညီရနိုင်သောနည်း လမ်းရှိသူများ၊ (၂) သုံးရက်အချိန်အတွင်း ဆောင်ရွက်နိုင်စွမ်းရှိသူများအတွက်သာ ဖြစ်သည်။ ထိုကဲ့သို့သော ကန့်သတ်မှုများကြောင့် နောက်ဆက်တွဲဆိုးကျိုးအဖြစ် လူထုဆီမှတက်လာမည့်မကျေနပ်ချက်၊ တိုင်ကြားချက်နှင့် စိန်ခေါ်ချက်အားလုံးလိုလိုသည် ဒေသခံဆက်သွယ်ရေးအရာရှိကိုကျော်ပြီး အထက်သို့ မည်သည့်အခါမှ တက်နိုင်မည်မဟုတ်ပေ။

GRG အဆင့်သို့ ရှားရှားပါးပါး ရောက်ခဲ့လျှင်လည်း တရားမျှတ၍ ဘက်မလိုက်သော ဆုံးဖြတ်ချက်ကို ရရှိနိုင်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ထို GRG အဖွဲ့တစ်ခုလုံးနီးပါးတွင် စီမံကိန်းကို နေ့စဉ်စီမံခန့်ခွဲနေသောသူများ အားလုံးနီးပါးပါဝင်ခြင်းကြောင့် ဖြစ်သည်။ လူထုအကျိုးအတွက် လုပ်ဆောင်ပါသည်ဟုဆိုသော ဤစီမံကိန်းသည် ပွင့်လင်းသော၊ လွယ်လင့်တကူအသုံးပြုနိုင်သော မကျေနပ်ချက်တိုင်ကြား ဖြေရှင်းပေးခြင်း ယန္တရားမရှိပဲ ပြည်သူလူထုဘဝကောင်းစားရေးအတွက် ရှေ့သို့မဆက်သင့်ပေ။ စီမံကိန်းနှင့်ပတ်သက်ပြီး မကျေနပ်ချက်တိုင်ကြားဖြေရှင်းပေးခြင်းယန္တရားတစ်ခုတွင် သတင်းအချက်အလက်ဖလှယ်မှုနည်းလမ်းနှင့် ဆက်သွယ်မှုနည်းလမ်းမျိုးစုံကိုအသုံးပြုခြင်း၊ ထိခိုက်ရွှေ့ပြောင်းရသည့် ပြည်သူများ၏နှုတ်ဖြင့်တိုင်ကြားချက်များကို ဒေသခံတာဝန်ရှိသူများမှ စာဖြင့် ရေးသားမှတ်တမ်းတင်နိုင်သော သတင်းအချက်အလက်တင်ပြအစီရင်ခံနိုင်သည့်ရုံးများဖွဲ့စည်းထားရှိပေးခြင်း၊ နှင့်ထိခိုက်ရွှေ့ပြောင်းရသော ပြည်သူများမှငင်းတို့၏အကျိုးစီးပွားကို ကာကွယ်နိုင်ရန်အတွက် ၎င်းတို့အပေါ်အား တန်ပြန်ဖြစ်ပေါ်မည့်အန္တရာယ်မှတရားဝင် အကာအကွယ်ပေးခြင်း၊ စသည်များအပါအဝင် ADB မှ ချမှတ်ထားသောအခြေခံစည်းမျဉ်းမူဘောင်များပါဝင်သင့်သည်။ ထိုမှသာလျှင် ထိခိုက်ရွှေ့ပြောင်းရသောပြည်သူများသည် ၎င်းတို့အတွက်ပြုလုပ်ဆောင်ရွက်ပြန်လည်နေရာချထားခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ၎င်းတို့၏ စိုးရိမ်ချက်များကို တင်ပြဖေါ်ထုတ်နိုင်ရန်အတွက် ၎င်းတို့အမှန်တကယ်အသုံးပြုနိုင်သည့် စနစ်တစ်ခုကို ရရှိမည်ဖြစ်သည်။

# IX
# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပြည်သူလူထု၏လုံခြုံရေးကို ထိခိုက်ခြင်း

အာရှအဝေးပြေးလမ်းမစီမံကိန်းတည်နေရာသည် လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အရေးကြီးပြီး၊ များယွင်းပါက ငြိမ်းချမ်းရေးတည်ဆောက်မှုအပေါ် အလွယ်တကူထိခိုက်နိုင်သောဒေသတစ်ခုကိုဖြတ်သွားသည်။ ယခုငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ရှေ့မတိုးနိုင်သည့် အခြေအနေအမျိုးမျိုးကို မရေတွက်နိုင်လောက်အောင် ကြုံတွေ့ခဲ့ရပြီးဖြစ်သည်။"အာရှဖွံ့ဖြိုးရေးဘဏ် (ADB) က မြန်မာပြည်တွင်းစီမံကိန်းလုပ်ငန်းနှင့်ပတ်သက်ပြီး လက်ရှိတွင် အတွေ့အကြုံပိုင်းဆိုင်ရာအကန့်အသတ်ရှိသလို[42] အလားတူပင်နိုင်ငံတကာမှ အထောက်အပံ့ပေးသော စီမံကိန်းများကို စီမံခန့်ခွဲနိုင်သည့်အပိုင်းတွင်လည်းမြန်မာ့ဆောက်လုပ်ရေးဝန်ကြီးဌာနအတွက် စွမ်းရည်ပိုင်းဆိုင်ရာအကန့်အသတ်များရှိသည်ကို လက်ခံလျက်ရှိနေသည်။ ထို့ကြောင့် ယခုစီမံကိန်းကို ရှုပ်ထွေးသောစီမံကိန်းတစ်ခုဖြစ်သည်ဟု ယူဆသည်"ဟု အာရှဖွံ့ ဖြိုးရေးဘဏ်ကိုယ်တိုင်ကပင် လက်ခံသဘောတူထားသည်။ သို့သော် စီမံကိန်းနှင့်ပတ်သက်ပြီး ၎င်းတို့၏ concept note တွင် "အခြားလူမှုကိစ္စရပ်များနှင့်စိုးရိမ်ဖွယ်အခြေအနေများ"ခေါင်းစဉ်အောက်၌ ၎င်းတို့က "စီမံကိန်းကဖန်တီးနိုင်သည့် နိုင်ငံရေးပိုင်းဆိုင်ရာမ တည်ငြိမ် မှု"ကို စိုးရိမ်ဖွယ်ရာအခြေအနေနည်းပါးသောအဆင့်အဖြစ်သတ်မှတ်ပြီး၊ "စီမံကိန်းကြောင့်ဖြစ်လာနိုင်သည့် ပြည်တွင်းလူမှုရေးပဋိပက္ခများ"ကို စိုးရိမ်ဖွယ်ရာအခြေအနေ အလယ်အလတ်အဆင့်အဖြစ်သတ်မှတ်ကာ ဒေသ၏အခြေအနေကို လျှော့တွက်ထားသည်။ အထူးသဖြင့် ကြာရှည်သေလက်နက်ကိုင်ပဋိပက္ခနှင့် လူထုနေရပ်စွန့်ခွာရွှေ့ပြောင်းမှုများ ဖြစ်ပွားသည့်ဒေသ၏သမိုင်းကြောင်းဖြင့် စဉ်းစားသုံးသပ်ကြည့်လျှင် ဤစိုးရိမ်ဖွယ်ရာအချက်နှစ်ချက်ကို စိုးရိမ်ဖွယ်ရာအလယ်အလတ်နှင့်နည်းပါးသောအဆင့်တွင်ရှိသောအရာများဟု သတ်မှတ်ခြင်းသည် အလွန်ကြီးမားသည့်ပြဿနာဖြစ်သည်။

## က. ပဋိပက္ခများနှင့် ထိခိုက်ရွှေ့ပြောင်းမှုများ

အာရှအဝေးပြေးလမ်းမအနီးတစ်ဝိုက်နယ်မြေများ၏ လုံခြုံရေးအခြေအနေသည်တည်ငြိမ်မှုမရှိဘဲ၎င်းအနား တစ်လျှောက် နေရာယူစခန်းထိုင်ကြသော လက်နက်ကိုင်အဖွဲ့များအကြားအချိန်မရွေးတိုက်ပွဲများ နောက်တစ်ဖန် ထပ်မံဖြစ်ပွားနိုင်သည်။ ထိုနယ်မြေအတွင်း နေရာယူထားကြသောတိုင်းရင်းသားလက်နက်ကိုင်များသည် အခွန်ကောက်ခံရန်နှင့်ကူး သန်းရောင်းဝယ်ရေးများမှ အဖိုးအခများရရှိလိုသည့် စီးပွားရေးပိုင်းဆိုင်ရာ အကျိုးမျော်ကိုးမှုရှိသလို မြန်မာတပ်မတော်သည်တည်း အလားတူအကျိုးမျော်ကိုးမှုများရှိလျက် တိုင်းရင်းသားလက်နက်

ကိုင်များထိန်းချုပ်ရာနယ်မြေအတွင်း အကျိုးအမြတ်များမရောက်ရှိအောင် ထိန်းချုပ်မှုရနိုင်ရန် ကြိုးပမ်းနေသည်။

အာရှအဝေးပြေးလမ်းမကို အပြိုင်အဆိုင်ထိန်းချုပ်လိုကြခြင်းကြောင့် မကြာသေးသောကာလက ဖြစ်ပွားခဲ့သောပဋိပက္ခနှင့်တိုက်ပွဲများအကြောင်းကို ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက် (KPSN) က မှတ်တမ်းတင်ထားခဲ့မှုများရှိသည်။[43] ၂၀၁၅ ခုနှစ်၊ ဇူလိုင်လမှစတင်ကာ တစ်ဖက်မှ ဒီကေဘီအေခေါ် ဒီမိုကရေစီအကျိုးပြုတပ်မတော်(DKBA) နှင့် တစ်ဖက်တွင် မြန်မာ့တပ်မတော်နှင့်နယ်ခြားစောင့်(BGF) ပူးပေါင်းထားသောအဖွဲ့များအကြား ဖြစ်ပွားခဲ့ သည့် တိုက်ပွဲများကြောင့် ကျေးရွာ ၄ ရွာမှ လူဦးရေ ၁၀၀၀ (အိမ်ထောင်စု ၁၁၇ စု) နေရပ်မှစွန့်ခွာကာ ထွက်ပြေးပြောင်းရွှေ့သွားရသည်။[44] ရွာသားများသည်၎င်းတို့အိမ်များကို စွန့်ခွာထွက်ပြေးပြီးကော့ ကရိတ်မြို့ရှိဘုန်းကြီးကျောင်းများတွင်ခိုလှုံနေခဲ့ကြသည်။ အဆိုပါကျေး ရွာများရှိစာသင်ကျောင်းများသည်လည်း ကျောင်းသူကျောင်းသားများ၏လုံခြုံရေးအတွက် စိုးရိမ်ရသဖြင့် ယာယီပိတ်ထားခဲ့ကြရသည်။ ရွာသူရွာသားများကလည်း အကယ်၍ ၎င်းတို့ရွာတွင် ဆက်နေလျှင် ယခင်ဖြစ်နေကျအတိုင်း တပ်မတော်စစ်သားများကအတင်းအဓမ္မပေါ်တာဆွဲမည်ကိုလည်းစိုးရိမ်ကြောက် ရွံ့ကြသည်။

တိုက်ပွဲကြောင့်ရွာသူရွာသားများထွက်ပြေးချိန်တွင် ၎င်းတို့၏ပိုင်ဆိုင်မှုများ၊ ပစ္စည်းဥစ္စာများ၊ အိမ်မွေးတိရိစ္ဆာန်များနှင့် အခြားပိုင်ဆိုင်မှုများမှာ အခိုးခံရသည်။ ဒေသခံလူမှုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်သည့် THWEE ကပြုလုပ် သည့်သုတေသနအရ ကျေးရွာတစ်ရွာခြင်းစီ၏ဆုံးရှုံးမှုမှာ ကျပ် ၁၅ သန်း မှ သန်း ၂၀ အကြားတန်ဖိုးရှိသည်။ စိုက်ပျိုးရေးသည် ၎င်းတို့နေ့စဉ်ဘဝအတွက် မရှိမဖြစ်အရေးကြီးသောကြောင့် ဤကဲ့သို့အခြေအနေတွင် ရွာသူရွာသားများမှာ လူမှုရေးနှင့်စီးပွားရေးပြဿနာများကို ကြုံတွေ့နေရသည်။

မိမိကျေးရွာတွင်း သို့မဟုတ် ကျေးရွာအနီးတွင် နယ်ခြားစောင့်တပ်များ ဆက်လက်တပ်စွဲထားသောကြောင့် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လကတည်းက ထွက်ပြေးခဲ့ရသော ရွာသူရွာသား ၄၈၀ ဦးသည် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလအချိန်၊ ယခုအစီရင်ခံစာအတွက် သုတေသနကိုပြုလုပ်နေသည့်အချိန်အထိ ၎င်းတို့ကျေးရွာများသို့ မပြန်နိုင်ကြသေးပါ။ ယခုအစီရင်ခံစာကို တရားဝင်ပုံနှိပ်ထုတ်ဝေသည့်အချိန်ဖြစ်သော ၂၀၁၆ ခုနှစ်၊ ဩဂုတ်လအချိန်တွင် ပျားပင်ကျေးရွာမှ အိမ်ထောင်စု ၁၅ စုမှလွဲ၍ ကျန်ရွာသူရွာသားများမှ ၎င်းတို့၏ကျေးရွာနေအိပ်သို့ပြန်သွားကြပြီဖြစ်သည်။ ဒီကေဘီအေနှင့် နယ်ခြားစောင့်တပ်ဖွဲ့များအကြားထပ်မံဖြစ်ပွားသောတိုက်ပွဲအသစ်များကို ရှောင်ရှားရသည့်အတွက် ၎င်းတို့၏အိမ်ပြန်ရက်ကို ရွှေ့ဆိုင်းကြရသည်။ အချို့ရွာသူရွာသားများမှာ ဒီကေဘီအေနှင့်နယ်ခြားစောင့်တပ်ဖွဲ့များအကြားအပြန်အလှန်ပစ်ခတ်မှုများမှ ၎င်းတို့၏လယ်မြေပေါ်တွင် ကျကျန်ခဲ့သည့်လက်နက်ကြီးကြည်ဆံခွံများနှင့် မပေါက်ကွဲဘဲရှိနေသေးသည့် လက်နက်ကြီးကျည်ဆံများကြောင့် ၎င်းတို့လယ်ယာမြေများတွင် စိုက်ပျိုးလုပ်ကိုင်ရန်မဝံ့ရဲကြပေ။

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် မှ ၂၆ ရက်နေ့အထိတွင် ပစ်ခတ်မှုများဖြစ်ခဲ့ပြီး ပြီးခဲ့သော ၂၀၁၆ ခုနှစ်၊ မေလနှင့်ဩဂုတ်လတွင်လည်း အခြားပစ်ခတ်မှုနှစ်ခုဖြစ်ပွားခဲ့ရာ ဤပစ်ခတ်မှုများသည် ယခုနှစ်အတွင်း လောလောလတ်လတ်ဖြစ်ပွားခဲ့သော ပစ်ခတ်တိုက်ခိုက်မှုများဖြစ်သည်။ ပဋိပက္ခဖြစ်ရခြင်းအကြောင်းမှာ ဒီကေဘီအေ မှကွဲထွက်သွားသည့်အဖွဲ့ (ဒီကေဘီအေ ခွဲထွက်အဖွဲ့) က မြန်မာတပ်မတော်နှင့် ကရင်နယ်ခြားစောင့်တပ် (BGF) တို့ပူးပေါင်းအဖွဲ့ကို အံတုတိုက်ခိုက်ခဲ့ရာမှ စတင်ခဲ့ခြင်းဖြစ်သည်။ ၂၅ ရက်နေ့တွင် ဒီကေဘီအေ ခွဲထွက်အဖွဲ့က က ကော့ကရိတ်မြို့နယ်အတွင်းရှိရွာအချို့ကို ၎င်းတို့ကျေးရွာများမှ ယာယီထွက်ခွါသွားကြရန် စာဖြင့်သတိပေး ခဲ့သည်။ အဆိုပါနေ့တွင်ပင် နယ်ခြားစောင့်တပ်က ကော့ကရိတ်မြို့နယ်၊ ပျားပင်ကျေးရွာရှိ အိမ် ၁၀ လုံးကို မီးရှို့ခဲ့သည်။[45] လတ်တလောတွင် မြန်မာစစ်တပ်ဖက်မှ တပ်ရင်း ၅ ရင်းနှင့် ကရင်နယ်ခြားစောင့်တပ် တပ်ရင်း ၂ ရင်း တို့သည် နိုးလ၊ ပျားပင်၊ ကောင်းမူ၊ ရန်ဂုတ်၊ မိပလဲ့နှင့်နောင်ခင်ကျေးရွာဒေသများတွင် အင်အားဖြည့်တင်းတပ်စွဲလျှက်ရှိသည်။[46]

ပြည်သူလူထုအား ထွက်ပြေးပြောင်းရွှေ့စေသည့် ပစ်ခတ်တိုက်ခိုက်မှုနှင့်ပဋိပက္ခများသည် အာရှအဝေးပြေး လမ်းမဆောက်လုပ်မှုကြောင့် တိုက်ရိုက်ဖြစ်ပွားခြင်းမဟုတ်သော်လည်း၊ ဤလမ်းမကြီးမှတစ်ဆင့် ကုန်သွယ်ရေးလမ်းသစ်ကို ထိန်းချုပ်လိုရာမှ ဖြစ်ပေါ်လာခဲ့သော တင်းမာမှုများက ပဋိပက္ခနှင့်တိုက်ပွဲများကို ဖြစ်စေခဲ့သည်မှာ ထင်ရှားသည်။ ထို့ပြင် အာရှအဝေးပြေးလမ်းမကဲ့သို့သော ဆောက်လုပ်ရေးစီမံကိန်းများသည် စီမံကိန်းတွင် အရေးပါသည့်အစိုးရအစုအဖွဲ့များနှင့် ရင်းနှီးမြုပ်နှံသူများကိုယ်တိုင်မှ ကြိုတင်မမျှော်လင့်ထားသော၊ ထည့်သွင်းစဉ်းစားမှုမရှိသော ထိခိုက်မှုနှင့်နောက်ဆက်တွဲအကျိုးသက်ရောက်မှုများစွာရှိသည် ဆိုသည်မှာ ထင်ရှားသည်။ နိုင်ငံအဆင့်ကချမှတ်ထားသောစီးပွားရေးမူဝါဒနှင့် လက်နက်ကိုင်အဖွဲ့အစည်းများ၏စီးပွားရေးအကျိုးအမြတ်မျော်ကိုးမှုများကြောင့် ရလဒ်အဖြစ်ဒေသတွင်းရှိပြည်သူများသည်သာ ထိခိုက်နစ်နာကြရသည်။

## ၂၀၁၅ အောက်တိုဘာတွင်ဖြစ်ပွားသည့် ပဋိပက္ခကြောင့် နေရပ်စွန့်ခွာထွက်ပြေးရသည့် အိမ်ထောင်စုအရေ အတွက်

| စဉ် | ရွာအမည် | အိမ်ထောင်စု | ရွာသူရွာသား | ကျား | မ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ပျားပင် | ၃၃ | ၁၈၀ | ၆၅ | ၁၁၅ | အိမ်ထောင်စု ၁၅ စု မပြန်နိုင်သေး (ဩဂုတ်လ ၂၀၁၆) |
| ၂ | ကောင်းမူ | ၄၀ | ၂၂၃ | ၉၉ | ၁၂၄ | နေရပ်သို့ပြန်ပြီး |
| ၃ | ဇော်ပေား | ၃၃ | ၁၉၅ | ၁၀၅ | ၉၀ | နေရပ်သို့ပြန်ပြီး |
| ၄ | ရွာသစ်ကုန်း | ၁၁ | ၇၇ | ၃၉ | ၃၈ | နေရပ်သို့ပြန်ပြီး |

## ၁. ရွာသားများ၏အိုးအိမ်များ မီးရှို့ဖျက်ဆီးခံရခြင်း

ကော့ကရိတ်မြို့နယ်၊ သနေမူးကျေးရွာ ရွာသူရွာသားများ၏ အစီရင်ခံချက်အရ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် ပျားပင်ရွာနှင့်မနီးမဝေး၌ မြန်မာတပ်မတော်နှင့်ဒီကေဘီအေ အကြားပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ မြဝတီနှင့်ကော့ကရိတ်အကြားရှိ အာရှအဝေးပြေးလမ်းမအနီးတွင် နေရာယူထားသော ဒီကေဘီအေခွဲထွက်အဖွဲ့ကို မြန်မာတပ်မတော်နှင့်ကရင်နယ်ခြားစောင့်တပ်တို့ ရှင်းထုတ်ရာကနေ တိုက်ပွဲများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါသနေမူးကျေးရွာနယ်မြေတွင်ဖြစ်ပွားခဲ့သောတိုက်ပွဲအတောအတွင်း ရွာသူရွာသားများ၏နေအိမ်များ စွာသည် မြန်မာတပ်မတော်နှင့် ကရင်နယ်ခြားစောင့်တပ်တို့၏ မီးရှို့ဖျက်ဆီးခြင်းကိုခံခဲ့ရသည်။ ပစ်ခတ် တိုက်ခိုက်မှုပထမအကြိမ်တွင်ပင် နေအိမ် (၉) လုံးကိုင်ငင်း တို့မီး ရှို့ဖျက်ဆီးခံခြင်းဖြစ်ပြီး ကျန်နေအိမ်များကိုမူ ၎င်းတို့နောက်တစ်ကြိမ်ရွာထဲပြန်ဝင် သောအခါ မီးရှို့ခဲ့ခြင်းဖြစ်သည်။ ရွာထဲရှိ အိမ် (၂၀) လုံးတွင် နေအိမ် (၄) လုံးသာ မီးရှို့ဖျက်ဆီးခြင်းမခံခဲ့ရဘဲလွတ်မြောက်ခဲ့သည်။

ပစ်ခတ်တိုက်ခိုက်မှုများရပ်တန့်သွားသောအချိန်တွင် မြန်မာစစ်တပ်နှင့် နယ်ခြားစောင့်တပ်တို့က ရွာသူရွာ သားများအား ၎င်းတို့ရွာသို့ ပြန်သွားရန်ပြောခဲ့သော်လည်း ရွာသူရွာသားများမှာ ၎င်းတို့၏နေအိမ်များကို ပြန်လည်တည်ဆောက်ရန် မတတ်နိုင်ကြပေ။ ၂၀၁၆ ခုနှစ်၊ မတ်လအချိန်အထိ ရွာသူရွာသားတစ်ယောက်မျှ ၎င်းတို့ရွာသို့ ပြန်မသွားရဲကြပေ။ ထိုအချိန်နှင့်နောက်ပိုင်းအချိန်အထိ ရွာသူရွာသားများက ၎င်းတို့ကျေးရွာ နယ်မြေနှင့်အနီးအနားတွင် ကျန်ရှိသော မြေမြှုပ်မိုင်းများကြောင့် စိုးရိမ်မကင်းဖြစ်ရသည်။ နောက်ပိုင်းအချိန် တွင်လည်း မြန်မာစစ်တပ်သည် သနေမူးကျေးရွာကို အမြဲတမ်းဖြတ်သွားဖြတ်လာ လုပ်ခြင်းကြောင့် ရွာသူရွာ သားများသည် ယခင်၎င်းတို့ကျေးရွာတွင် နေ့စဉ်လွတ်လပ်စွာနေထိုင်ခဲ့ရသည့်ပုံမှန်အခြေအနေခံစားမှုမျိုးကို ပြန်မရနိုင်ဘဲ ဖြစ်ရသည်။

ဤလမ်းစတင်ဖောက်လုပ်သည့်အချိန်မှစပြီး မြန်မာစစ်တပ်နှင့် လက်နက်ကိုင်များအကြား တိုက်ပွဲများထပ် ကာထပ်ကာဖြစ်နေသည်ကို ကျွန်ုပ်တို့မြင်တွေ့ခဲ့ကြသည်။ အောက်ခြေမှ နိုင်ငံတော်အဆင့်အထိ အဆင့်တိုင်းတွင် ဗဟိုအစိုးရနှင့် ပြည်နယ်/တိုင်းအစိုးရတို့အကြား မျှတသောအာဏာခွဲဝေမှုများရှိရန် လိုအပ်လျက်ရှိသည်။ အကြောင်းမှာဗဟိုချုပ်ကိုင်မှုစနစ်ဖြင့်ပြုလုပ်သော အစိုးရ၏ဆုံးဖြတ်ချက်များသည် တိုင်းရင်းသားဒေသအ တွင်း ရှိလူထု၏လိုအပ်မှုအမှန်များကို မဖြည့်ဆည်းနိုင်သောကြောင့်ဖြစ်သည်။ အောက် ခြေပြည်နယ်အဆင့်တွင် အာရှအဝေးပြေးလမ်းမအပေါ် ထိန်းချုပ်ပိုင်ခွင့်၊ အကျိုးအမြတ်ခွဲယူခံစားခွင့်နှင့် လူထုအသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ ပြန်လည်ဖန်တီးရေး၊ စသည်များ နှင့်ပတ်သက်ပြီး ရှင်းလင်း သောနိုင်ငံရေးပိုင်းဆိုင်ရာသဘောတူညီမှုများကို ရရှိရန်အထူးလိုအပ်လျက် ရှိနေသည်။ ဆောက်လုပ်ရေးလုပ်ငန်းစီမံကိန်းများ သို့မဟုတ် စီးပွားရေးပိုင်းဆိုင်ရာဖွံ့ဖြိုးရေးစီမံကိန်းအားလုံးတွင် ပဋိပက္ခပိုင်းဆိုင်ရာစိုးရိမ်မှုနှင့်ပတ်သက်ပြီး ကြိုတင်ဆန်းစစ်လေ့လာမှုနှင့်ကိုင်တွယ်ဖြေရှင်းနည်းများရှိသင့်သလို လူထုအပေါ်ထိခိုက်မှုများကိုရှောင်ရှားနိုင်ရန်အတွက် တရားမျှတသောမြေယာပိုင်ဆိုင်ခွင့်နှင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများဖန်တီးရေးအစီအစဉ် များနှင့် ထိုအစီအစဉ်များအား တရားစွာအ ကောင်အထည်ဖေါ်ပေးမှုများ ရှိရမည်။



မတ်လ ၂၀၁၆ ခုနှစ်တိုက်ပွဲဖြစ်နေစဉ်အတွင်း ကော့ကရိတ်မြို့နယ်၊ တနေးမူးရွာအတွင်း မီးရှို့ခံရသောအိမ်များဖြစ်သည်။
ဓါတ်ပုံ - KHRG

## ဂ. ဤစီမံကိန်းသည် လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် မည်သို့သက်ရောက်မှု ရှိသည်ကို ပြန်လည်နေရာချထားရေးအစီအစဉ်တွင် ညွှန်းဆိုထားခြင်းမရှိပေ။

မြန်မာနိုင်ငံသူနိုင်ငံသားများအပေါ် စီမံကိန်းသည် မည်ကဲ့သို့၏အကျိုးသက်ရောက်မှုရှိသည်ကို အမှန်တ ကယ်နားလည်ရန်အတွက် ADB နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့သည် စီမံကိန်း၏ လူမှုရေးဆိုင် ရာထိခိုက်မှုကို ထည့်သွင်းစဉ်းစားရမည်။ အထူးသဖြင့် ဤစီမံကိန်းသည် နိုင်ငံအတွင်း ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းအားထုတ်လုပ်ဆောင်ချက်များအပေါ်၊ အထူးသဖြင့် ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးတည် ဆောက်မှုအပေါ် အကျိုးသက်ရောက်မှုရှိသောကြောင့် စီမံကိန်း၏လူမှုရေးအပေါ်သက်ရောက်မှုကိုမဖြစ်မနေထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ "စီမံကိန်းများသည် ပြည်သူလူထုအတွက် အခွင့်အလမ်းနှင့်အကျိုးကျေးဇူးနှစ်မျိုးစလုံး ဖန်တီးပေးနိုင်သည်။ တစ်ချိန်တည်းတွင်လည်း အန္တရာယ်ရှိသော အကျိုးသက်ရောက်မှုများကိုလည်း ဖန်တီးပေးနိုင်သည်။ လူထုအတွက်စီမံကိန်း ကယူဆောင်လာမည့်၏ အကျိုးအမြတ်ကို များသည်ထက်များအောင်နှင့် စီမံကိန်းသက်တမ်းတစ်လျှောက်ဆိုးကျိုးသက်ရောက်မှုများကိုရှောင်လွှဲနိုင်ရန်အတွက် ကောင်းမွန်သောစီမံခန့်ခွဲမှုရှိရန်လိုအပ်သည်"

ဟု International Association for Impact Accessment ခေါ်စီမံကိန်းအကျိုးသက်ရောက်မှုလေ့လာစုံစမ်းရေးဆိုင်ရာ နိုင်ငံတကာအသင်းကြီးကမှတ် ချက်ပြုထားသည်။[47]

ကံကြောင်းမလှစွာပင် မြန်မာနိုင်ငံအရှေ့တောင်ဖက်ခြမ်းအတွင်း လက်တလောဖြစ်ပေါ်ခဲ့သော သာဓကများအရ လမ်းစီမံကိန်းများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် သက်ဆိုင်ရာဒေသအတွင်းရှိ ပြည်သူများ၏ လုံခြုံမှုအပေါ် ဆိုးကျိုးသက်ရောက်မှုရှိနိုင်ကြောင်း ပြသသည်။ တိုက်ပွဲများကြောင့် ဒေသခံရွာသူရွာသားများ သေကြေရခြင်း၊ ခရီးသွားလာရေးအနှောင့်အယှက်ဖြစ်ရခြင်း၊ ကျောင်းသူကျောင်းသားများ၏ပညာသင်ကြားမှုအတွက် အနှောင့်အယှက်ဖြစ်ရခြင်း၊ စသည့် ဆိုးကျိုးများကိုဖြစ်စေခဲ့သည်။ ဤသည်မှာ မြန်မာနိုင်ငံ၏ အခြားအပိုင်းရှိ တိုင်းရင်းသားဒေသများအတွင်း ပဋိပက္ခဖြစ်ပွားရာဒေသများ၌ အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းများပြုလုပ်ခြင်းကြောင့် ပုံမှန်မြင်တွေ့နေရသော ထိခိုက်မှုဆိုးကျိုးအခြေအနေမှားနှင့် တစ်ပုံစံတည်းဖြစ်သည်။ ထိရှလွယ်သော ယာယီအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်စာချုပ်လက်မှတ်ရေထိုးထားစဉ်အချိန်တွင် ဖွံ့ဖြိုးရေးစီမံကိန်းများကို ဆက်လက် ဆောင်ရွက်ခြင်းကြောင့် စစ်ရေးတိုးချဲ့မှုများပိုများစေကာ ရလဒ်အဖြစ် ပဋိပက္ခမီးကိုတစ် ဖန်ပြန်တောက်စေနိုင်သည်။ ရိုးရိုးရှင်းရှင်းကြည့်မည်ဆိုပါကဖွံ့ဖြိုးတိုးတက်မှုသည် ငြိမ်းချမ်းရေးအတွက်အထောက်အကူပေးနိုင်ပြီး အခြေခံလူနေမှုဘဝကိုလည်း မြင့်တင်ပေးနိုင်သလို တစ်ဖက်တွင် ပဋိပက္ခနှင့် နေရပ်အိုးအိမ်စွန့်ပစ်ရသည့် ရွှေ့ပြောင်းမှုများကို ဖြစ်စေနိုင်သည်။[48]

ADB ကိုယ်တိုင်က လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် စီမံကိန်းအကောင်အထည်ဖေါ်ခြင်းအတွက် စိုးရိမ်စရာအခြေအနေများဖန်တီးပေးနိုင်သည့် အလားအလာများစွာရှိသောအရာတစ်ခုအဖြစ် သတ်မှတ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ဆက်နွယ်သော စိုးရိမ်စရာအခြေအနေများကိုစီမံခန့်ခွဲရန်အတွက် " ADB သည် လက်ရှိသွားနေသောငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စောင့်ကြည့်လေ့လာမည်ဖြစ်ကာ နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအပါအဝင် အဓိကသက်ဆိုင်ရာအစုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်"[49] ဟု ADB ၏ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာလမ်းညွှန်ချက်နှင့်မူဝါဒများတွင် ရှုပ်ထွေးပြီးထိလွယ်ရှလွယ်သောစီမံကိန်းများအတွက် သီးခြားလွတ်လပ်သော အကြံပေးအဖွဲ့တစ်ခုဖွဲ့စည်းပေးရန်ပါရှိပြီး စီမံကိန်းအကောင်အထည်ဖေါ်မှုတစ်လျှောက် လုပ်ငန်းစဉ်များသည် ADB ၏ လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုလမ်းညွှန်ချက်များနှင့်ကိုက်ညီမှုရှိမရှိ ဆုံးဖြတ်ရန်အတွက် ထိုအကြံပေးအဖွဲ့အစည်းနှင့် ADB ထံမှ ချေးငွေယူသူများက လက်တွဲဆောင်ရွက်ရမည် ဟူ၍ပါရှိသည်။[50]

အာရှအဝေးပြေးလမ်းစီမံကိန်း၏ ဆောက်လုပ်ရေးလုပ်ငန်းများမစတင်ခင်က ဖြစ်ပွားသောမတည်ငြိမ်မှုများ နှင့် တိုက်ခိုက်မှုများကြောင့် ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်က ADB အပါအဝင် ကရင်ပြည် နယ်အတွင်း အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းများကိုထောက်ပံ့ပေးနေသော ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေသူ များအား " ၎င်းတို့၏လုပ်ငန်းအစီအစဉ်များကိုပဋိပက္ခအရေးထည့်တွက်စဉ်းစား၍ ပြန်လည်သုံးသပ်ရန်" တောင်းဆိုခဲ့သည်။[51] ADB နှင့် အခြား ဖွံ့ဖြိုးတိုးတက်မှုအရေးဆောင်ရွက်သူများသည် "၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုနှင့်ဂုဏ်သိက္ခာများမထိခိုက်စေရန်အတွက် လက်တွေ့မြေပြင်အခြေအနေတွင် ဖြစ်ပေါ်နေသော နိုင်ငံ

ရေးပြောင်းလဲမှုများနှင့်အညီ ၎င်းတို့မဟာဗျူဟာကို ထိန်းညှိသင့်သည်။"

စီမံကိန်းနှင့်ပတ်သက်၍ သတိပေးချက်များအပြင် စီမံကိန်းကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အပေါ်ဖြစ်ပေါ်နိုင်သောထိခိုက်မှုများရှိနေသော်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနသည်သီး ခြား လွတ်လပ်သောအကြံပေးအဖွဲ့ဖွဲ့စည်းဆောင်ရွက်ခြင်းမရှိခဲ့သလို၊စီမံကိန်း ကြောင့် ငြိမ်း ချမ်းရေးလုပ်ငန်းစဉ်အပေါ် မည်သို့ထိခိုက်နိုင်သည်နှင့် ပတ် သက်ပြီး ပဋိပက္ခပိုင်းဆိုင်ရာလေ့ လာဆန်းစစ်မှုများဆောင်ရွက်သည်ကို မတွေ့ရသလို ဆောင်ရွက် မည့်အရိပ်လက္ခာလည်းမ တွေ့ရသေးပေ။ စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုစ နစ်တကျထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ရှေ့ဆက်တိုးလုပ်မည်ဆိုပါက မည်သည့်အရာများ ဖြစ်လာနိုင်သည်ကို လတ်တလောသမိုင်းဖြစ်စဉ်များကဖော်ပြနေသည်။ စစ်ရေးတိုးချဲ့မှု များ၊ မပြီးဆုံးနိုင်သောပဋိပက္ခများ၊ နှင့်အပြစ်မဲ့ရွာသူရွာသားများနှင့် ဘေးပတ်ဝန်း ကျင်မှ ပြည်သူများ၏ ထိခိုက်နစ်နာရမှုများကိုသာ မြင်တွေ့ရမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ရေး သည် ငြိမ်းချမ်းရေးကိုအားဖြည့် အထောက်အကူပြုနိုင်သည်။ သို့သော် နှစ် ခုစလုံးကိုအတူ တကွထည့်သွင်းစဉ်းစား ဆောင်ရွက်မှသာ ထိုအဖြေကိုရမည်ဖြစ်သည်။ လက်ရှိ အနေအ ထားတွင် မြန်မာ့ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ပြန်လည်နေ ရာချားရေး အစီအ စဉ်သည်ငြိမ်း ချမ်းရေးထက် ဖွံ့ဖြိုးမှုကို ပိုဦးစားပေးလုပ်ဆောင်နေသည်။




သကန်းညီနောင်မှ ကော့ကရိတ်အကြား အာရှအဝေးပြေးလမ်းမဆောက်လုပ်ရေးလုပ်ငန်းတွင် တွေ့ရသောကားကြီး။
ဓါတ်ပုံ (KESAN)

# X
# နိဂုံး

ကျွန်ုပ်တို့တွေ့ဆုံမေးမြန်းခဲ့သည့်ရွာသူရွာသားအားလုံးသည် လျော်ကြေးပေးခြင်းနှင့်ပတ်သက်၍ သို့မဟုတ် ၎င်းတို့မြေယာများသိမ်းဆည်းခံရသည့်ပုံစံနှင့်ပတ်သက်၍ မကျေနပ်ချက်များကို ထုတ်ဖော်ပြောကြားရန် အခွင့်အလမ်းမရရှိခဲ့ပါ။ ကရင်ပြည်နယ်အတွင်းတည်ရှိ သည့် တရားစီရင်ရေးစနစ်အပေါ် ထင်မြင်ချက်ပေးရန် အတွက်မှာ ယခုအစီရင်ခံစာ၏လုပ်ပိုင်ခွင့်ပြင်ပတွင် ရှိနေသည်။ သို့သော်ငြားလည်း ရွာသူရွာသားများသည် တရားရုံးများက နေတစ်ဆင့် နစ်နာကြေးတောင်းဆိုရန် စဉ်းစားခြင်းပင်မရှိခဲ့ဟု ၎င်းတို့က ကျွန်ုပ်တို့အား ပြောပြခဲ့သည်။ အကြောင်းမှာ ထိုနည်းဖြင့် ကြိုးပမ်းလျှင်လည်း ကောင်းမွန်အကျိုးပေးသည့် ရလာဒ်ထွက်ပေါ်လာလိမ့်မည်မဟုတ်ဟု ရွာသူရွာသားများက နားလည်ထားခြင်းကြောင့်ဖြစ်သည်။ လေ့လာစုံစမ်းမှုများကျယ်ပြန့်စွာပြုလုပ်ပြီးနောက် တွေ့မြင်ရသည့်အချက်မှာ မြဝတီမှကော့ကရိတ်သို့ ဖောက်လုပ်သည့်အာရှအဝေးပြေးလမ်းမစီမံကိန်းကြောင့် နစ်နာခဲ့ရသည့် လူမှုအသိုင်းအဝန်းများအတွက် ၎င်းတို့၏စိုးရိမ်ချက်များ၊ မကျေနပ်ချက်များကို ထုတ်ဖော်တိုင်ကြားနိုင်ရန် ထိရောက်သောမကျေနပ်ချက်တိုင်ကြားဖြေရှင်းသည့်ယန္တရားများ မရှိပေ။ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တွင် တာဝန်ယူမှုတာဝန်ခံမှုနှင့်ပတ်သက်ပြီး ယန္တရားများချထားခြင်းရှိသော်လည်း[52] ထိုလုပ်ထုံးလုပ်နည်းများသည် ထိခိုက်နစ်နာသူများမှအလွယ်တကူနားလည်သဘောပေါက်ပြီး လွယ်ကူစွာရရှိကျင့်သုံးနိုင်သော ယန္တရားများဖြစ်ရန်အထူးလိုအပ်ပြီးနှင့် ၎င်းအားလက်တွေ့တွင် အမှန်တကယ်ကျင့်သုံးရန်လည်း အထူးအရေးကြီးသည်။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) က ယခုစီမံကိန်းသည် အနီးတဝိုက်ဒေသရှိ ရွာသူရွာသား များ၏ အသက်မွေးဝမ်းကျောင်းနှင့် လူနေမှုအဆင့်အတန်းတိုးတက်ကောင်းမွန်လာစေလိမ့်မည်ဟု ပြောဆိုသော်လည်း အမှန်တကယ်တွင် စီမံကိန်းသည်လူအများ၏ အသက်မွေးဝမ်းကျောင်း အပေါ် ထိခိုက်စေပြီဖြစ်ပြီး အကယ်၍သာ နိုင်ငံတကာ၏ကောင်းမွန်သောကာကွယ်စောင့်ရှောက်မှုလမ်းညွှန်ချက်များကို မလိုက်နာပါက နောက်ပိုင်းတွင်လည်း လူထုအသက်မွေးဝမ်းကျောင်းအပေါ် ဆိုးဆိုးရွားရွားဆက်လက်ထိခိုက်စေမည် ဖြစ်သည်။ ထုတ်လုပ်မှုကောင်းသောစိုက်ပျိုးမြေများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆုံးရှုံးခြင်းသည် ငွေသားလျော်ကြေးပေးရုံဖြင့် လုံလောက်သောအရာမဟုတ်သည်ကို စီမံကိန်းတွင်အဓိကပါ ဝင်သူများနှင့် ငွေကြေးပံ့ပိုးသူများက နားလည်ရန်လိုအပ်သည်။ ကရင်ပြည်နယ်အတွင်းတည်ရှိသည့် အာရှလမ်းမအပိုင်းနှစ်ခုနှင့်ပတ်သက်၍ စီမံကိန်းကြောင့်ဆုံးရှုံးသည့်မြေယာများတွက် မည်သည့် ငွေသားလျော်ကြေးပမာဏဖြစ်စေကာမူ လူထုအတွက်လုံလောက်လိမ့်မည်မဟုတ်သည့်အ

ပြင် ငွေကြေးလျော်ကြေးပေးခြင်းသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများပြန်လည်ဖန်တီး ပေးခြင်းနှင့် ထပ်တူထပ်မျှတူညီသောအရာဟု ရွာသူရွာသားများခံစားရမည် မဟုတ်သည်ကို NEDA, မြန်မာ့ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အာရှဖွံ့ ဖြိုးရေးဘဏ် (ADB) က ထည့်သွင်း စဉ်း စားဟန် မရှိခဲ့ပါ။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) က အတည်ပြုလက်ခံခဲ့သည့် မြန်မာ့ဆောက်လုပ်ရေးဝန်ကြီး ဌာန၏ ပြန်လည်နေရာချထားသည့်အစီအစဉ်သည် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ကိုယ်တိုင် ကချမှတ်ထားသော ကာကွယ်စောင့်ရှောက်ရေးလမ်းညွှန်ချက်နှင့်မူဝါဒများ၏စံချိန်စံနှုန်းကို မမှီရုံမက စီမံကိန်းအကျိုးဆက်ကို ခံစားရမည့် ရွာသူရွာသားများအပေါ်ဖြစ်ပေါ်မည့် ထိခိုက် မှုများနှင့်ပတ်သက်၍လည်း စိတ်ကျေနပ်ဖွယ်ရာကောင်းလောက်သည့် ဖြေရှင်းချက်များမပေး ထားပါ။ လေးနက်အဓိပ္ပါယ်ရှိသော တွေ့ဆုံတိုင်ပင်ဆွေးနွေးမှုများနှင့် ပြည့်စုံလုံလောက်သော သတင်းအချက်အလက်များကိုလည်း ရွာသူရွာသားများမရှိခဲ့သလို ရွာသူရွာသားများ၏စိုးရိမ် မှုကြောက်ရွံ့မှုများသည်လည်း လုံလောက်လေးနက်စွာလက်ခံစဉ်း စားဖြေရှင်းပေးမှု မခံခဲ့ရ ပါ။ အာရှအဝေးပြေးလမ်းမစီမံကိန်းပင် ပြည့်ပြည့်ဝဝမပြီးစီးသေးပါ၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) သည် ၎င်း၏ ကတိကဝတ်များနှင့်လမ်းကြောင်းလွဲလျှက် ရှိနေသည်။ ဤအခြေအနေ များ ဆက်လက်ဖြစ်ပွားစေခြင်းဖြင့် မူလဆိုးပြီးသားအခြေအနေကို ပိုမိုဆိုးရွားစေခြင်းမရှိစေ ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) သည် မြန်မာအစိုးရနှင့်စီမံကိန်းအားကိုင်တွယ်အ ကောင်အထည်ဖေါ်နေသူ ကုမ္ပဏီများကို ၎င်းတို့၏နည်းဗျူဟာများ ပြန်လည်ဆန်းစစ်ပြီး ပြောင်းရန်အတွက် မဆိုင်းမတွဆောင်ရွက်သင့်သည်။

အကယ်၍အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့်မြန်မာအစိုးရတို့သည် ရေရှည်တည်တံ့ခိုင်မြဲသော ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ်လိုလားပြီး ဆင်းရဲနွမ်းပါးမှုကို နည်းပါးစေလို ပါက ဒေသခံပြည်သူလူထု၏ အသံ၊ စိုးရိမ်ပူပန်မှုနှင့် မကျေနပ်ချက်များကို မဖြစ်မနေနား ထောင်ဖြေရှင်းပေးရမည်။ လူထုအားဘေးဖယ်ပြီး အမှန်တကယ်မဖြည့်ဆည်းသောကတိများ ကိုပေးမည့်အစား လက်ဆုပ်လက်ကိုင်ပြနိုင်သော အကျိုးအမြတ် များရအောင်ဆောင်ရွက် ပေးရမည်။

# XI
# အကြံပေးချက်များ

စီမံကိန်းနှင့်ပတ်သက်ပြီး မြေပြင်ဆောင်ရွက်မှုတစ်စုံတစ်ရာမလုပ်မီ ပွင့်လင်းမြင်သာသော ပြန်လည်နေရာချထားရေးအစီအစဉ်၊ လျော်ကြေးပေးမှုပုံစံ နှင့် ရေရှည်တည်တံ့သောအသက်မွေးဝမ်းကျောင်းလုပ်ငန်း ပြန်လည်ဖန်တီးပေးမှုအစီအစဉ်များကိုချမှတ်ထားရမည် ဖြစ်သည်။ စီမံကိန်းလုပ်ငန်းများမစတင်ခင်တွင် စီမံကိန်းကြောင့် ထိခိုက်မည့်လူထုထံမှ "ကြိုတင်သတင်းအချက်အလက်ရရှိထားသည့် ဖိအားခြိမ်းခြောက်မှုကင်းမဲ့သောသဘောထားများ" ကိုကြိုတင်ရယူမှုရှိရမည်။ ဤအချက်များနှင့်ပတ်သက်ပြီးပျက်ကွက်မှုများကို အချိန်မဆိုင်းတွဘဲပြင်ဆင်ရမည်။ စီမံကိန်းကြောင့်ထိခိုက်မည့်/ထိခိုက်ခံရသည့် လူထုနှင့်အိမ်ထောင်စုအားလုံးအားပြန်လည်နေရာချထားရေးအစီအစဉ်နှင့် လျော်ကြေးပေးခြင်းအစီအစဉ်များ အသေးစိတ်ချပြခြင်းဖြင့် ၎င်းတို့ရသင့်ရထိုက်သည့် အကူအညီအထောက်အပံ့များကို ရယူနိုင်အောင်ဆောင်ရွက်ပေးဆင်ရမည်။

**အိမ်နီးခြင်းနိုင်ငံများစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (NEDA) နှင့်ထိုင်းရင်းနှီးမြှုပ်နှံ သူများသို့ အကြံပြုချက်**

၁. ကရင်ပြည်နယ်အတွင်းရှိ စီမံကိန်းကြီးများကို ငွေကြေးပံ့ပိုးနေသော ထိုင်းအစိုးရဌာနအဖွဲ့အစည်းနှင့် အခြားသောအစုအဖွဲ့များသည် ၎င်းတို့၏စီမံကိန်းလုပ်ငန်းစဉ်များကို ပဋိပက္ခအရေးထည့်စဉ်းစားကာ ပြန်လည်ဆန်းစစ်သင့်သည်။ ထိုင်းအဖွဲ့အစည်းအနေဖြင့် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုနှင့် ထိုင်းနိုင်ငံ၏တကာအသိုင်းအဝိုင်းအကြားရှိဂုဏ်သိက္ခာကို ကာကွယ်ထိန်းသိမ်းရန်အတွက် စီမံကိန်းနှင့်စပ် လျင်းပြီးဖြစ်လာနိုင်သည့် ပဋိပက္ခ၊ လူ့အခွင့်အရေးချိုးဖေါက်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ချိုးဖေါက် မှုများထဲတွင် မပါဝင်ရန် ရှောင်သင့်သည်။

၂. သက်န်းညီနောင်နှင့်ကော့ကရိတ်အကြားရှိ အာရှလမ်းမအပိုင်းနှင့်ပတ်သက်ပြီးသဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာထိခိုက်မှုအပေါ် ဆန်းစစ်လေ့လာမည့် လွတ်လပ်သီးခြားသောအဖွဲ့ကို မဆိုင်းမတွဖွဲ့စည်းကာ ဆန်းစစ်လေ့လာမှုများကိုဆောင်ရွက်သင့်သည်။

က. လက်နက်ကိုင်များအကြား အဆက်မပြတ်ဖြစ်ပွားခဲ့သော ပစ်ခိုက်တိုက်ခိုက်မှုနှင့်တရားဝင်/ တရားမဝင် မြေယာသိမ်းဆည်းမှုကြောင့် အဝေးပြေးလမ်းမတစ်လျှောက်နှင့်အနီးအနားရှိအသက် မွေးဝမ်းကျောင်းလုပ်ငန်းထိခိုက်ပျက်စီးရသူများနှင့် ထိခိုက်ပြောင်းရွှေ့ရသူများ ရှာဖွေဖေါ်ထုတ်ကာ ပြည့်ပြည့်ဝဝ ကူညီပေးရန်လိုအပ်သည်။

ခ. စီမံကိန်းကြောင့် ဖြစ်ပွားသော မြေ၊ မြစ်ချောင်း၊ သက်ရှိမျိုးစိတ်အမျိုးမျိုးနှင့် သစ်တောထိခိုက်ပျက်စီးမှုအတိုင်းအတာမည်မျှရှိသည်နှင့် ထိုပျက်စီးမှုအား မည်ကဲ့သို့ပြန်လည်ပြင်ဆင်ပြုစုကုစားနိုင်သည်ကို ဖေါ်ထုတ်ရန်လိုအပ်သည်။

၃. အကယ်၍ သက်န်းညီနောင်နှင့်ကော့ကရိတ်အကြားရှိ အာရှအဝေးပြေးလမ်းမအပိုင်းအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုအရေးအပေါ်ဖြစ်စေနိုင်သောထိခိုက်မှုနှင့်စပ်လျင်းပြီးဆောင်ရွက်ခဲ့သော ဆန်းစစ်လေ့လာမှုများရှိခဲ့ပါက မြန်မာအစိုးရနှင့် NEDA တို့သည် ပြည်သူလူထုအားချက်ချင်း ချပြရန်လိုအပ်သည်။

## မြန်မာအစိုးရ၊ မြန်မာ့ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်သို့ အကြံပြုချက်

၄. အာရှအဝေးပြေးလမ်းမစီမံကိန်းအတွင်းကျရောက်မည့်မြေယာအားလုံးနှင့်ပတ်သက်ပြီးဘက်မလိုက်သော ရှင်းလင်းတိကျပြည့်စုံသည့် မြေယာဆိုင်ရာအခွင့်အရေးရှင်းလင်းသတ်မှတ်ပေးမှုလုပ်ငန်းစဉ်ကို ချမှတ်ပေးရမည်။

၅. သက်ရှိများ၏နေရာထိုင်ခင်းပျက်စီးခြင်း၊ လေနှင့်ရေထုညစ်ညမ်းမှု၊ ရေလျှံမှုနှင့်ရေတိုက်စားမှု၊ လူထုကျန်း မာရေးဆိုင်ရာထိခိုက်မှုကဲ့သို့သော ထိခိုက်မှုများအပါအဝင် ကရင်ပြည်နယ်အတွင်းသဘာဝပတ်ဝန်းကျင်အ ပေါ် ဖြစ်ပေါ်လာမည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများကိုဆန်းစစ်ဖေါ်ထုတ်ပြီးထိခိုက်မှုရှောင်ရှားရေးနှင့် လျော့ချရေးအစီအစဉ်များကိုဖေါ်ထုတ်ပေးမည့် မဟာဗျူဟာမြောက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုဆန်းစစ်လေ့လာမှုကိုဆောင်ရွက်ပြီးစီးခြင်းမရှိသရွေ့ အာရှအဝေးပြေးလမ်းမ/ အရှေ့ - အနောက်စီးပွားရေးစင်္ကြန်စီမံကိန်းကို ဆိုင်းငံ့ထားရမည်။

၆. အာရှအဝေးပြေးလမ်းမစီမံကိန်းသည် ပြည်သူလူထု၏မြေယာ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်အပေါ်မည်ကဲ့သို့ ထိခိုက်မှုရှိစေနိုင်သည်၊ အထူးသဖြင့်ကိုယ်ပိုင်ဆန္ဒမပါဘဲ ရွှေ့ပြောင်း ရမည့်အရေးများနှင့်ပတ်သက်၍ မည်ကဲ့သို့သောထိခိုက်မှုများဖြစ်စေနိုင်သည့် သတင်းအချက်အလက် အပြည့်အစုံအားလုံးကို စီမံကိန်းကြောင့်ထိခိုက်မည့်ဒေသခံလူထု နားလည်ရန်လွယ်ကူသော ဘာသာစကားဖြင့် လွယ်ကူစွာရရှိအောင် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့် မြန်မာ့ဆောက်လုပ်ရေးဝန်ကြီးဌာနက ချက်ချင်းဆောင်ရွက် သင့်သည်။

၇. အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့် မြန်မာအစိုးရသည် ထိရောက်ပြီး ယုံကြည်စိတ်ချရသော သက်ဆိုင်သူအားလုံးပါဝင်သည့် လုပ်ငန်းလုပ်ကိုင်ဖေါ်အဖွဲ့ကိုဖွဲ့စည်းပြီးလူထုကိုအကျိုးပြုပြီးလက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်ဖြစ်နိုင်မည့် စိုးရိမ်စရာထိခိုက်မှုကို ရှောင်လွဲလျှော့ချပေးသည့်ရေရှည်တည်တံ့ပြီး မျှတသောဖွံ့ဖြိုးမှုကို ယူဆောင်ပေးသည့်စီမံကိန်းဖြစ်စေရန်အတွက် စီမံကိန်းကြောင့်ထိခိုက်မည့်လူထု၊ လူမှုအဖွဲ့အစည်းနှင့် ကိုယ်စားလှယ်များ ပါဝင်သည့်အကြံပေးအတိုင်ပင်ခံလုပ်ငန်းစဉ်ကို အကောင်အထည်ဖေါ်ဆောက်ရွက်သင့်သည်။

၈. ကော့ကရိတ်နှင့်အိန္ဒူအကြားရှိ အာရှအဝေးပြေးလမ်းမဆောက်လုပ်မှုကြောင့်ထိခိုက်ပြောင်းရွှေ့ရမည့်ပြည်သူလူထုသည်ပြန်လည်နေရာချထားရေးဆိုင်ရာရွေးချယ်ပိုင်ခွင့်အပြည့်အဝရရှိသင့်သည်။ ထိုအထဲတွင် မြေယာအစားထိုးပြန်ပေးခြင်းနှင့် ယခင်မြေယာပိုင်ဆိုင်မှုအထောက်အထား သို့မဟုတ် လုံလောက်သော ငွေကြေးလျော်ကြေးနှင့် နိုင်ငံတကာကချမှတ်ထားသောကောင်းမွန်သည့်စံချိန်စံနှုန်းအတိုင်း ယခင်အခြေအနေနှင့်ညီမျှသော သို့မဟုတ် ထိုထက်မနိမ့်

သော လူမှုစီးပွားအခြေအနေကို ပြန်လည်ဖန်တီးခွင့်ပေးမည့် အခြားအထောက်အပံ့များပါဝင်သည်။

၉. ဌာနေတိုင်းရင်းသားဆိုင်ရာအခွင့်အရေးနှင့်လူ့အခွင့်အရေးချိုးဖေါက်မှုများအပြင်လူထုဘဝဘေးကင်းလုံခြုံရေးအတွက် ယုံကြည်စိတ်ချရသော၊ ရယူကျင့်သုံးရန်လွယ်ကူသော၊ နှင့်ပွင့်လင်းမြင်သာသော မကျေနပ်ချက်တိုင်ကြားဖြေရှင်းရေးယန္တရားများ ဖွဲ့စည်းချထားပေးရမည်။

၁၀. သတင်းမီဒီယာများနှင့် ဤအစီရင်ခံစာကဖေါ်ပြသည့်အတိုင်းပင် စီမံကိန်းဒေသသည် ပဋိပက္ခနက်ရှိုင်းစွာ တည်ရှိရာဒေသဖြစ်သည့်အလျောက် ငြိမ်းချမ်းရေးအနှင့်ပဋိပက္ခပိုင်းဆိုင်ရာစိုးရိမ်မှုကို ဆန်းစစ်လေ့လာသည့် လေ့လာမှုများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပြီး စီမံကိန်းဆောက်လုပ်ရေးလုပ်ငန်းများရှေ့ဆက်မသွားခင် အနာဂတ်တွင် ပဋိပက္ခကိုဖြစ်ပေါ်စေနိုင်သည့်စိုးရိမ်ဖွယ်ရာအရင်းအမြစ်များကို ကိုင်တွယ်ဖြေရှင်းရမည်။

## အာရှဖွံ့ဖြိုးရေးဘဏ် (ADB) သို့ အကြံပြုချက်

၁၁. အာရှဖွံ့ဖြိုးရေးဘဏ် (ADB) အနေဖြင့် ၎င်းချမှတ်ထားသော ကာကွယ်စောင့်ရှောက်မှုလမ်းညွှန်ချက် နှင့်မူဝါဒများကို မြန်မာအစိုးရနှင့်မြန်မာ့ဆောက်လုပ်ရေးဝန်ကြီးဌာနတို့အမှန်တကယ် လေးလေးနက်နက် လိုက်နာအောင် ဆောင်ရွက်ရမည်ဖြစ်သလို အကယ်၍လိုက်နာရန်ပျက်ကွက်ပါကလည်း ထိုပျက်ကွက်မှုများ ကိုဖြေရှင်းရန်အတွက် ထိုက်သင့်သောအရေးယူဆောင်ရွက်မှုများကို မဖြစ်မနေပြုလုပ်ရမည်။

၁၂. စီမံကိန်းဇရိယာတွင် ပါသွားမည့်မြေများကို ရှင်းရှင်းလင်းလင်းတိုင်းတာရာတွင်သော်လည်းကောင်း၊ လျော်ကြေးကိစ္စနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ ပြန်လည်နေရာချထားရေးနှင့်စပ် လျင်း၍သော်လည်းကောင်း၊ နှင့် လူထုအသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာရွေးချယ်မှုနှင့်စပ်လျင်း၍သော်လည်းကောင်း၊ မြန်မာအစိုးရနှင့် မြန်မာ့ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ စီမံကိန်းကြောင့်ထိခိုက်မည့် ပြည်သူလူထုနှင့် အချိန်မီပွင့်လင်းမြင်သာစွာ တွေ့ဆုံညှိနှိုင်းမှုများရှိရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) အတွင် တာဝန်ရှိပြီးထိုတာဝန်ကိုဖြည့်ဆည်းရမည်။

၁၃. ကနဦးသဘာဝပတ်ဝန်းကျင်ဆိုင်ရာစူးစမ်းလေ့လာမှု (Initial Environmental Examination) များသည် သဘာဝပတ်ဝန်းကျင်အပေါ်သော်လည်းကောင်း၊ စက်မှုဖုံနှင့်ဆက်နွယ်နေသည့် လမ်းမတစ်လျှောက်နေထိုင်သည့် လူထုအပေါ်သော်လည်းကောင်း၊ ဖြစ်ပေါ်နိုင်သောများစွာသောရေရှည်ထိခိုက်မှုများ၏ အတိုင်းအတာကို ဖေါ်ထုတ်ဖြေရှင်းနိုင်ရန်အတွက်မလုံလောက်ပါ။ လမ်းမဆောက်လုပ်ရေးလုပ်ငန်းများမှ ထွက်ပေါ်လာသည့် လက်ငင်းထိခိုက်မှုကိုသာမဟုတ်ဘဲ ဒေသတစ်လျှောက်အတွင်း ဖြစ်ပေါ်နိုင်သည့် ရေရှည်ထိခိုက်မှုအတိုင်းအတာကိုလေ့လာဖေါ်ထုတ်ရန်အတွက် ESIA ခေါ် သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးအပေါ်ထိခိုက်မှုကိုလေ့လာသည့် ဆန်းစစ်လေ့လာမှုနှင့် SEA ခေါ် မဟာဗျူဟာမြောက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှု ဆန်းစစ်လေ့လာမှုများကို နှစ်ဦးနှစ်ဖက်ပြုထားသောကတိကဝတ် (Term of reference) နှင့်အညီ ပြည့်ပြည့်ဝဝဆောင်ရွက်သင့်သည်။

## ကုမ္ပဏီနှင့်လုပ်ငန်းစာချုပ်ချုပ်ဆိုသူများသို့ အကြံပြုချက်

၁၄. ပြည်သူလူထု၏အခွင့်အရေးနှင့်ပစ္စည်းဥစ္စာများကို လေးစားပါ။ ပြည်သူလူထု၏ အဆောက်အအုံ၊ ကောက်ပဲသီးနှံ၊ သို့မဟုတ် ရွှေ့ပြောင်းရေးနှင့်ပြန်လည်နေရာချထားရေးနှင့် ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း မသိရသေးသည့်အချိန်အထိ ပြည်သူများ၏မြေယာကို ဖျက်စီးနိုင်သည့် လုပ်ဆောင်မှုများကို ရှောင်ကြဉ်ပါ။

## မြန်မာအစိုးရ၊ မြန်မာစစ်တပ် နှင့် ကရင်နယ်ခြားစောင့်တပ်သို့ အကြံပြုချက်

၁၅. မြန်မာအစိုးရစစ်တပ်များသည် တစ်နိုင်ငံလုံး အပစ်ခတ်ရပ်စဲရေးသဘောတူညီမှုစာချုပ်ကို လေးစားကာ စီမံကိန်းနေရာအတွင်း စစ်မက်ဖြစ်ပွားစေနိုင်သည့်လုပ်ရှားမှုများကို ရပ်တန့်သင့်သည်။ တစ်ဖက်နှင့်တစ်ဖက် အကြား တင်းမာမှုဖြစ်အောင်ရန်ဆွခြင်းနှင့် ပြည်သူလူထုရှိရာ နယ်မြေအားပစ်မှတ်ထားခြင်းများကိုရှောင်ကြဉ်ပါ။ ဒေသခံလူထုအပေါ် ဆုံးရှုံးထိခိုက်နစ်နာစေမှုများကို ဆက်လက်မဖြစ်ပေါ်စေရန် ရှောင်ကြဉ်ပါ။ တွေ့ဆုံဆွေးနွေးမှုများအတွင်း သဘောတူခဲ့သော စစ်ဖက်ဆိုင်ရာလိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများနှင့် နယ်မြေကန့်သတ်ချက်များကို လေးစားလိုက်နာပါ။

## ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (ဒီကေဘီအေ) သို့ အကြံပြုချက်

၁၆. ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို လေးစားပါ။ ပြည်သူလူထု၏လုံခြုံရေးကို အန္တရာယ်ဖြစ်စေ သည့် လက်နက်ကိုင်အချင်းချင်း ရင်ဆိုင်ပစ်ခတ်မှုများကို ရှောင်ပါ။

၁၇. ဒီကေဘီအေအနေဖြင့် နယ်မြေအရှုပ်အရှင်းပြဿနာများကို အကြမ်းမဖက်သောနည်းများအသုံးချကာ ဖြေရှင်းသွားသင့်သည်။

## ကရင်အမျိုးသားအစည်းအရုံးသို့ အကြံပြုချက်

၁၈. ကရင်လူထုတစ်ရပ်လုံးကို ကာကွယ်ကိုယ်စားပြုသည့် အဖွဲ့အစည်းတစ်ခုအနေဖြင့် ကရင်အမျိုးသား အစည်းအရုံးသည် ၎င်း၏ပင်မတာဝန်များကို မမေ့လျော့သင့်ပါ။ အာရှအဝေးပြေးလမ်းမတစ်လျှောက်ရှိ မြေယာ၊ လူ့အခွင့်အရေး၊ နှင့်ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာအငြင်းပွားမှုများကို တရားမျှတစွာနှင့် ငြိမ်းချမ်းစွာဖြေရှင်းမှုပေးနိုင်ရန်အတွက် ၎င်း၏လုပ်ရပ်နှင့် ကိုင်တွယ်ဆောင်ရွက်မှုများသည် ကရင်အသိုင်းအဝန်း၏စိုးရိမ်ပူပန်မှုများအပေါ် အခြေခံရမည်ဖြစ်သည်။

# မှတ်တမ်း

## ကရင်ပြည်နယ်အတွင်းရှိ အာရှအဝေးပြေးလမ်းမအနီးဖြစ်ပွားခဲ့သော ပဋိပက္ခမှတ်တမ်းများ

| နံပါတ် | ရက်စွဲ | နေရာ | ပါဝင်သည့် အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၁၈၊ စက်တင်ဘာ၊ ၂၀၁၄ | အောင်ရွှေဘို ရပ်ကွက်၊ မြဝတီ | မြန်မာအစိုးရတပ်/ နယ်ခြားစောင့်တပ်နှင့် ဒီကေဘီအေ | ဒီကေဘီအေ စစ်သားများ မောင်းနှင်လာသော ကားကို မြန်မာစစ်တပ်ကမေးခွန်းမေးရန် တားဆီးချိန်တွင် ဒီကေဘီအေစစ်သားဖက်မှ ကားရပ်တန့်ရန်ငြင်းပယ်ခဲ့ခြင်းကြောင့် မြန်မာစစ်တပ်ဖက်က စတင်ပစ်ခတ်ခဲ့သည်။ ထို့ကြောင့် ဒီကေဘီအေစစ်သားတစ်ဦး သေဆုံးခဲ့ပြီးတစ်ဦးဒဏ်ရာရရှိခဲ့သည်။ |
| ၂ | ၂၇၊ စက်တင်ဘာ၊ ၂၀၁၄ | အောင်ရွှေဘို ရပ်ကွက်၊ မြဝတီ မြို့နယ်၊ ကရင်ပြည်နယ်၊ ကျိုက်မရော၊ မွန်ပြည် နယ် Kyaikmayaw, Mon State | မြန်မာစစ်တပ်နှင့်ဒီကေဘီအေ | ကရင်ပြည်နယ်၊ မြဝတီမြို့တွင် မြန်မာစစ်တပ်နှင့်ဒီကေဘီအေတို့အကြားတိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့သည်။ လုံခြုံရေးအတွက် ထိုင်း - မြန်မာချစ်ကြည်ရေးတံတားကိုပိတ်လိုက် ရသည်။ မွန်ပြည်နယ်၊ ကျိုက်မရောတွင်လည်း မြန်မာစစ်တပ်နှင့်ဒီကေဘီအေအကြားတိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့ကာ တိုက်ပွဲမှာရက်သတ္တပါတ်ပတ်ကြာခဲ့သည်။ |
| ၃ | ၇၊ အောက်တိုဘာ၊ ၂၀၁၄ | မိဖိုင်းတောင်ခြေ၊ ကော့ကရိတ် မြို့နယ် | ဒီကေဘီအေ နှင့် မြန်မာအစိုးရတပ် / နယ်ခြားစောင့်တပ် | မိဖိုင်းတောင်ခြေတွင် တိုက်ပွဲ စတင်သည်။ |
| ၄ | ၁၀ မှ ၁၇ ၊ အောက်တိုဘာ၊ ၂၀၁၄ | မိဖိုင်းတောင်ခြေ၊ ကန်ညီနောင်၊ ဝါးဘိုးတောင်၊ မဲ့သဝေါ၊ ကော့ကရိတ် မြို့နယ် | ဒီကေဘီအေနှင့် မြန်မာအစိုးရတပ် / နယ်ခြားစောင့်တပ် | မိဖိုင်းတောင်ခြေ၊ ကန်ညီနောင်၊ ဝါးဘိုးတောင်နှင့် မဲ့သဝေါတွင် တိုက်ပွဲများဖြစ်ပွားခဲ့သည်။ ကော့ကရိတ်မြို့နယ်အတွင်း၌လည်း အစိုးရတပ်နှင့်ဒီကေဘီအေအကြား တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့သည်။ ကန်ညီနောင်တွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားသည်။ ကန်ညီနောင်နှင့် ဝါပိုးတောင်ရှိ ရွာသူရွာသားများသည် လက်နက်ကြီးပစ်ခတ်မှုများကို ကြုံတွေ့ခဲ့ရသည်။ |
| ၅ | ၁၀ မှ ၁၁၊ အောက်တိုဘာလ၊ ၂၀၁၄ | ကောင်းမှုကျေးရွာ၊ ကော့ကရိတ်မြို့နယ် | ဒီကေဘီအေ နှင့် မြန်မာ အစိုး ရတပ် / နယ်ခြားစောင့်တပ် | ကောင်းမှုကျေးရွာတွင် မြန်မာအစိုးရတပ်နှင့် ဒီကေဘီအေတို့အကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ လက်နက်ကြီး ပစ်ခတ်မှုများကြောင့် မြဝတီ - ကော့ကရိတ်လမ်းမအနီး၊ အလယ်ဘိုးတောစခန်းအနားတွင် ပြည်သူလေးဦးသေဆုံးခဲ့သည်။ |
| ၆ | ၂၇ မှ ၂၈၊ အောက်တိုဘာလ၊ ၂၀၁၅ | ကော့ကရိတ်မြို့နယ် | ဒီကေဘီအေနှင့် မြန်မာအစိုးရတပ် / နယ်ခြားစောင့်တပ်အကြား။ မြန်မာစစ်တပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) အကြား။ | နယ်ခြားစောင့်တပ်နှင့် KNLA အကြားပစ်ခတ်မှုကြောင့် KNLA စစ်သားတစ်ဦး ကျဆုံးခဲ့သည်။ မြန်မာစစ်တပ်/နယ်ခြားစောင့်တပ်တို့ ပူးပေါင်းအဖွဲ့နှင့် ဒီကေဘီအေအကြားလည်း တိုက်ပွဲဖြစ်ပွားကာ ဒီကေဘီအေစစ်သားတစ်ဦး၊ နယ်ခြားစောင့်တပ်မှ စစ်သားနှစ်ဦးနှင့် မြန်မာစစ်တပ်မှ စစ်သားတစ်ဦး ကျဆုံးခဲ့သည်။ |

| နံပါတ် | ရက်စွဲ | နေရာ | ပါဝင်သည့် အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|
| ၇ | ၁၀ မှ ၁၁၊ မတ်လ၊ ၂၀၁၅ | ကော့ကရိတ်မြို့ အနား | မြန်မာစစ်တပ် နှင့်ဒီကေဘီအေ | မြန်မာစစ်တပ်က ဒီကေဘီအေ စခန်းသို့ လက်နက်ကြီးများဖြင့် စတင်ပစ်ခတ်သည်။ တိုက်ပွဲများ ရက်သတ္တအပါတ်ကြာမြင့်ခဲ့ပြီး ကရင်ပြည်နယ်ထဲရှိ အခြားဒေသများထဲသို့ ကူးစက်ပြန့်နှံ့ခဲ့သည်။ |
| ၈ | ၂ မှ ၆၊ ဇူလိုင်၊ ၂၀၁၅ | မြဝတီနှင့်ကော့က ရိတ်အကြား၊ တတန်ကူး၊ စင်ကုန်း ပိုင်းနှင့်ပျားပင် ကျေးရွာ။ | ဗိုလ်ကျော်သက်ဦးဆောင် သောဒီကေဘီအေအဖွဲ့ နှင့်မြန်မာစစ်တပ်။ | အာရှအဝေးပြေးလမ်းမဖွင့်ပွဲလုံခြုံရေးအတွက် ကော့ကရိတ်မြို့နယ်၊ အာရှလမ်းမတစ်လျှောက်ရှိ ဒီကေဘီအေစခန်းများကို ရှင်းလင်းရန် မြန်မာစစ်တပ်က ဆက်တိုက်ထိုးစစ်ဆင်ခဲ့သည်။ ကျေးရွာ ၅ ရွာမှ လူထု ၁၀၀၀ ကျော် နေရပ်စွန့်ခွာကာထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ထိုတစ်လလုံးအတွင်း တိုက်ပွဲများ ကွက်ကြားဖြစ်ပွားခဲ့ကာ ကရင်ပြည်နယ်ထဲရှိအခြားဒေသများထဲသို့ကူးစက်သွားခဲ့သည်။ |
| ၉ | ၆ မှ ၇၊ ဇူလိုင်၊ ၂၀၁၅ | မဲ့သဝေါကျေးရွာ၊ လှိုင်းဘွဲမြို့နယ် | မြန်မာစစ်တပ်နှင့် ဒီကေဘီအေခွဲထွက်အဖွဲ့ | မဲ့သဝေါကျေးရွာအနီးရှိ ဒီကေဘီအေစခန်းကို မြန်မာစစ်တပ်က တိုက်ခိုက်ခဲ့သည်။ တိုက်ပွဲကြောင့် ရွာသားနှစ်ဦး သေဆုံးခဲ့သည်။ |
| ၁၀ | ၁၇၊ ဇူလိုင်၊ ၂၀၁၅ | ကော့ကရိတ်မြို့နယ် | ဗိုလ်မှူးကြီးစောဆန်း အောင်ဦးဆောင်သည့် ဒီကေဘီအေခွဲထွက်အဖွဲ့ နှင့်မြန်မာအစိုးရတပ်/ နယ်ခြားစောင့်တပ် | ဒီကေဘီအေနှင့် နယ်ခြားစောင့်တပ်အကြား တိုက်ပွဲများဖြစ်ပွားကာ ရွာသူရွာသားများမှ ကော့ကရိတ်မြို့နှင့် အခြားနေရာများသို့ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ |
| ၁၁ | ၂၁၊ ဇူလိုင်၊ ၂၀၁၅ | ကော်သာဝါးတောင်၊ လှိုင်းဘွဲမြို့နယ် | မြန်မာစစ်တပ်နှင့် ဒီကေဘီအေခွဲထွက်အဖွဲ့ | ကျုံဒိုးမြို့အနီးတွင် မြန်မာတပ်ရင်းနှင့်ဒီကေဘီအေခွဲထွက်အဖွဲ့တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း ရွာသူရွာသားများကဆိုသည်။ |
| ၁၂ | ၂၉၊ ဩဂုတ်၊ ၂၀၁၅ | ကော့ကရိတ်မြို့နယ် | နယ်ခြားစောင့်တပ်နှင့် ဒီကေဘီအေခွဲထွက်အဖွဲ့ | နယ်ခြားစောင့်တပ်စခန်းရှိရာရွာသို့ ဒီကေဘီအေခွဲထွက်အဖွဲ့က လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။ |
| ၁၃ | ၈၊ အောက်တိုဘာ၊ ၂၀၁၅ | ကော့မူးကျေးရွာ၊ လှိုင်းဘွဲမြို့နယ် | မြန်မာအစိုးရတပ်/နယ်ခြားစောင့်တပ်နှင့် ဒီကေဘီအေ ခွဲထွက်အဖွဲ့ | လှိုင်းဘွဲမြို့နယ်အတွင်း နယ်ခြားစောင့်တပ်အင်အားတိုးများလာပြီး ရလဒ်အဖြစ် မြန်မာအစိုးရတပ်နှင့် ဒီကေဘီအေခွဲထွက်အကြား ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွား ခဲ့သည်။ |
| ၁၄ | ၂၃ မှ ၂၆၊ ဇန်နဝါရီ၊ ၂၀၁၆ | ကော့ကရိတ်မြို့နယ် | နယ်ခြားစောင့်တပ်နှင့် ဒီကေဘီအေခွဲထွက်အဖွဲ့ | ဒီကေဘီအေက ရွာသူရွာသားများအား ရွာမှ ယာယီရွှေ့ပြောင်းရန် သတိပေးခဲ့သည်။ ၎င်းနောက် နယ်ခြားစောင့်တပ်မှ ရွာသားများ၏အိမ် ၁၀ လုံးကို မီးရှို့ခဲ့သည်။ |
| ၁၅ | ၁၁၊ မတ်လ၊ ၂၀၁၆ | ပျားပင်ကျေးရွာ၊ ကော့ကရိတ်မြို့နယ် | ဒီကေဘီအေခွဲထွက်အဖွဲ့ နှင့် မြန်မာအစိုးရတပ် / နယ်ခြားစောင့်တပ် | မြန်မာစစ်တပ်နှင့်နှင့်နယ်ခြား စောင့်တပ်ဖက်မှ တပ်ရင်းနှစ်ရင်းစီပါဝင်သည့်အဖွဲ့နှင့် ဒီကေဘီအေအကြား ပစ်ခတ်မှုဖြစ်ပွားသည်။ |
| ၁၆ | ၄၊ ဩဂုတ်၊ ၂၀၁၆ | ကော့နွဲနှင့်တတန်ကူးကျေးရွာ၊ ကော့ကရိတ်မြို့နယ် | နယ်ခြားစောင့်တပ်နှင့် ဒီကေဘီအေခွဲထွက်အဖွဲ့ | နယ်ခြားစောင့်တပ်နှင့် ဒီကေဘီအေခွဲထွက်အဖွဲ့အကြား ပစ်ခတ်မှုဖြစ်ခဲ့သည်။ လက်နက်ကြီးပစ်ခတ်မှုကြောင့် ပြည်သူ ၄ ဦး ပြင်းထန်စွာဒဏ်ရာ ရခဲ့သည်။ |

## Sources:


1 http://karennews.org/2014/09/deadly-fighting-breaks-out-between-burma-army-and-karen-armed groups- border-crossing-closed.html/

2 http://www.irrawaddy.com/burma/heavy-fighting-erupts-near-myawaddy-residents-flee-homes.html;https://monnews.org/2014/09/29/heavy-fighting-breaks-dkba-govt-troops-residents-flee-safety/.

3 Karen Rivers Watch. Afraid to Go Home: Recent Violent Conflict and Human Rights Abuses in Karen State. 7 November 2014.

4 Karen Rivers Watch. Afraid to Go Home: Recent Violent Conflict and Human Rights Abuses in Karen State. 7 November 2014; http://kicnews.org/2014/10/ကော့ကရိတ်မြို့နယ်အတွင်-2/.

5 https://monnews.org/2014/10/13/artillery-mortar-fired-unknown-armed-group-kills-4-injures-twelve/; http:// www.irrawaddy.com/burma/fighting-karen-state-forces-villagers-flee.html.

6 http://khrg.org/2015/04/15-3-nb1/two-separate-clashes-between-armed-actors-kawkareik-township-dooplaya- district.

7 http://karennews.org/2015/03/dkba-and-burma-army-fighting-forces-kawkareik-traffic-to-a-standstill.html/.

8 http://khrg.org/2015/09/15-15-nb1/fighting-between-tatmadaw-and-dkba-soldiers-along-asian-highway-displaces.

9 http://khrg.org/2015/08/15-13-nb1/recent-fighting-between-tatmadaw-and-dkba-soldiers-leads-killing-and-displacement.

10 http://khrg.org/2015/09/15-15-nb1/fighting-between-tatmadaw-and-dkba-soldiers-along-asian-highway-displaces.

11 http://khrg.org/2015/09/15-15-nb1/fighting-between-tatmadaw-and-dkba-soldiers-along-asian-highway-displaces.

12 http://khrg.org/2016/07/16-20-s1/dooplaya-situation-update-kawkareik-township-august-october-2015.

13 http://www.irrawaddy.com/burma/dkba-splinter-group-clashes-with-bgf-in-karen-state.html.

14 http://www.irrawaddy.com/burma/dkba-splinter-group-govt-army-and-allied-bgf-clash-in-karen-state.html.

15 http://kicnews.org/2016/05/မြန်မာအစိုးရ-ပူးပေါင်းတ/.

16 http://www.dvb.no/news/dkba-bgf-clash-karen-state/69147.


# Endnotes

1 The Democratic Karen Buddhist Army formed in 1995 after splitting from the Karen National Union (KNU). A large majority of the original DKBA were transformed into a Myanmar Army-supported BGF in 2010. One faction refused to join the BGF and changed its name to the Democratic Karen Benevolent Army. In July 2015, a splinter faction of the Democratic Karen Benevolent Army was dismissed from its ranks after clashes with the Myanmar Army over control of the Asian Highway. On January 16th, 2016, this splinter faction re-established itself as the Democratic Karen Buddhist Army. Therefore, confusingly, there are now two groups using the acronym DKBA – the main 'Benevolent' DKBA and the splinter faction 'Buddhist' DKBA.

2 Articles 10 and 28 of the United Nations Declaration on the Rights of Indigenous People (UNDRIP) which Burma/Myanmar signed on September 13, 2007

3 http://www.unescap.org/sites/default/files/Mynamar.pdf

4 "สี่แสงฯ หุ้นส่วน บรรหาร คู่สัญญารัฐ 20 โครงการหมื่นล้าน" from http://www.108acc.com

5 Zhong N. & Jing, Shuiyu. CRBC on road to deals in Myanmar. http://www.chinadaily.com.cn/business/2016-07/08/content_26011138.htm

6 ADB's resettlement policies are described in Involuntary Resettlement Safeguards: A Planning and Implementation Good Practice Sourcebook, Asian Development Bank, November 2012 ("ADB Safeguards").

7 The Republic of the Union of Myanmar. National Land Use Policy. January 2016. Principle 7(e). English: http://faolex.fao.org/docs/pdf/mya152783.pdf. Burmese: http://www.burmalibrary.org/docs21/Government-of-Myanmar-2016-01-National_Land_Use_Policy-bu.pdf

8 Land Acquisition Law and Practice in Myanmar, Displacement Solutions, May 2015, p. 21.

9 ADB Safeguards, p. 2.;

10 International Finance Corporation. IFC Performance Standard 5: Land Acquisition and Involuntary Resettlement. January 2012, p. 1. http://www.ifc.org/wps/wcm/connect/3d82c70049a79073b82cfaa8c6a8312a/PS5_English_2012.pdf?MOD=AJPERES.

11 Compulsory acquisition of land and compensation, FAO Land Tenure Studies, 2008, p. 19 (“FAO Handbook”).

12 Resettlement and Ethnic Group Development Plan, p. 6. http://www.adb.org/projects/documents/gms-ewec-eindu-kawkareik-road-improvement-project-remdp. (“Resettlement Plan”).

13 Resettlement Plan, pp. 6-7.

14 ADB. Safeguard Policy Statement. 2009. http://www.adb.org/sites/default/files/institutional-document/32056/safeguard- policy-statement-june2009.pdf

15 Resettlement Plan, p. 30.

16 KHRG. The Asia Highway: Planned Eindu to Kawkareik Town road construction threatens villagers’ livelihoods, p.1

17 KHRG. The Asia Highway: Planned Eindu to Kawkareik Town road construction threatens villagers’ livelihoods, p. 2.

18 KHRG. The Asia Highway: Planned Eindu to Kawkareik Town road construction threatens villagers’ livelihoods, p. 3.

19 Resettlement Plan, p. 53.

20 Resettlement Plan, p. 30.

21 Resettlement Plan, p. 58.

22 Human Rights Watch, Feb. 2012, as cited in Myanmar at the HLP Crossroads, Displacement Solutions, Oct. 2012.

23 Resettlement Plan, p. 42.

24 Interview, 15 December 2015.

25 Resettlement Plan, p. 2.

26 Resettlement Plan, p. 1.

27 Voice of America. Trouble on the New Asian Highway in Myanmar, October 2015.

28 Khaing Sape Saw. 13 April 2015. “Tackling Myanmar’s Corruption Challenge.” Focus Asia Perspectives & Analysis, no. 13. Institute for Security & Development Policy. http://isdp.eu/content/uploads/publications/2015-khaing-corruption-myanmar.pdf. See also Trautwein, Catherine. 28 January 2016. “Close to bottom of corruption index but improving slightly.” Myanmar Times. http://www.mmtimes.com/index.php/national-news/nay-pyi-taw/18688-close-to-bottom-of-corruption-index-but-improving-slightly.html.

29 FAO Handbook, Housing and Property Restitution for Refugees and Displaced Persons, pp. 38-39. http://www.fao.org/3/a-ai131e.pdf; see also IFC Performance Standard 5 (stating that where livelihoods of displaced persons are land-based, they must be offered land-based compensation).

30 IFC Performance Standard 5: Land Acquisition and Involuntary Resettlement. January 2012. http://www.ifc.org/wps/wcm/connect/topics_ext_content/ifc_external_corporate_site/ifc+sustainability/our+approach/risk+management/performance+standards/environmental+and+social+performance+standards+and+guidance+notes.

31 ADB Safeguards, p. 58.

32 Khine Kyaw. New Myanmar govt faces test, The Nation, Apr. 1, 2016.

33 Resettlement Plan, p. 2.

34 Resettlement Plan, pp. 47-50.

35 Resettlement Plan, p. 52.

36 Resettlement Plan, p. 47.

37 ADB Safeguards, pp. 67, 73.

38 ADB Safeguards, p. 43

39 Summarized from ADB Safeguards, Article 141, pp. 50-51.

40 Resettlement Plan, p. 34

41 Resettlement Plan, p. 39.

42 ADB Concept Note for Eindu to Kawkareik Road Upgrade Project, p. 4.

43 Karen Peace and Support Network (KPSN). “Asian Highway project undermines peace in Karen State”. http://www.burmapartnership.org/wp-content/uploads/2015/07/KPSN-Asian-Highway-Statement-1.pdf

44 KHRG. “Fighting between Myanmar Army and DKBA soldiers along the Asian Highway displaces villagers in Dooplaya district, July 2015.” 3 September 2015.

45 Lawi Weng. DKBA Splinter Group, Govt Army and Allied BGF Clash in Karen State. 26 January, 2016. http://www.irrawaddy.com/burma/dkba-splinter-group-govt-army-and-allied-bgf-clash-in-karen-state.html.

46 http://kicnews.org/2016/01/ဘေးလွတ်ရာ-ရှောင်ရှားကြရ/

47 Social Impact Assessment, International Association for Impact Assessment, April 2015, p. 1.

48 Critique of Japan International Cooperation Agency’s Blueprint for Development in Southeastern Burma/Myanmar, Karen Peace Support Network, September 2014, p. 12.

49 Risk Assessment and Risk Management Plan, Asian Development Bank.

50 ADB Safeguards, p. 43.

51 Karen Peace Support Network. Asian Highway project undermines peace in Karen State, p. 2. 10 July 2015.

52 ADB. Accountability Mechanism Policy. 2012. http://www.adb.org/sites/default/files/institutional-document/33440/files/accountability-mechanism-policy-2012.pdf.



သက်န်းညီနောင်နှင့်ကော့ကရိတ်အကြားရှိ အာရှအဝေးပြေးလမ်းမအား ဆောက်လုပ်နေစဉ် (ဓတ်ပုံ - KESAN)

THWEE လူထုဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်သည် အကျိုး အမြတ်မမျှော်ကိုးသည့် ဒေသတွင်းလူမှုအခြေပြု လူထုအဖွဲ့အစည်းတစ်ခုဖြစ်သည်။ ၎င်းသည် လူမှုရေးပိုင်းဆိုင်ရာပြောင်းလဲရေး၊ တရားဥပဒေ စိုးမိုးရေး၊ လူ့အခွင့်အရေးနှင့် ရေရှည်တည်တံ့ သောဖွံ့ဖြိုးတိုးတက်မှုများအတွက်လှုပ်ရှားဆောင် ရွက်နေသောအဖွဲ့ဖြစ်သည်။ ၎င်းသည် လူထုအခြေပြုသုတေသနများအပြင် အရည်အသွေးမြင့်တင်ရေးသင်တန်းများနှင့် လူထုအမြင်ဖွင့်သင်တန်းများကို ပို့ချပေးလျက် ရပ်ရွာလူထု၏ လိုအပ်မှုကို ဖြည့်ဆည်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသော အဖွဲ့ဖြစ်သည်။

ကရင်လူ့အခွင့်အရေးအဖွဲ့သည် လွတ်လပ်သောအဖွဲ့အစည်းတစ်ခုဖြစ်ကာ ဒေသခံပြည်သူများအနေဖြင့် တွေ့ကြုံခံစားနေရသောအဖြစ်အပျက်များ နှင့်လူ့အခွင့်အရေးချိုးဖေါက်ခံရမှုများကို စုဆောင်းမှတ်တမ်းယူနိုင်ရန် သင်တန်းပို့ချပေးခြင်းနှင့် လိုအပ်သည့်အထောက်အကူပစ္စည်းများပံ့ပိုးပေးလျှက် ရှိသည်။ ထို့အပြင် ရရှိသည့်သတင်းအချက်အလက်များကို ဖြန့်ဝေပေးခြင်းနှင့် ချိုးဖေါက်မှုများကို ကာကွယ်လျှက်ရှိသည့် ရွာသားများ၏နည်းဗျူဟာများ ပိုမိုကောင်းမွန်စေရန် ၎င်းတို့နှင့် ပူးပေါင်းလုပ်ဆောင်မှုများလုပ်ခြင်းဖြင့် မြန်မာပြည်ရှိ လူ့အခွင့်အရေးအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းလျှက်ရှိပါသည်။ ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့်ပြည်သူလူထု၏မိမိကိုယ်ကို ကာ ၏ကွယ်သောနည်းဗျူဟာများအား ထောက်ခံအားပေးရန်ကိုလည်း KHRG က တိုက်တွန်းပါသည်။

ကရင်သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာလှုပ်ရှားမှုကွန်ရက် (KESAN) သည် ကရင်ပြည်နယ်အတွင်း ဌာနေတိုင်းရင်းသားလူထု၏ အသိပညာနှင့် အခွင့်အရေးများကို အသိအမှတ်ပြုလေးစားရန်နှင့် လူထုအသက်မွေးဝမ်းကြောင်းလုံခြုံမှု အားကောင်းစေရန်အတွက်လုပ်ရှားနေသော အမြတ်အစွမ်း မမျှော်ကိုးသည့် စိုးရိမ်မပတ်သော လူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်သည်။

အာရှလမ်းမစီမံကိန်းများသည် ကရင်ပြည်နယ်အတွင်းရှိ ကျေးလက်နေရပ်ရွာလူထုအတွက်အကျိုးကျေးဇူးများယူဆောင်လာပေးနိုင်သည့်အလားအလာများစွာရှိပါသော်လည်း စီမံကိန်းအား ဒီမိုကရေစီစနစ်ကျကျနှင့်ပွင့်လင်းမြင်သာမှုရှိစွာဖြင့် အကောင်အထည်ဖော်မှသာ ထိုကဲ့သို့ အကျိုးအမြတ်များကိုရမည်ဖြစ်သည်။ လက်တွေ့တွင်မူ နေရာရွှေ့ပြောင်းခြင်းခံရမှုများစွာဖြစ်ပွားလျက်ရှိနေသော ပဋိပက္ခဇုန်များနှင့် ရွာသူရွာသားများ၏အခွင့်အရေးလွယ်ကူစွာ ချိုးဖေါက်ခြင်း ခံရနိုင်သောနေရာများတွင် ဒေသခံရပ်ရွာလူထုများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအား သတင်းအချက်အလက်များ ပွင့်လင်းမြင်သာစွာချပြခြင်းမရှိဘဲ သတင်းများကိုဖုံးကွယ်ထိမ်ချန်ကာ အဆိုပါစီမံကိန်းများကိုအကောင်အထည်ဖေါ်နေကြသည်။ ကရင်ပြည်နယ်အတွင်းပြုလုပ်မည့် အကြီးစားစီမံကိန်းများသည် ပြည့်ဝသောငြိမ်းချမ်းရေးသဘောတူညီချက်များရရှိပြီး ဒီမိုကရေစီအခွင့်အရေးကိုအာမခံသော ဗဟိုချုပ်ကိုင်မှု လျှော့ချသည့် ဖယ်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ပြီးသည့်အချိန်အထိ စောင့်သင့်သည်။ ၎င်းအစား အာရှအဝေးပြေးလမ်းမစီမံကိန်းပြုလုပ်လိုသူများသည် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုမှရရှိမည့် ကြီးမားသည့် အမြတ်အစွန်းအလားအလာများ၏တွန်းအားဖြင့် အွန္တရယ်ရှိသည့်စီမံကိန်းအား မြန်မြန်ဆန်ဆန်ပြီးစီးစေရန် လျှင်မြန်စွာအကောင်အထည်ဖေါ်ခဲ့ကြသည်။

*ကရင်ငြိမ်းချမ်းရေးအထောက်အကူပြု ကွန်ယက်*

*အာရှအဝေးပြေးလမ်းမစီမံကိန်းသည် ကရင် ပြည်နယ်အတွင်း ငြိမ်းချမ်းရေးအားထိခိုက်လျော့ပါးစေသည်။ ဇူလိုင်လ ၁၀ ရက်၊ ၂၀၁၅*



Thwee Community Development Network

KHRG Karen Human Rights Group
Documenting the voices of villagers in rural Burma

KESAN